# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မင်္ဂဖိုလ်အကျိုးကို ရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 6 January 2020 ၉၈၈၆


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၅ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်) တနင်္လာနေ့ ၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် (၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၅ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ ၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃ ၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် ( ၁/၂၀၂၀)
၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၅ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃ ၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်) တနင်္လာနေ့၊ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

# ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

**ခင်းကျင်းပြသထား**

ယနေ့ပြပွဲတွင် နံနက်ပိုင်းမှ စတင်၍ ပြည်တွင်းရတနာ ကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုရွေးချယ်၍ဈေးနှုန်းအဆိုပြုလွှာများကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



# မန္တလေးမြို့မှ မြန်မာ့ရိုးရာရွှေထီးလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေ

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့တွင် မြန်မာ့ရိုးရာ ပန်းဆယ်မျိုးနှင့်အတူ အခြားလက်မှုလုပ်ငန်းများကို တွင်ကျယ်စွာပြုလုပ်ပြီး ဒေသအနှံ့ ဖြန့်ချိပေးလျက်ရှိသည်။ မြန်မာ့ရိုးရာ ရွှေထီးလုပ်ငန်းလုပ်ကိုင်သူများမှာလည်း တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရရှိလျက်ရှိသည်။ ရွှေထီးလုပ်ငန်းလုပ်ကိုင်သူများမှာ ကိုယ်ပိုင်လက်မှုလုပ်ငန်းများဖြစ်ပြီး ဝါးဖြင့်ပြုလုပ်သော လုပ်ငန်းပင်ဖြစ်သည်။ ရွှေထီးများကို မဟာမုနိဘုရားကြီးအနီးတစ်ဝိုက်ရှိ ရပ်ကွက်များနှင့် ပုသိမ်ကြီးမြို့နယ် ကလိမ်ရွာတွင် အများဆုံးပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪




## ကြေးမုံ

# ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုလွှမ်းခြုံ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲအသီးသီးတို့က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

နိုင်ငံအသီးသီးမှပေးပို့ခဲ့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများအပေါ် သုံးသပ်ရှုမြင်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်၍ အကောင်းမြင်စိတ်ထားများထားရှိကာ အရှိကိုအရှိအတိုင်း ထုတ်ဖော်ပြောဆိုကြခြင်းဖြစ်သည်။ နှစ်စဉ်လွတ်လပ်ရေးနေ့သို့ ရောက်တိုင်း ပြုလုပ်နေကျ သဝဏ်လွှာများပေးပို့ကြခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် နိုင်ငံအသီးသီးတို့၏ မြန်မာနိုင်ငံအပေါ်ရှုမြင်သည့် သဘောထားဆန္ဒများကို ထင်ဟပ်ဖော်ပြလာကြသည်မှာ ယခုနှစ်တွင် ပိုမိုထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက နှစ်နိုင်ငံဆက်ဆံရေးကို မြင့်မားစွာတန်ဖိုးထား၍ နှစ်နိုင်ငံအဆင့်မြင့် ဆက်ဆံရေး ထိန်းသိမ်းရန်၊ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်ရေး တွန်းအားပေးရန်၊ လူမှုနှင့်ယဉ်ကျေးမှုဖလှယ်ရေး တိုးချဲ့စေရန်၊ Multilateral ကဏ္ဍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်၊ တရုတ်-မြန်မာဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး အနှစ်သာရများကြွယ်ဝစေရန် အဆွေတော်နှင့်အတူ ကြိုးပမ်းအားထုတ်သွားမည်ဟု လည်းကောင်း။

အမေရိကန်ပြည်ထောင်စုသမ္မတက ပိုမိုငြိမ်းချမ်းသော၊ အားလုံးပါဝင်သော၊ ဒီမိုကရေစီနည်းလမ်းကျသော၊ ကြွယ်ဝချမ်းသာသော၊ လူ့အခွင့်အရေးနှင့် ပြည်သူပြည်သားအားလုံး၏ စဉ်ဆက်မပြတ်ထိန်းသိမ်းထားသည့် ဂုဏ်သိက္ခာအား တန်ဖိုးထားပြီး စီးပွားရေးခိုင်မာတောင့်တင်းသောနိုင်ငံဖြစ်ရန် လိုလားသည့် မြန်မာပြည်သူ ပြည်သားများအားလုံးကို အမေရိကန်ပြည်ထောင်စုမှ ဆက်လက်ထောက်ခံမည်ဟု လည်းကောင်း။ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ဂျပန်နိုင်ငံအနေဖြင့် ဆက်လက်ကူညီထောက်ပံ့သွားမည် ဖြစ်ပြီး နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်သွားမည်ဟု လည်းကောင်း။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတက မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အထူးအလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ဖြင့် ထူးခြားစွာပုံဖော်ထားသော မိတ်ဖက်ဆက်ဆံရေး ဖြစ်ပါသည်။ မိမိတို့နှစ်နိုင်ငံ၏ ခိုင်မြဲသောဆက်ဆံရေးသည် နောင်လာမည့် နှစ်ကာလများတွင် ပိုမိုအားကောင်းခိုင်မြဲလာလိမ့်မည်ဟု လည်းကောင်း။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မျှဝေခံစားခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား အပြုသဘောဆောင်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများပိုမိုဖွံ့ဖြိုးတိုးတက်လာကာ အာရှ-ပစိဖိတ်ဒေသ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် ပိုမိုခိုင်မာလာပြီး နှစ်နိုင်ငံပြည်သူများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု လည်းကောင်း။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတက နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်တို့သည် မရှိမဖြစ်လိုအပ်ပါသည်။ ယခုနှစ်တွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။ မြန်မာပြည်သားအားလုံးအတွက် ပြည်တွင်းငြိမ်းချမ်းရေးကို မကြာမီကာလတွင် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု လည်းကောင်း စသည့်ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာနိုင်ငံ၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ကြောင်း ဆုတောင်းမေတ္တာပို့သကြရုံသာမက မြန်မာနိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေး၊ နှစ်နိုင်ငံအကျိုးစီးပွားတိုးတက်လာရေးတို့ကို ဆန္ဒအမှန်ဖြင့် ထုတ်ဖော်ပြောကြားလာကြပါသည်။

သို့ဖြစ်ရာ ရေခံမြေခံကောင်းများရှိသော အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အထူးသဖြင့် မိတ်ကောင်းဆွေကောင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အကျိုးတူနိုင်ငံများနှင့်အတူ ရှေ့ဆက်၍ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်သည်ထက်တိုးတက်၊ ခိုင်မာသည်ထက်ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်ပေါ်လာအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာ များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ် - ၁၂ (I – 12)သို့ ဇန်နဝါရီ ၂၅ ရက် (စနေနေ့)ထက်မစော၊ ဇန်နဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I – 19 (အိုင် – ၁၉)သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်ထက်မစော၊ ၂၆ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်မည်



**ပျော်ဘွယ် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ကျေးရွာ ၁၁ ရွာတွင် သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဝင်းစံထံမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာ ၁၁ ရွာကို ယခုဘဏ္ဍာနှစ်တွင် စက်ရေတွင်းတူးဖော်ခြင်း၊ မြေသားရေကန် ပြုပြင်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေရရှိရေး ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သောက်သုံးရေရှားပါးတဲ့ ကျေးရွာတွေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီတွေနဲ့ ကျေးရွာမှ တင်ပြတောင်းဆိုလာမှုတွေကို ဦးစားပေးရွေးချယ်ပြီး ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် ကြိုးစားလုပ်ဆောင်နေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ပြောသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ကျေးရွာ ၁၁ ရွာမှာ ဘိုကုန်း၊ စိုင်ချိုနက်၊ အောင်ချမ်းသာ၊ နတ်မြောင်း၊ မဲကုန်း၊ ငှက်ပျောတော၊ သိမ်ကုန်း(မ)၊ ဖောင်းတော၊ ပန်းတော၊ ကျောက်ချပ်၊ ဒဟတ်တန်း ကျေးရွာများတွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ကျော်ဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြိုးထက်အောင်(ပျော်ဘွယ်)**

ရော်ဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈ )ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ရော်ဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့ ။

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# နီပေါခရီးသွားနှစ် ၂၀၂၀ ဖွင့်ပွဲအခမ်းအနားနှင့် ခရီးသွားဝန်ကြီးများအစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၅**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်အဖွဲ့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဇန်နဝါရီ ၁ ရက်တွင် ကျင်းပသည့် နီပေါခရီးသွားနှစ် ၂၀၂၀ ဖွင့်ပွဲအခမ်းအနားနှင့် ခရီးသွားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။



**တက်ရောက်**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ Baluwater ရှိ Prime Minister's Residence ၌ ကျင်းပသည့် Tourism Ministerial Meeting 2020 သို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အိန္ဒိယနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန၊ ဂျမေကာနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန၊ နီပေါနိုင်ငံ ယဉ်ကျေးမှုခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘူတန်နိုင်ငံ Tourism Council of Bhutan နှင့် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီးဌာနတို့မှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ Tourism Ministerial Meeting 2020 သည် Sustainable Tourism Through Preservation of Natural and Cultural Heritage ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများ၏ ဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးဖလှယ်နိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းထုတ်ကုန်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားထုတ်ကုန်များ ထိန်းသိမ်းရေးတို့ ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ Sasharah Stadium ၌ ကျင်းပသည့် နီပေါခရီးသွားနှစ် ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားကို နီပေါနိုင်ငံ သမ္မတမစ္စစ်သီဒီယာဒေဗီဘဏ်ဒါရီ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျမေကာနိုင်ငံ၊ မြန်မာနိုင်ငံတို့မှ ခရီးသွားဝန်ကြီးများ၊ နီပေါနိုင်ငံရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံများ၏ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ မီဒီယာအဖွဲ့အစည်း ၄၀ ကျော်တို့ ပါဝင်တက်ရောက်ခဲ့ပြီး နီပေါနိုင်ငံ ယဉ်ကျေးမှုခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန Nepal Tourism Board တို့က ၂၀၂၀ တွင် နီပေါနိုင်ငံသို့ ခရီးသွား နှစ်သန်းဝင်ရောက်ရန်ရည်ရွယ်၍ ခရီးစဉ်ဒေသအသစ် ၁၀၀ ရောင်းချရေးအစီအစဉ်များကို မိတ်ဆက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်တော်ရှိ မြတ်စွာဘုရားအလောင်း ဖွားမြင်တော်မူရာနေရာ၊ မာယာဒေဝီရေသနံ့စင်ရာနေရာ၊ မြန်မာရွှေကျောင်းတော်တို့သို့ သွားရောက်လှည့်လည်ကြည့်ရှုခဲ့ရာ နီပေါနိုင်ငံ ပြည်နယ်အမှတ်(၅) ခရီးသွားဝန်ကြီး Mr. Leela Gini နှင့် Lumbini Development Trust မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နီပေါနိုင်ငံ ပြည်နယ်အမှတ်(၅) ခရီးသွားဝန်ကြီး Mr. Leela Gini နှင့်တွေ့ဆုံ၍ နီပေါခရီးသွားနှစ် ၂၀၂၀ အတွင်း မြန်မာနိုင်ငံမှ ခရီးသွားအေဂျင်စီများနှင့်ပူးပေါင်း၍ လုမ္ဗိနီဒေသအား ခရီးစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ မော်တော်ယာဉ်တန်း ဖြတ်ကျော်ခရီးစဉ်များ ဆောင်ရွက်မည့်အစီအစဉ်များ၊ တိုက်ရိုက်လေကြောင်း ပျံသန်းရေးကိစ္စရပ်များ၊ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်၊ မြန်မာနိုင်ငံ ပုဂံ၊ နီပေါနိုင်ငံ လုမ္ဗိနီနှင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတို့ ပါဝင်သည့် Buddhist Pilgrimage Circuit ခရီးစဉ်များ ဆောင်ရွက်ရေး၊ တရားရိပ်သာများမြှင့်တင်ရေး၊ ခရီးစဉ်များ စီစဉ်ရေးဆွဲရေးတို့ကို ဆွေးနွေးခဲ့ပြီး နီပေါနိုင်ငံ ခရီးသွားစွဲဆောင်မှုတစ်ခုဖြစ်သည့် Mt. Everest ပတ်ဝန်းကျင်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ **ကျောက်မျက်ရတနာမှ**

သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခုရောင်းချပွဲကို ဇန်နဝါရီ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲအမှတ် (၁၂၅၁) မှ အတွဲအမှတ် (၂၅၀၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ ကို ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ်(၂၅၀၁) မှ အတွဲအမှတ်(၃၆၉၅)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၉၅ တွဲကို ဇန်နဝါရီ ၇ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**၁၁၉၂ တွဲ ရောင်းချနိုင်ခဲ့**

ယခုရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ကျော် လာရောက်ခဲ့ပြီး ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချပေးခဲ့ရာ ၁၁၉၂ တွဲ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား လွတ်လပ်စွာ စိတ်ကြိုက်ကြည့်ရှုရွေးချယ်ဝယ်ယူနေမှုအခြေအနေများကို ကြည့်ရှုရာ ပြပွဲဗဟိုကော်မတီဝင်များနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**မော်စီ(သတင်းစဉ်)**




---



✪ **ရွှေဖုံးမှ**

မြန်မာ့ရိုးရာ ရွှေထီးပြုလုပ်ရန်အတွက် တင်းဝါးများကို အသုံးပြုရသည်။ ထီးပြုလုပ်ရန်အတွက် တင်းဝါးအရှည်ကို ဝယ်ယူပြုလုပ်ခြင်းထက် ဝါးနှင့် ထရံဆိုင်များမှ ပယ်သားအတိုကို အပုံပြတ်ဝယ်ယူကာ လုပ်ကိုင်မှုများပြားသည်။ ဝယ်ယူပြီးသောဝါးများကို လိုအပ်သည့် ပေအတိုင်းအတာများရစေရန် ဖြတ်ပေးရသည်။ အများစုမှာ ထီးအရွယ်အစားအလိုက် ၁၄ လက်မ၊ ၁၅ လက်မ၊ ၁၆ လက်မမှ ၁၈ လက်မအထိ တိုင်းတာကာ ဖြတ်ကြရသည်။ ဝါးကိုဖြတ်ပြီးသည်နှင့် ဓားဖြင့်ခြမ်းကာ ထီးအလက်နှင့် ဒေါက်စိပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြရသည်။ ထီးအလက်နှင့် ဒေါက်များရရှိသည်နှင့် အပေါ်မှ ဝါးကျောများကို ဖယ်ထုတ်ပစ်ကြရသည်။ ဝါးကျောပါဝင်နေပါက ကော်မစွဲသည့်အတွက် ဝါးကျောဖယ်ထုတ်ရခြင်းပင်ဖြစ်သည်။

**လုပ်ငန်းပိုင်းနှစ်ပိုင်း ပြုလုပ်ရ**

ထိုအလက်နှင့် ဒေါက်များကို သရော်သား၊ လက်ပံသားဖြင့် ပြုလုပ်ထားသည့် ထီးခေါင်းနှင့် အောက်ခံအချာတွင် ဒေါက်ပေါက်အလက်ပေါက်များ ဖောက်ကာ ချိတ်ဆက်ပေးကြရသည်။ အများစုမှာ ၃၆ လက် ၃၆ ပေါက်ပါရှိသည်။ ဒေါက်များ၊ အလက်များ တပ်ဆင်ပြီးပါက အပ်ချည်ကြိုးဖြင့် သီကြရသည်။ အပ်ချည်ဖြင့် သီဖွဲ့ရာတွင် ငါးချောင်းခြားကာ နှစ်ချောင်းပူးအနေအထားဖြင့် သီဖွဲ့ကာ ရက်လုပ်ကြရသည်။ ဒေါက်အထိုင်နှင့် အချာများကိုလည်း ကြိုးများဖြင့် ရစ်ပတ်ကာ ရက်လုပ်ကြရသည်။ မြန်မာ့ရိုးရာ ရွှေထီးပြုလုပ်ရာတွင် အကြမ်းထည် ပြုလုပ်ခြင်းနှင့် အနက်ထည်ပြုလုပ်ခြင်းဆိုသော လုပ်ငန်းပိုင်းနှစ်ပိုင်း ပြုလုပ်ရသည်။

**တစ်နေ့လျှင် ထီးအလက် ၂၀ ကျော် ပြီး**

လက်ရှိကာလတွင် မြန်မာ့ရိုးရာ ရွှေထီးအကြမ်းထည် လုပ်ကိုင်သူတစ်ဦး တစ်နေ့လျှင် ထီးအလက် ၂၀ ကျော်ပြီးသည်။ အကြမ်းထည်ရွှေထီးတစ်လက်လျှင် ငွေကျပ် ၉၀၀ ဖြင့် ဖောက်သည်ပေးကြရသည်။ အကြမ်းထည်သမားများက အနက်ထည်နှင့် ရွှေထီးများပြုလုပ်ကာ ရွှေချပြီး ပြန်လည်ရောင်းချရသည်။ လက်ရှိကာလ မန္တလေးမြို့တွင် မြန်မာ့ရိုးရာ ရွှေထီးအကြမ်းထည် ပြုလုပ်သူများ တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း ရွှေထီးပြုလုပ်သူ ကိုမင်းကြိုင်ထံမှ သိရသည်။ **နွေနဒီ(မြစ်ငယ်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**ယမန်နေ့မှအဆက်**

### ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပဏ္ဍိတ၊ ကံကြီးသာသနာ့ဗိမာန်ကျောင်းတိုက်၊ ယွန်းတန်းရပ်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဓမ္မသာရ၊ နွံ့ရိုးတောရဓမ္မရိပ်သာကျောင်းတိုက်၊ ဆင်တိုင်းကန်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တတိက္ခာနန္ဒ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ စက်ကွေ့ရပ်ကွက်၊ မြစ်ငယ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဥတ္တမသာရ၊ ဠဋ္ဌကာရာမ(တိုက်)ကျောင်း၊ ဘိုးနက်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်
၅။ ဘဒ္ဒန္တနန္ဒိယ၊ ရွှေပွင့်ဖြူမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တစိန္တိတ၊ စံရာတိုက်၊ ရေဝန်းကျောင်း၊ မြို့မရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တခေမိန္ဒ၊ ချမ်းမြေ့သာယာကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးထွန်းဖေ၊ အမှတ်(၂၉၃/C)၊ ဝေဇယန္တာလမ်းနှင့် (၁၀)လမ်းထိပ်၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ဦးကိုကိုထွေး၊ အမှတ်(၁၉)၊ ကံ့ကော်ဖြူခြံ၊ မဟာမြိုင်လမ်း၊ ကျွန်းတောအလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးမောင်သိန်း၊ အမှတ်(၄၆/E)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဦးသိန်းဟန်၊ အမှတ်(၅၂၀)၊ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဦးဇော်မိုးခိုင်၊ အမှတ်(၅၂၅/ဘီ)၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ်(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးဇော်ဝင်းထွန်း၊ အမှတ်(A-6)၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးဝိတ်၊ အမှတ်(၄၂)၊ မြေနုလမ်း၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဦးစိုင်းမျိုးဝင်း၊ အမှတ်(၈၁-ဒီ)၊ အင်းယားမြိုင်စုပေါင်းလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်တင်မေလတ်၊ အမှတ်(၆၈/ဃ)၊ (၃၄)လမ်း၊ ၇၈x၇၉ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်ချောချော (ခ)ဒေါ်အေးချော၊ အကွက်(၆၆၁) ၊ (၇၉)လမ်း၊ ၃၉x၄၀ လမ်းကြား၊ မှန်တန်းရပ်၊ ဟေမမာလာတောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဒေါ်စမ်းစမ်း၊ အမှတ်(၁၅)၊ အကွက်(၃၃)၊ (၉)လမ်း၊၇၆ x ၇၇ လမ်းကြား၊ လှည်းတန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်လှလှဝေ၊ အမှတ်-၂၇၃(က)၊ (၈၀)လမ်း၊ ၃၂ x ၃၃ လမ်းကြား၊ ကဥ္စနမဟီ ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ရင်ရှင်၊ အမှတ်-မ(၂)၊ (၄-ဃ/၅-င)၊ (၆၃)လမ်း၊ သိပ္ပံလမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်မြင့်မြင့်နွယ်၊ အမှတ်(၃၄၆)ဘီ၊ (၈၄)လမ်း၊ ၃၉ x ၄၀ လမ်းကြား၊ မဟာ အောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်တင်(ခ)ဒေါ်တင်တင်၊ အမှတ်(၁၀၅)၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဒေါ်ခင်သန်းမြင့်၊ အမှတ်(၉၈)၊ ကမ္ဘာအေးစေတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဒေါ်ခင်ဝါဝါ၊ အမှတ်(၃၆)၊ သီရိမင်္ဂလာလမ်းသွယ်(၅)လမ်း၊ ဗဟိုလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဒေါ်လွင်လွင်ဝေ၊ အမှတ်(၄၁၁ခ)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဒေါက်တာခင်ခင်ရီ၊ အမှတ်(၅၃)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်ခင်ညွန့်၊ အမှတ် (၇၅)၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်လယ်လယ်အောင်၊ အမှတ်(၄၄)၊ ပန်းဝါလမ်း၊ အမှတ်(၃၀)ရပ်ကွက်၊ ဗိုလ်ချုပ်ရွာသစ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်မီမီစိန်၊ အမှတ်(၃၀)၊ သီရိမင်္ဂလာလမ်းသွယ်(၅)လမ်း၊ ဗဟိုလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်တင်လတ်မင်း၊ အမှတ်(၁၀)၊ ရတနာမွန်(၃)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဒေါ်နန်းခင်မြင့်ရီ၊ အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါ်စိုးသန္တာ၊ အမှတ်(၂၇၄)၊ (ခ/၈)လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါ်ချိုမာလွင်၊ အမှတ်(၉၄)၊ ဦးဘချိုလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကျော်စွာဝင်း(ခ) ဦးမြကျော်စွာဝင်း၊ တိုက်(၃၃)၊ (၂၅)လမ်း၊ ၈၁ x ၈၂ လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးအောင်တိုး၊ အမှတ်(ဃ-၂၄)၊ အကွက်(၆၄၉)၊ ၃၄ x ၃၅ လမ်းကြား၊ ၇၈ x ၇၉ လမ်းကြား၊ ရွှေချည်ထိုးရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးအောင်လွင်အေး၊ အမှတ်(၁-ဆ)၊ (၂၇)လမ်း၊ ၆၅ x ၆၆ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဦးတင်ဝင်းညို၊ အမှတ်(၈၀/အေ)၊ တောင်ဝိုင်းလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၅။ ဦးမိုး၊ အမှတ်(၃၅၆)၊ မေခါဝီလမ်း၊ (ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ပါမောက္ခဒေါက်တာကြည်စိုး၊ အမှတ်(၅၈/၄)၊ အင်းယားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါက်တာမောင်မောင်ဦး၊ အမှတ်(၅၁)၊ နာနတ်တောလမ်း၊ အမှတ်(၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဦးဇော်ဝင်း၊ အမှတ်(၇၃)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးဟန်ရှင်၊ အမှတ်(၁၆)၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ်(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဦးကျော်စိုးဦး၊ အမှတ်(၂၈)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဦးကျော်သူ၊ အမှတ်(၆၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဦးမောင်မောင်၊ အမှတ်(၂)၊ ကြယ်စင်လမ်း၊ ရပ်ကွက်(၂)၊ လောက်ကိုင်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်
၁၃။ ဦးမျိုးမင်းဇော်(ခ) ဦးစိုင်းဘိုဘို၊ အမှတ်(၄)၊ မေတ္တာလမ်း၊ သီရိမဟာရပ်၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

### သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ဆွေဆွေဦး၊ အမှတ်(၃၀၁၁၉)၊ ရွှေသပြေလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
၂။ ဒေါ်တင်အုန်း၊ အမှတ်(၂၀)၊ နိဗ္ဗာန်လမ်း၊ ဒေါင်းလှရပ်၊ အမှတ်(၂)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဒေါ်သင်းသင်း၊ အောင်မြင်သူလမ်းသွယ်၊ ၂၂ x ၂၃ လမ်းကြား၊ ၈၆ x ၈၇ လမ်းကြား၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ခင်ရွှေ၊ အမှတ်(၁၂၃)၊ (၃၄)လမ်း၊ ၇၇ x ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ခင်အုန်းမြင့်၊ ရွှေသူဌေးရပ်၊ ကူမဲမြို့၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်ကြည်ကြည်မြင့်၊ အမှတ်(မ - ၅၉/၁၂)၊ (၅၉)လမ်း၊ ၃၇ x ၃၈ လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်ခင်ဝင်းဆွေ၊ အမှတ်(အ/သ-၉)၊ စစ်ကိုင်း-မန္တလေးလမ်း၊ သိမ်ကြီးရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဒေါ်ခင်စန်းလွင်၊ (၃၅)လမ်း၊ ၈၀ x ၈၁ လမ်းကြား၊ ကျားလျှောဝင်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်ခင်ပြုံးယဉ်(ခ)မငယ်၊ အမှတ်(၁၄၄)၊ အကွက်(၅၅၆)၊ (၃၄)လမ်း၊ ၈၀x၈၁ လမ်းကြား၊ အောင်နန်းအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်ထွေးထွေး(ခ)ဒေါ်ရီရီထွေး၊ အမှတ်(၁၂၄)၊ (၇၃)လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါ်သိန်းသိန်းနိုင်၊ အမှတ်(၄၅+၅၆)၊ ဟ-၁၁၊ (၆၂)လမ်း၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဒေါက်တာဌေးဌေးခိုင်၊ အမှတ်(၁၃၈)၊ အကွက်(၇၀၆)၊ (၇၅)လမ်း၊ ၃၂ x ၃၃ လမ်းကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဒေါ်ခင်အုန်း၊ အမှတ်(၁၂၃)၊ ဝေသာလီလမ်းနှင့် (၇၁)လမ်းထောင့်၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဒေါ်နွယ်နီသိန်း၊ အမှတ်(၃၉)၊ (၇၃)လမ်း၊ ၂၇x၂၈ လမ်းကြား၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဒေါ်ယဉ်ထွေး၊ အမှတ်(၁၁/ဂျေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဒေါ်ခင်စိုးရီ၊ အမှတ်(၃၁၄)၊ အလုံလမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါ်ခင်ခင်စု၊ အမှတ်(၁၆)၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ်(၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါ်ကြည်ခင်၊ အမှတ်(၁၈/စီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါ်တင်လေးကြည်၊ အမှတ်(၄၅)၊ (၁၁)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဒေါ်စန်းစန်းရီ၊ အမှတ် (290-P)၊ ဦးဝိစာရလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဒေါ်စန်းစန်းဦး၊ အမှတ်(P-၁၄)၊ မြနန္ဒာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါ်နီနီအေး၊ အမှတ်(၅/က-ခ)၊ ဝဏ်ဘာလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဒေါ်ငွေငွေဝင်း၊ အမှတ်(၉)၊ (၃)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဒေါ်တင်တင်အေး၊ အမှတ်(၂၂-က)၊ ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၅။ ဒေါက်တာနှင်းနှင်းအေး၊ အမှတ်(၄၂)၊ (၄)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၆။ ဒေါ်သန္တာဝင်း၊ အမှတ်(အီး-၁၉-အေ)၊ မေခလမ်းသွယ်(၃)၊ (ဆ/ခ) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၇။ ဒေါ်နီလာ၊ အမှတ်(၉၁၆-က)၊ ပြည်လမ်း၊ (၁၀)မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၈။ ဒေါ်ခင်မြင့်ရီ၊ အမှတ်(ခ/၂)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ အမှတ်(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဒေါ်နန္ဒာလှိုင်၊ အမှတ်- ၁၅(က /၁)၊ ကန်ရိပ်သာလမ်း၊ အမှတ်(၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဒေါ်ရည်ဝိုင်းဦး၊ အမှတ်(၄၁၊က)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဒေါ်ယမင်းကိုကို၊ အမှတ်(၁၅၈)၊ နှင်းဆီဖြူလမ်း၊ အမှတ်(၃၀)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဒေါ်ခိုင်သက်မွန်၊ အမှတ်( ၄ )၊ ပါရမီလောကနတ်အိမ်ရာဝင်း၊ အမှတ်(၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဒေါ်နွေးနွေး၊ အမှတ်(ကမတ/၃၀၅)၊ မြို့ပတ်လမ်း၊ ကောင်းမှုတံုရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်
၃၄။ ဒေါ်မိုးသီတာရွှေ၊ အမှတ်(A9/2)၊ သိန်းသန်းချီအိမ်ရာ၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်
၃၅။ ဒေါ်မြသန်း၊ အမှတ်(၁၂၃)၊ (၅)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးကြည်စိုး၊ အမှတ်(နက/၃၇၀)၊ ရောင်နီဦးလမ်း၊ နမ့်ကွတ်ရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၂။ ဦးစန်းမောင်၊ အမှတ်(၁၅၂-၁၅၃)၊ (၀/၉)၊ (၆၅)လမ်း၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးခင်မောင်ထွေး၊ အမှတ်(၁၁၅/၂၄)၊ ဗလလမ်း၊ ၁၉ x ၂၀ လမ်းနှင့် ၆၃ x ၆၄ လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ နန်းတော်ရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဦးသိန်းနိုင်(ခ) ဦးနေထက်သိန်းနိုင်၊ အမှတ်(၁၃)၊ ဗိုလ်ချုပ်လမ်း၊ တောင်ပိုင်းရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်
၅။ ဦးအောင်ဇော်မောင်၊ အမှတ်(၁၁၄)၊ ခရေပင်လမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးမောင်မောင်ရင်၊ အမှတ်(၇၀၊ဠ/၁)၊ ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဦးကျော်မြင့်၊ အမှတ်(၁၁၂၆)၊ ဇောတိကလမ်း၊ အမှတ်(၁၆/၄)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဦးချမ်းမြေ့ဆွေ၊ အမှတ်(၄၉)၊ ဇေယျာဝတီ(ဗဟိုလမ်း)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးသန်းအောင်၊ အမှတ်(ပ-၆၆/B)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

### သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်မြင့်ဦး၊ နောင်ကိုင်းတော်ရပ်ကွက်၊ အရှေ့ပြင်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၂။ ဒေါ်မြမြဝင်း၊ အမှတ်(၂၉၅)၊ ဗိုလ်ချုပ်လမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဒေါ်လတ်မျိုးစော၊ အမှတ်(ကက/၇၇၄)၊ အမှတ်(၇)ရပ်ကွက်၊ ကျီကုန်းရပ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဒေါက်တာသင်းမျိုးမျိုးအောင်၊ အမှတ်(၄၉၄/၄၉၅)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း(၂) တိုးချဲ့ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၅။ ဒေါ်မြသန်း၊ အမှတ်(၄)၊ ထန်းတောရပ်၊ မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်မြင့်မြင့်ရီ၊ အမှတ်(၃၂)၊ သာယာဝတီမင်းကြီးလမ်းနှင့် ရန်ကုန်-မန္တလေးလမ်းထောင့်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်မေမျိုးမြတ်၊ အမှတ် - ၁၄၆(ခ)၊ မန္တလေး-လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

စာမျက်နှာ ၅ သို့★

★ စာမျက်နှာ ၄ မှ

၈။ ဒေါက်တာသူဇာမျိုးမျိုးဝင်း၊ အမှတ် (၆၁)၊ (၁၅)လမ်း၊ ၈၇ x ၈၈ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်မြင့်မြင့်ခင်၊ တိုက်(A-B)၊ မြစ်မင်းရေဝတီတိုက်တန်း၊ (၇၈)လမ်း၊ ၃၀ x ၃၁လမ်းကြား၊ ကဒ္ဒနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်ဝိုင်းဝါ၊ အမှတ်(န-၁/၆၇)၊ (၆၄)လမ်း၊ ၄၀ x ၄၁ လမ်းကြား၊ မဟာမြိုင်(၁) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါ်မြသန်းဝင်း၊ အမှတ်(၂၂၆)၊ အခန်း(၆၀၂)၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်မြသိန်း၊ အမှတ်(၈၄)၊ အခန်း(၆)၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၃) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ဖြူဖြူဝင်း၊ အမှတ်(၂၁)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်မိုးမိုးထွေး(ခ)ဒေါ်ကြူကြူမော်၊ အမှတ်(၂)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်အေးမြင့်သန်း၊ အမှတ်(၃၉)၊ ဦးကြွယ်ဟိုးလမ်း၊ မကျည်းတန်း တောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဒေါ်နွယ်နွယ်ဌေး၊ အမှတ်(၃၁-အေ)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဒေါ်မာလာမြင့်၊ အမှတ်(၆၀/A)၊ ရွာမကျောင်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဒေါ်တင်တင်မြင့်၊ အမှတ်(၅၈-အေ)၊ အင်းလျားလမ်း၊ လမင်းရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါ်မိုးသဉ္ဇာမောင်၊ အမှတ်(၂၈)၊ ပါရမီလောကနတ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဒေါ်သီသီမြ၊ အမှတ်(အေ/၃၉)၊ နောင်ရိုးလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဒေါ်ပိုးအိဖြူမောင်၊ အမှတ် ( ၁၆၄ / ၁၆၅ - ခ )၊ စိန်ပန်းလမ်း၊ ခရေပင်ရိပ်မွန် (၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဒေါ်ဝင်းစိန်၊ အမှတ် (၃)၊ (၇)လမ်း၊ အမှတ် (၃) ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၃။ ဒေါ်အေးအေးသက်(ခ) ဒေါ်သဉ္ဇာထွန်း၊ အမှတ်(၇)၊ (၄)လမ်း၊ အမှတ်(၆) ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးဟန်ဇော်ထွန်း၊ အမှတ် (၆၂)၊ မန်ကျည်းကုန်းလမ်း၊ ချမ်းမြသာစည် ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဦးကိုကိုလေး၊ (၆၂)လမ်း၊ ၃၇ x ၃၈ လမ်းကြား၊ ရွှေဘုန်းရှင်ရပ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးကျော်တင်(ခ) ဦးစိန်ကုလား၊ အမှတ်(H-၂၁၃)၊ ဝေရတ်လမ်းနှင့် (၅၆) လမ်းထောင့်၊ စက်မှုဇုန်(၁)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါက်တာကျော်သက်နိုင်၊ အမှတ် (စတ-၁၅)၊ စက်ကွေ့ရပ်၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဦးထွန်းထွန်းလင်း၊ ခရေကွန်ဒို၊ Level-3၊ Unit-B၊ ခရေလမ်း၊ ၆၄ x ၆၅ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဦးဇေကောင်းမြတ်၊ အမှတ်(၄၆)၊ ကန်ကြီးကန်ပတ်လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၇။ ဦးခင်သိန်း၊ အမှတ်(၄၆)၊ ဦးဥတ္တမလမ်း၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်
၈။ ဦးလှကြည်၊ အမှတ်(၄၅၂)၊ မြရတနာ(၁)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဦးမင်းမင်းဇော်၊ အမှတ် (၃၆၉)၊ ရွှေဆံတော်ဘုရားလမ်း၊ ကျွန်းတော ရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဦးတင်မိုးအောင်၊ အမှတ် ( ၁၆ )၊ A-1 ၊ အရိယမဂ္ဂင်လမ်း၊ အမှတ်(၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဦးအောင်သန်းရွှေ၊ အမှတ်(၄/ခ)၊ အမှတ်(၈)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၁၂။ Mr. Wang Cheng I , 10 F, No. 187 , Guisui Street , Datang Dist , Taipei City 103 , Taiwan ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ထိုင်ပေ)

**သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်အေးအေးမြင့်၊ မန္တလေး-မုံရွာလမ်း၊ ဗန္ဓုလရပ်ကွက်၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဒေါ်တင်ထွေးမော်၊ အမှတ်(ယ၇/၇၄) ၊ အောင်မင်္ဂလာ(၄)လမ်း၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၃။ ဒေါ်မြမြသန်း၊ အကွက်(၃၄၅)၊ (၃၇)လမ်းနှင့် တာရိန်လမ်း၊ စိန်ပန်းဖောင်တော်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်ခင်မိုးမိုးဝင်း၊ ရန်ကုန်-မန္တလေးလမ်း၊ သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ငယ်ငယ်ထွေး၊ အမှတ် ( ၂ )၊ အကွက်(၈၀၀)၊ ( ၂၇ )လမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်မိုးသီတာဦး၊ အမှတ်(၂၅၉)၊ (၃၄)လမ်း၊ ၈၅ x ၈၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်ဌေးဌေးဝင်း၊ အမှတ်(၉)၊ ဝိဇယလမ်း၊ လမ်းမကြီးရပ်၊ မြို့မ(၄) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၈။ ဒေါ်မြရွှေ(ခ) ဒေါ်မြသန်းခိုင်၊ အမှတ်(၉၆/၁၀၀)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဒေါ်ကျန်တင်၊ အမှတ်(၁၅၆)၊ ဘုရင့်နောင်လမ်း၊ ပုလဲမြို့သစ်(၁)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၀။ ဒေါ်နန်းခင်ညွန့်၊ အမှတ်(၉၁/အေ)၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဒေါ်အေးအေးမြင့်၊ အမှတ်(၅-ဃ/၂-B)၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်ဝင်းမြင့်မိုး၊ အမှတ်(၄၁၉)၊ မာလာရုံလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ဝတ်ရည်သန့်၊ အမှတ် ( ၂၈/၅ )၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်လှဥမ္မာထွေး၊ အမှတ်(၃၁၇-ဘီ)၊ ရတနာလမ်း၊ အမှတ်(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်နန်းဖောင်း၊ အမှတ် ( ဈ/၃၄ )၊ ပြည်ထောင်စုလမ်း၊ ဈေးတန်းရပ်ကွက်၊ မိုင်းဖြတ်မြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်များ**

၁၆။ Mrs. Ha Thi Bong , No.2/1A , Dinh Tien Hoang Str , Ward 1 , Binh Thanh District , Ho Chi Minh City ၊ ဗီယက်နမ်နိုင်ငံ
၁၇။ Ms. Benedicte Pham , No.328 , Vo Van Kiet Str , Quan 1 , Ho Chi Minh City ၊ ဗီယက်နမ်နိုင်ငံ

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ အလှူငွေများ၊ ကလေးအဝတ်အထည်နှင့် ကစားစရာများ လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဆောင်ရွက်လျက်ရှိသော ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် Diplomatic and International Golfer's Affiliation of Yangon က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၊ ကလေးများအတွက် အဝတ်အထည်နှင့် ကစားစရာများကို စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စဗန်နက်ဆာချန်ယွမ်ရင်က လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါ်တင့်တင့်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါ်လှလှဝေနှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်လှိုင်ဦးနှင့်ဇနီးတို့က ငွေကျပ် သုံးသိန်းစီကို လည်းကောင်း ယနေ့နံနက်ပိုင်းတွင် လာရောက် ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက



ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူနိုင်ငံ သံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌက အလှူငွေနှင့် ပစ္စည်းများလက်ခံ၍ ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ကြီးထောင့်မြို့၌ မြို့ပြအလင်းစာကြည့်တိုက် ဖွင့်လှစ်

**ပုသိမ် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ အမှတ် (၁) ရပ်ကွက်၌ ယနေ့နံနက် ၉ နာရီတွင် မြို့ပြအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး မင်းယုဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စခင်ဇော်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ် (၂) ဒေါ်ခင်စောမူ၊ အမှတ်(၁) ကိုယ်စားလှယ် ဦးစိုးမိုးထွန်း၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဇင်မာဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အသက် (၉၂) နှစ်ရှိ အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး မင်းယုဝေက **"ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ မပျောက်ပျက်အောင် ထိန်းသိမ်းပါ"** ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကျင်းပရာ ဒေသခံစာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

## ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ရေးရာကော်မရှင်ဥက္ကဋ္ဌ ကင်မ်ဂျုံအွန်းထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အဆွေတော်နှင့် ပြည်သူများ၏ကြိုးပမ်းအားထုတ်မှုများ အောင်မြင်မှုရရှိပါစေကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုများ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးများ ဆက်လက်ကျယ်ပြန့်တိုးတက်လာမည်ဟု ယုံကြည်ပါသည်။

## မလေးရှားနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် His Majesty Al-Sultan Abdullah Ri'Ayatuddin Al-Mustafa Billah Shah Ibni Al-Marhum Sultan Haji Ahmad Shah Al-Musta'InBillah ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ ဇနီးဒေါ်ချိုချိုနှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အနေဖြင့် မိမိတို့၏ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရည်မှန်းချက်ဆန္ဒများအပေါ် နားလည်မှု ပိုမိုရရှိနိုင်ရန်အတွက် ရှိရင်းစွဲနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းလာစေရန် ကြိုးပမ်းအားထုတ်သွားနိုင်ကြမည်ဟု မိမိတို့မှ အလေးအနက်မျှော်လင့်ပါသည်။

အဆွေတော်နှင့် ဇနီးဒေါ်ချိုချိုတို့ ကျန်းမာရွှင်လန်းကြပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများ ပိုမိုခံစားရရှိပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မိုဟာမက်အဗ္ဗဒူလ်ဟာမစ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူများကိုယ်စားအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများအား ဆုတောင်းမေတ္တာပို့အပ်ပါကြောင်းနှင့် ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံပြည်သူများနှင့် ဒေသအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကြွယ်ဝချမ်းသာရေးနှင့် ငြိမ်းချမ်းမှုရရှိစေရေးတို့အတွက် မြန်မာနိုင်ငံနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

ယခုလိုအခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းမှု၊ တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ရှိတ်ဟာဆီနာထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား မိမိအနေဖြင့် ချစ်ခင်ရင်းနှီးစွာနှုတ်ခွန်းဆက်သ၍ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းဆက်ဆံရေးကို အလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရေး ဆောင်ရွက်သွားရန် ဆန္ဒပြင်းပြလျက်ရှိပါသည်။ အနာဂတ်တွင် ကဏ္ဍစုံ၌ နက်ရှိုင်းကျယ်ပြန့်စွာ ဆက်လက်တိုးတက်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုလိုအခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းမှုရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ကာတာနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံဘုရင် တာမင်ဘင်ဟာမက်အယ်သာနီထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအား နှုတ်ခွန်းဆက်သပါကြောင်းနှင့် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကာတာနိုင်ငံသားများကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ ဒုတိယဘုရင် အဗ္ဗဒူလာဘင်ဟာမက်အယ်သာနီထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သပါကြောင်းနှင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့်ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူလာဘင် နာဆာဘင် ခါလီဖာ အယ်သာနီထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှစ်ပတ်လည် အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သပါကြောင်းနှင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကာတာအစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။



## ကောလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသဖြင့် ပန်းဂေါ်ဖီဈေးနှုန်း အဆမတန်ကျဆင်း

**ကောလင်း ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ပန်းဂေါ်ဖီဈေးနှုန်း ယခင်က တစ်ပွင့်လျှင် ၈၀၀ ကျပ် ရောင်းရသော်လည်း မိုးအဆက်မပြတ်ရွာသဖြင့် ယခုဆိုလျှင် ငွေကျပ် ၂၀၀ အထိ အဆမတန် ကျဆင်းကြောင်း သိရသည်။

"ကျွန်မ ပန်းဂေါ်ဖီကို အပင် ၁၂၀၀၀ စိုက်ပျိုးထားပါတယ်၊ မိုးမရွာခင် အပင် ၁၀၀၀ လောက်တော့ ကျပ် ၈၀၀ ရောင်းချရသော်လည်း ဇန်နဝါရီ ၁ ရက်ကနေမှ ဒီနေ့အထိ မိုးအဆက်မပြတ်ရွာတဲ့အတွက် ပန်းဂေါ်ဖီဈေးနှုန်းမှာ အဆမတန်ကျဆင်းသွားပါတယ်။ ပန်းဂေါ်ဖီဆိုတော့ ပွင့်ရင် ခုတ်ရောင်းရသည့်အတွက် မခုတ်ရင် စိုက်ခင်းတွေ အရှုံးခံရမှာဖြစ်လို့ ခုတ်ရောင်းရပါတယ်။ မိုးရွာတော့ ဖောက်သည်တွေကလည်း မဝယ်လို့ တစ်ရက်ကို အပွင့် ၇၀၀ လောက်သာ ရောင်းကုန်တဲ့အတွက် ဖြည်းဖြည်းချင်း ခုတ်ရောင်းနေရပါတယ်"ဟု ပန်းဂေါ်ဖီစိုက်ပျိုးသူ အုတ်ဖိုကျေးရွာမှ မဖြူက ပြောသည်။

''ဒီနှစ်က ကျွန်တော်တို့ကတော့ ပန်းဂေါ်ဖီအပင် ၆၀၀၀ စိုက်ပျိုးပြီး ဒီတစ်ပင်ဖြစ်ဖို့ဆိုရင် တစ်ပင်ကို ငွေကျပ် ၇၀ လောက်ကျတယ်။ စစိုက်ကတည်းက ဒီအချိန်ထိ သုံးလကြာပါတယ်။ အရင်ပေါ်တာဆိုတော့ တစ်ထုပ်ကို ၇၅၀ ကျပ်နဲ့ ရောင်းရပါတယ်။ အခုက မိုး မပြတ်ရွာနေတော့ ပန်းဂေါ်ဖီဈေးနှုန်း ကျဆင်းသွားပါတယ်''ဟု ပန်းဂေါ်ဖီစိုက်တောင်သူ သရက်အိုက်ကျေးရွာမှ ဦးဖိုးတုတ်က ပြောသည်။

ယင်းကျေးရွာများတွင် ပန်းဂေါ်ဖီအပြင် ဂေါ်ဖီထုပ်၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ ငရုတ်သီး၊ ကြက်သွန်၊ ဖရဲသခွား၊ သစ္စာပန်း၊ ရွှေပဲသီး စသည့်သီးနှံများကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြင့်ထွန်းမင်း(ပြန်/ဆက်)

## ပေါက်မြို့နယ်၌ ယောချောင်းဘေးတစ်လျှောက် ကြက်သွန်စိုက်ခင်းများအတွင်း ရေများ ဝင်ရောက်နစ်မြုပ်ပျက်စီး

**ပေါက် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ယောချောင်းဘေးတစ်လျှောက် ကြက်သွန်စိုက်တောင်သူများ ဇန်နဝါရီ ၁ ရက် ညနေပိုင်းမှ ဇန်နဝါရီ ၅ ရက်အထိ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဆောင်းရာသီကြက်သွန်စိုက်တောင်သူများ၏ စိုက်ခင်းအတွင်း ရေများဝင်ရောက် နစ်မြုပ်ပျက်စီးကြကြောင်း သိရသည်။

ပေါက်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၇၅ အုပ်စုနှင့် ကျေးရွာပေါင်း ၂၃၅ ရွာရှိရာ ကျေးရွာအုပ်စုအများစုမှ ဆောင်းရာသီစိုက်ပျိုးရေးအတွက် ကြက်သွန်ကို အဆိုပါချောင်းမကြီးဘေးတစ်လျှောက်၌ အဓိကထားစိုက်ပျိုးလျက်ရှိရာ ကြက်သွန်စိုက်ပျိုးရန်အတွက် မြေပြင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာလဆန်းပိုင်းတွင် ခေတ်မီလယ်ထွန်စက်ကြီးများဖြင့် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ကြပြီး ဒီဇင်ဘာနောက်ဆုံးပတ်မှ ယနေ့အချိန်ထိ စိုက်ပျိုးလျက်ရှိသည်။

ယခုအချိန်တွင် စိုက်ပြီးကြက်သွန်ခင်းအများစုမှာ ယောချောင်းရေများ ဖုံးလွှမ်းခြင်းခံရပြီး ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ယခုနှစ် ပေါက်မြို့နယ်၌ ယောချောင်းကြက်သွန်စိုက်ကေစုစုပေါင်း ၁၁၄၆ ဧက စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးထံမှ သိရပြီး ကြက်သွန်စိုက်ပျိုးစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းဝန်းကျင်ခန့် ကုန်ကျလျက်ရှိကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

လက်ရှိအခြေအနေအရ ကြက်သွန်စိုက်ခင်းအများစုသည် ရေနစ်မြုပ်မျောပါပျက်စီးခဲ့ရပြီး ရေပြန်လည်လျော့နည်းသွားချိန်မှာလည်း တောင်သူအများစုမှာ စိုက်ပျိုးစရိတ်မတတ်နိုင်၍ ပြန်လည်စိုက်ပျိုးနိုင်တော့မည် မဟုတ်ကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။ ထိုသို့ ပျက်စီးဆုံးရှုံးသွားသော ကြက်သွန်စိုက်ကေများကို သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းများက တောင်သူတစ်ဦးချင်း၏ အမည်စာရင်းနှင့် စိုက်ကေများကို ကွင်းဆင်းကောက်ယူနေကြောင်း သိရသည်။

ဉာဏ်တိုး(ပေါက်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ညောင်ဦးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ကျေးရွာသားများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြကြသည်။

**နေပြည်တော် ဇန်နဝါရီ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဇန်နဝါရီ ၅ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တံခါးကြီးကျေးရွာနှင့် ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသနေပြည်သူများ ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် တံခါးကြီးကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တိုင်းဒေသကြီး ဦးစီးမှူးတို့က မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှု အခြေအနေများ၊၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာ၊ အိမ်ခြေ ၄၆၉၄၀ နှင့် လူဦးရေ ၂၅၁၉၃၅ ဦး ရှိသည်။ သောက်သုံးရေ ရရှိမှုအနေဖြင့် တွင်းတိမ် ၇၂၀၊ တွင်းနက် ၁၈၆ တွင်း၊ လက်တူးတွင်း ၇၂ တွင်း၊ မြေသားရေကန် ၁၃၁ ကန်၊ စိမ့်စမ်း ၆၄ တွင်း၊ အိမ်တိုင်ရေသွယ်စနစ် ကိုးခုတို့မှ ရယူအသုံးပြုနေခြင်းဖြစ်ပြီး နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများကြုံတွေ့နေရခြင်းအပေါ် ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာသို့ ရောက်ရှိကြပြီး ဒေသနေပြည်သူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကာ ကျေးရွာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး မေးမြန်းဆွေးနွေးရာ ကျေးရွာသူကျေးရွာသားများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနတာဝန်ရှိသူများက အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဘဏ္ဍာငွေခွင့်ပြုချက်အရ ဆောင်ရွက်ရန်အခက်အခဲရှိသော လုပ်ငန်းများအတွက် ဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသည့် မှျဝေခြင်းအစီအစဉ်မှ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ကျောဖုံးမှ**

လိုက်လံနှုတ်ဆက်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားကို သုံးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေသည့် ရန်ကုန်အသင်း၏ အရေအတွက်နှင့် တူညီသွားခဲ့သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားပြိုင်ပွဲတစ်လျှောက် ပထမဆုံးအကြိမ် နှစ်ကြိမ်ဆက်ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်အသင်းသည် တစ်ကျော့ပြန် အနိုင်ရရန်ကြိုးပမ်းခဲ့သော်လည်း အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က အနိုင်ရသည့် ရှမ်းယူနိုက်တက်အသင်းအား ဆုဖလားချီးမြှင့်စဉ်။

ရန်ကုန်အသင်းသည် ကစားသမားသစ်များဖြစ်သည့် မောင်မောင်ဝင်း၊ ဘာဖို၊ အီမန်နျူရယ်၊ အောင်ကျော်နိုင်တို့ကို ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ စိုးမင်းနိုင်တို့နှင့်အတူ ပွဲထုတ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အသစ်ခေါ်ထားသည့် ငြိမ်းချမ်း၊ မာတူနာနှင့် အဘူဘာကာတို့ကို သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ မက်ဆီမင်တို့ဖြင့် တွဲဖက်ပွဲထုတ်ခဲ့သည်။ ပွဲအစတွင် ရန်ကုန်အသင်းက တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ၁၅ မိနစ် နောက်ပိုင်းတွင် နှစ်သင်းစလုံး ထိန်းကစားခဲ့၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ နှစ်သင်းစလုံး ထိရောက်သည့် ဂိုးသွင်းခွင့်မဖန်တီးနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ရှမ်းအသင်းကစားပုံမှာ ပထမပိုင်းတွင် သာမန်သာရှိခဲ့ပြီး ရန်ကုန်အသင်းသည် ပိုဖိကစားနိုင်သော်လည်း ဂိုးဖန်တီးမှုအပိုင်းတွင် အားနည်းခဲ့သောကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက လူငယ်ကစားသမားများဖြစ်သည့် စျာနေရသူနှင့် ဖွဲ့သက်ပိုင်တို့နေရာတွင် ရန်နိုင်ဦးနှင့် နန္ဒကျော်ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၅၂ မိနစ်တွင် မာတူနာက တစ်ကိုယ်တော်အစွမ်းဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရန်ကုန်အသင်း ချေပဂိုးပြန်ရရန်ကြိုးပမ်းလာသော်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားနိုင်ခဲ့ပြီး ၇၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ရဲမင်းသူက ခေါင်းတိုက်သွင်းယူခဲ့သည်။ ၇၅ မိနစ်တွင် ရန်ကုန်အသင်းအတွက် ရန်ပိုင်စိုးက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲအပြီးထိ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်ရခဲ့သော်လည်း ရှမ်းယူနိုက်တက် ဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက ယခုရန်ပုံငွေပြိုင်ပွဲမှရရှိသည့် ကွင်းဝင်ကြေးများနှင့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၁၅၀ ကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ အာစိဏ္ဍသီရိပရဟိတ ကျောင်းတိုက်၊ Candle Volunteer ပရဟိတလူငယ်များအသင်း၊ M&Y Edu Trust နှင့် အနုပညာသစ်ပြတိုက် ဖောင်ဒေးရှင်းနယ်လှည့်ကုသိုလ်ပြု ဆေးကုသရေးနှလုံးလှဆရာဝန်များအဖွဲ့တို့ကို ကျပ်သိန်း ၃၀ စီ၊ အနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား ချာရတီဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။ ဘောလုံးပွဲ မစတင်မီ R ဇာနည်၊ ဖြိုးကြီး၊ လွှမ်းပိုင်၊ မိုးမိုး စသည့် နာမည်ကြီး အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်လည်း ထည့်သွင်းပြုလုပ်ပေးခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ဘုန်းသော်**

*** မန္တလေးဈေးကွက်မှ**

အဆိုပါ ပဲစင်းငုံမှာ ယခင်နှစ် ကာလတူတွင် မန္တလေးဈေးကွက်၌ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် အဖွင့်ဈေးရှိခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ငွေကျပ်ခုနစ်သောင်း ပေါက်ဈေးဖြင့် ယခင်နှစ်ကာလတူထက် ငွေကျပ်နှစ်သောင်းပိုမိုကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့် ပွဲရုံ)က ပြောသည်။

"ဒီနှစ်ထွက်တဲ့ ပဲစင်းငုံက အဖွင့်ဈေးကောင်းပေမယ့် လက်ရှိမှာတော့ ပြည်တွင်းက လှောင်သမားတွေနဲ့ ဝယ်ရောင်းလုပ်တဲ့သူတွေပဲ ဝယ်နေကြသေးတယ်။ ပြည်ပဝယ်လက်မရှိသေးဘူး။ ဒီပဲကို အဓိက ဝယ်ယူနေတဲ့ အိန္ဒိယနိုင်ငံက ၂၀၁၉ ခုနှစ် မေလတုန်းက စာချုပ်နဲ့ဝယ်ယူခဲ့တဲ့ တန်ချိန်တစ်သိန်းခွဲကလည်း ပြည့်သွားပြီဆိုတော့ အဝယ်ရပ်ဆိုင်းနေတယ်။ ဒါကြောင့် အခုလိုရာသီမှာ မတ်ပဲလိုပဲ ပဲစင်းငုံကို စာချုပ်နဲ့ထပ်တိုးဝယ်ယူမှုတွေရှိလာဖို့ တောင်သူတွေနဲ့ ကုန်သည်တွေ မျှော်လင့်နေကြတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကထွက်တဲ့ ပဲစင်းငုံကိုဓာတုကင်းလွတ်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တယ်ဆိုတဲ့ အသိနဲ့ တခြားနိုင်ငံတွေကထွက်တဲ့ ပဲစင်းငုံထက်ပိုမိုစားသုံးကြပါတယ်။ နှစ်စဉ်လည်း ဝယ်ယူမှုတွေရှိခဲ့တယ်။ ဒါကြောင့် မကြာခင်ကာလမှာ စာချုပ်နဲ့ဝယ်ယူမှုတွေ ရှိလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ၎င်းကပြောသည်။

ပဲစင်းငုံသီးနှံ ထွက်ပေါ်ချိန်တွင် လက်ရှိပေါက်ဈေးနှင့်ပတ်သက်၍ ကျောက်ဆည်မြို့နယ်မှ တောင်သူတစ်ဦးကလည်း "အဖွင့်ဈေးကောင်းလို့ ကျွန်တော်တို့ တောင်သူတွေနည်းနည်းစိတ်အေးရတယ်။ ဒီနှစ်ရဲ့ အထွက်နှုန်းကလည်း သင့်တင့်တဲ့အတွက် ဒီထက်ပိုပြီးဈေးကောင်းရဖို့နဲ့ အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံကဝယ်ယူဖို့ မျှော်လင့်နေကြတယ်"ဟု ပြောသည်။

ပဲစင်းငုံသီးနှံကို မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၅**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

**❂ မြန်မာ့အမွေအနှစ်လမ်းကြောင်းမှ**

အဆိုပါ (၈) ကြိမ်မြောက် ကျင်းပသည့် ခရီးစဉ်အား ဇန်နဝါရီ ၇ ရက်မှ ၁၆ ရက်အထိ ၁၀ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့၌ ခရီးစဉ်စတင်သည့် ဇန်နဝါရီ ၇ ရက်မှ စတင်၍ မန္တလေး၊ မိုးညှင်း၊ အင်းတော်ကြီးနှင့် ဖားကန့်မြို့တို့ကို သုံးရက်ကြာခရီးကြမ်း မောင်းနှင်ဖြတ်သန်းမည်။ ဇန်နဝါရီ ၁၁ ရက်တွင် မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်တွင် ပူတာအိုမြို့၌ တစ်ရက်တာ ရပ်နားမည်ဖြစ်ကာ ဇန်နဝါရီ ၁၃ ရက်တွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။

ဆက်လက်၍ ဗန်းမော်၊ မဘိန်း၊ မိုးမိတ်၊ မိုးကုတ်၊ ဟိုခို၊ ဆမ္မဆယ်၊ နောင်ချို၊ ရပ်စောက်၊ ညောင်ရွှေ၊ ပင်လောင်းမြို့နှင့် နေပြည်တော်တို့ကို လေးရက်ကြာ ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၆ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ လမ်းကြောင်းမှာ အသွားလမ်းကြောင်းနှင့်မတူဘဲ တစ်မူကွဲပြားသည့်လမ်းဖြစ်ပြီး နာမည်ကျော် ပတ္တမြားမြေကို ထည့်သွင်းထားကြောင်း သိရသည်။

ခရီးစဉ်တစ်လျှောက်၌ ကိုယ်တိုင်မောင်းနှင်၍ ဒေသန္တရဗဟုသုတ ရှာမှီးရင်း ခရီးရှည်၊ ခရီးကြမ်းမောင်းနှင်နိုင်သည့် ကား ခုနစ်စီး၊ အဖွဲ့ဝင်၂၄ ဦးတို့ လိုက်ပါမောင်းနှင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအသစ်များကို လူအများပိုမိုသိရှိစေရန်နှင့် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာသွားနိုင်သည်ကို သိရှိစေရန်အတွက် (၈)ကြိမ်မြောက် (Journey To The North) ခရီးစဉ်ကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် (၇) ကြိမ်မြောက် ခရီးစဉ်၌ အဖွဲ့ဝင် ၆၅ ဦး ပါဝင်သော 4WD ယာဉ်တန်း ၁၉ စီးဖြင့် သွားရောက်ခဲ့ကြပြီး ၎င်းခရီးစဉ်အတွင်း နာဂဒေသ၏ ရိုးရာပွဲတော်ကို ရောက်ရှိခဲ့ကြကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ**

**ဓာတ်ပုံ -စိုးမြင့်အောင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာရှိများနှင့်တွေ့ဆုံ



**ရန်ကုန် ဇန်နဝါရီ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာရှိများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းသင်ယူခြင်းများကို ဆောင်ရွက်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးရှိသော ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေးကို ဆောင်ရွက်လျက်ရှိရာတွင် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများတွင် ကျောင်းနေနှုန်းနှင့် ပြီးမြောက်မှုနှုန်း မြင့်မားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာကိုင်စာအုပ်များ အချိန်မီဖြန့်ဝေနိုင်ရေး အရေးကြီးပါကြောင်း၊ သင်ကြား သင်ယူမှုနည်းလမ်းများ၊ သင်ထောက်ကူပစ္စည်းများအသုံးပြု၍ Project based Learning ဖြင့် ပူးပေါင်းသင်ယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆရာ ဆရာမများ၏ အရည်အသွေး ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နှစ်သင် ပညာရေးကောလိပ်များအားလုံးကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များ အဖြစ်သို့ မြှင့်တင်ဆောင်ရွက်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမလိုအပ်ချက်အရ မြို့နယ်အလိုက် တရားမျှတသော ယှဉ်ပြိုင်မှုဖြင့် အားပေးခြင်း၊ တိုင်းရင်းသားဒေသခံများကို ဦးစားပေးခြင်း၊ ရာထူးတိုးပြောင်းများကိုလည်း စွမ်းဆောင်ရည်နှင့်လုပ်သက်အရ အားပေးခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်များ ဖြည့်ဆည်းခြင်း၊ ကျောင်းသား ကျောင်းသူများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် အသင်းအဖွဲ့များအလိုက် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း စသည့် အားကစားပြိုင်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကြက်တောင်၊ ရေကူး၊ စားပွဲတင်တင်းနစ် စသည်တို့ကို လာမည့်နှစ်တွင် ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါကြောင်း။

**စာဖတ်စွမ်းရည် မြင့်မားလာစေရန်**

ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည် မြင့်မားလာစေရန် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲများ၊ အိုင်စီတီစွမ်းရည်ပြိုင်ပွဲများကိုလည်း ကျင်းပပေးရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အရက်သောက်သုံးခြင်း၊ စီးကရက်သောက်သုံးခြင်း အန္တရာယ်ကင်းဝေးစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ စည်းကမ်းတကျ လိုက်နာရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံ (Healthy Life Style) နှင့် မျိုးဆက်ပွားကျန်းမာရေး၊ ဂိမ်းသုံးစွဲမှုလျှော့ချရေးတို့ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းများ၌ အမှိုက်ပုံးများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်စေရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဆရာ ဆရာမများ၊ မိဘဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ကျောင်းစီမံခန့်ခွဲရေး မွမ်းမံသင်တန်းများ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် လမ်းညွှန်စာအုပ်များနှင့်အညီ မြို့နယ် ပညာရေးမှူးများက လိုအပ်ချက်များကို ဖြည့်ဆည်းပူးပေါင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏စွမ်းဆောင်ရည် ပိုမိုမြင့်မားတိုးတက်လာစေရန် နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခြင်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ သင်ယူမှုဝန်းကျင်ကောင်းများတွင် သင်ယူတတ်မြောက်မှု အရည်အသွေး ကောင်းမွန်ရေး၊ ပြဿနာကိုဖြေရှင်းနိုင်သော စွမ်းရည်များ၊ တစ်သက်တာသင်ယူနိုင်သောစွမ်းရည်များ၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သောစွမ်းရည်များ တိုးတက်လာစေရန် အားလုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းရန်လို**

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဆရာ ဆရာမများအနေဖြင့် Social Media များ သုံးစွဲရာတွင် Ethics, Code of Conduct များနှင့်အညီ လိုက်နာသုံးစွဲကြစေလိုကြောင်း၊ G–10 သင်ရိုးသစ်များ၊ Counselling များနှင့် သင်ရိုးသစ်ဘာသာတွဲများနှင့်ပတ်သက်၍ မိဘများ သိရှိနိုင်ရန် အသိပေးပြောကြားကြစေလိုပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာမေးပွဲကာလအတွင်း ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းသင်ကြားပေးကြစေလိုကြောင်း၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အခြားဘာသာရပ်ကို Project based Learning ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ နေ့စားလပေး ရုံးဝန်ထမ်းများ ခန့်ထားနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများ ရာထူးတိုးပြောင်းများကိုလည်း ကျောင်းဖွင့်ချိန်မတိုင်မီ အပြီးသတ်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပြီး ဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာရေးဝန်ဆောင်မှုများ ပေးရာတွင် ပတ်သက်ဆက်နွှယ်သူများကို နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံပြီး လေးလေးစားစား ဆက်ဆံကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပညာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများက မိမိတို့ခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပန်ဆိုင်းမြို့တွင် “နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ” စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်

**ပန်ဆိုင်း ဇန်နဝါရီ ၅**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာပေချစ်မြတ်နိုးသူ အသင်းတို့ ပူးပေါင်း၍ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက စာရေးဆရာအောင်သင်း၏ “နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ”စာအုပ်ဖြင့် လူထုအခြေပြုခန်းမ၌ စာဖတ်ဝိုင်း ပြုလုပ်သည်။

ရှေးဦးစွာ ပန်ဆိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းမိုးခိုင်က စာဖတ်ဝိုင်းပြုလုပ်ပြီး အသိပညာဗဟုသုတများကို အပြန်အလှန်ဆွေးနွေးခြင်းအားဖြင့် ဗဟုသုတများ ပိုမိုရရှိရုံမက မိမိသိရှိလိုသည့် အကြောင်းအရာများကို ပွင့်လင်းမြင်သာစွာ မေးမြန်းနိုင်ကြောင်း၊ စာအုပ်၊ စာပေချစ်မြတ်နိုးသူ အသင်းသားများလည်း ပိုမိုတိုးပွားလာရန်အတွက် မိမိအသိမိတ်ဆွေများကိုလည်း စာဖတ်ဝိုင်းသို့ တက်ရောက်လာနိုင်ရန် ပြောဆိုစည်းရုံးကြရန် ပြောကြားသည်။

ဆက်လက်ပြီး “နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ” စာဖတ်ဝိုင်းကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တီဒိုင်စိုင်းက “စာတတ်ဖို့ စာဖတ်စို့” ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသည်။ ကျောင်းအုပ်ဆရာမကြီး၏ ဆွေးနွေးချက်အပေါ် တက်ရောက်လာကြသည့် စာအုပ်၊ စာပေဝါသနာရှင် ဦးမိုင်းဒိုင်၊ ဒေါ်တင်ဝင်းတို့က ပြန်လည်ဆွေးနွေးပြီး သိရှိလိုသည့် မေးမြန်းချက်များကို စာအုပ်၊ စာပေချစ်မြတ်နိုးသူ အသင်းတို့ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းမိုးခိုင်(ပြန်/ဆက်)**

---

# MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံ အရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD) စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅–၁–၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅–၂–၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များ အနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့် ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB–T2 Set–top Box (သို့မဟုတ်) DVB–T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB –T2 Set–top Box ဖြင့် ဖမ်းယူပါက Menu မှ Channel Search ကို ရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။
Menu ⟶ Channel Search ⟶ Auto Search ⟶ OK

(ခ) DVB–T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက Menu မှ Channel ကို သွားပြီး Tuner Type တွင် Antenna ကို ရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကို နှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကို ရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။
Menu ⟶ Channel ⟶ Tuner Type ⟶ Antenna ⟶ Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶ Start ⟶ OK

(ဂ) Analogue TV (Tube) ကို Set–top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set–top Box ၏ Menu မှ Picture ကို နှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကို ရွေး၍ OK နှိပ်ပါ။
Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည်ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| (1) | MRTV–HD | (2) | MRTV–SD |
| (3) | MRTV Hluttaw | (4) | MRTV NRC |
| (5) | MRTV Farmer | (6) | MRTV Sport |
| (7) | MRTV Entertainment | (8) | MI |
| (9) | MRTV–4 | (10) | Channel–7 |
| (11) | 5 – Plus | (12) | MNTV |
| (13) | Channel–9 | (14) | Mizzima |
| (15) | DVB | (16) | Channel K |
| (17) | YTV | (18) | Fortune |
| (19) | Myanma Radio | (20) | Upper Tineyin Thar |
| (21) | Lower Tineyin Thar | | |

၆။ အထက်အပိုဒ် ၅ ပါ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း (၁၅–၁–၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

| | | |
|---|---|---|
| (က) | 9 Meter Earthstation (တပ်ကုန်း၊ ရုံးချုပ်) | ဖုန်း၊ ၀၉–၄၀၈၀၈၂၀၉၀ |
| (ခ) | 9 Meter Earthstation (ရန်ကုန်၊ ပြည်လမ်း) | ဖုန်း၊ ၀၉–၄၀၈၀၈၂၀၈၀ |

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်ဝတ္ထုရှည် အတွဲ (၄)၊ အတွဲ (၅)၊ အတွဲ (၆) စာအုပ်များ ထုတ်ဝေဖြန့်ချိ











**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာစာပေသမိုင်းတွင် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော ဂန္ထဝင်မြောက် သုတ၊ ရသ စာကောင်းပေမွန်များကို စာဖတ်ပရိသတ်လက်သို့ တစုတစည်းတည်း ပေးအပ်လိုသော ရည်ရွယ်ချက်၊ မြန်မာစာပေလက်ရာကောင်းများ အဓွန့်ရှည်စွာ မပျောက်ပျက်အောင် ထိန်းသိမ်းရေး ရည်ရွယ်ချက်၊ အများပြည်သူ ဉာဏ်ပညာမြင့်မားလာစေရန်နှင့် လူငယ်များ မြန်မာစာပေကို ချစ်မြတ်နိုးလျက် စာပေဖတ်ရှုသော အလေ့အထတိုးပွားစေရန် ရည်ရွယ်ချက်တို့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်သည် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို ထုတ်ဝေလျက်ရှိသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များတွင် ၂၀ ရာစု မြန်မာစာပေအတွင်းမှ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ ရသစာတမ်း၊ သုတပဒေသာ(ဝိဇ္ဇာ၊ သိပ္ပံ)၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ နိုင်ငံရေး၊ သမိုင်း၊ တိုင်းရင်းသားဆိုင်ရာ ဘာသာရပ်များအပါအဝင် သုတရသ အကောင်းဆုံးစာအုပ်များကို ရွေးချယ်စုစည်းထုတ်ဝေသွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာစာပေ စတင်ထွန်းကားခဲ့သည့် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အချိန်ခန့်အထိ ထွက်ပေါ်ခဲ့သော ရှေးဟောင်းစာပေများအတွင်းက ခေတ်လူငယ်များအတွက် အကျိုးပြုမည့် စာပေများကိုလည်း ထုတ်ဝေမည်ဖြစ်သည်။

ယင်းစာအုပ်တွဲများကို စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာပေသုတေသီများ၊ စာကြည့်တိုက်ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့များက မိမိကျွမ်းကျင်ရာဘာသာရပ်ကဏ္ဍအလိုက်စုဖွဲ့လျက် အချိန်ယူလေ့လာဖတ်ရှုရွေးချယ်ခဲ့ကြသည်။ မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော စာပေအမျိုးမျိုးထဲမှ ရည်ရွယ်ချက်နှင့် အကြောင်းအရာအရသော်လည်းကောင်း၊ အရေးအဖွဲ့အရသော်လည်းကောင်း စာဖတ်ပရိသတ်များ၊ စာပေလေ့လာသူများက စာပေလက်ရာမွန်အဖြစ် မှတ်တမ်းတင်အသိအမှတ်ပြုခဲ့ကြရသော သုတ၊ ရသစာပေများကို ရွေးချယ်လျက် စုစည်းထုတ်ဝေသည်။ ဤစာစဉ်တွဲများမှတစ်ဆင့် မြန်မာ့အတွေးအခေါ်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ထုံးဓလေ့အစဉ်အလာများနှင့် မြန်မာစာပေ မြင်ကွင်းတစ်ခုလုံးကို ဖြန့်ကြက်ရှုမြင်နိုင်လိမ့်မည်။

စာဖတ်သူတို့ကို ဘဝအသိအမြင်မြင့်မားစေရေးအတွက် ခံစားနှစ်သက်မှု "ရသ" ကို ဖော်ကျူးပေးစွမ်းမည့် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်ဝတ္ထုရှည်အတွဲ (၁)၊ အတွဲ (၂) နှင့် အတွဲ (၃) တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုအခါ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်ဝတ္ထုရှည်စာစဉ်အတွဲ ၄၊ ၅၊ ၆ တို့ကို မကြာမီ ထုတ်ဝေဖြန့်ချိတော့မည်ဖြစ်ပါသည်။ ဝတ္ထုရှည် စာစဉ်အတွဲ (၄) တွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသည့် တပင်ရွှေထီးဝတ္ထုတော်ကြီး (၁၉၂၄)၊ အတွဲ (၅) တွင် ရွှေစကြာ ဦးစိုးမြင့်ရေးသားသည့် နားခံတော်ဝတ္ထု(၁၉၃၂) နှင့် ဇဝနရေးသားသည့် ကောလိပ်ကျောင်းသားဝတ္ထု (၁၉၃၅)၊ စာစဉ်အတွဲ (၆) တွင် မဟာဆွေရေးသားသည့် တို့မေမေဝတ္ထု (၁၉၃၅)နှင့် သခင်ဘသောင်းရေးသားသည့် ပန်းသာမစာအုဝတ္ထု(၁၉၃၇)တို့ ပါဝင်သည်။ ဝတ္ထုရှည်အတွဲများအတွက် ဆရာမောင်ခင်မင် (ဓနုဖြူ)၊ ဆရာမိုးဇံ၊ ဆရာမမိုးမြေတို့က စာစဉ်တွဲနိဒါန်းများကို သေသပ်လှပစွာ ရေးသားထားပါသည်။ ယင်းဝတ္ထုများသည် မြန်မာ့ပုံရိပ်၊ မြန်မာ့စိတ်ထား၊ မြန်မာတို့၏ ဘဝအတွေ့အကြုံများကို ဖော်ကျူးထားသည့် ရသစာပေကောင်း စာအုပ်များ ဖြစ်သည်။

ဝတ္ထုရှည်ဘာသာရပ်များကို အတွဲ ၇၊ ၈၊ ၉ စသည်ဖြင့် ၃၀ တွဲခန့်အထိ ဆက်လက်ထုတ်ဝေမည်ဖြစ်ပြီး ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ် စသည်ဖြင့် ရသစာပေစာအုပ်တွဲများကိုလည်း ဆက်လက် ထုတ်ဝေသွားမည်ဖြစ်သည်။ မိသားစုများ၊ စာကြည့်တိုက်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၏ စာအုပ်စင်များတွင် ခံ့ညားတင့်တယ်စွာထားရှိ ဖတ်ရှုနိုင်ရန်အတွက် စာမျက်နှာ ၇၀၀ ခန့်ပါ ခန့်ချုပ်ဖြင့် အဆင်အပြင်လှပသပ်ရပ်စွာ စီစဉ်ထုတ်ဝေထားသည်။

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်ဝတ္ထုရှည်တွဲများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းမှ စတင်လျက် တစ်တွဲလျှင် ၁၂၀၀၀ိ- (တစ်သောင်းနှစ်ထောင်ကျပ်နှုန်း)၊ ကိုယ်စားလှယ်နှုန်း ၁၅ ရာခိုင်နှုန်းလျှော့ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ တို့မှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

## သတင်းစုံ ကဏ္ဍ

### မဟာဝိဇယာရာမပါဠိတက္ကသိုလ် အရှေ့တိုက်ကြီး၏ သက်တမ်းနှစ် (၁၀၀)ပြည့် ပူဇော်ပွဲ ကျင်းပမည်

ပခုက္ကူမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ် အရှေ့တိုက်ကြီး၏ တိုက်တည် သက်တမ်းနှစ်(၁၀၀) ပြည့်မြောက်သည့် ရာပြည့်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနေမိန္ဒ မဟာထေရ်အရှင်မြတ်ကြီးအား အမှူးထားလျက် တပည့်သံဃာ၊ ဒါယကာ ဒါယိကာမများက ဖေဖော်ဝါရီ ၁၁ ရက် ည ၇ နာရီတွင် ပရိယတ်သာသနာ ရေရှည်တည်တံ့ ပြန့်ပွားရေးအတွက် အကြံပြုတိုင်ပင်ဆွေးနွေးခြင်း၊ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် မဟာထေရ်ကြီးများထံမှ သြဝါဒခံယူခြင်းနှင့် မွန်းလွဲ ၁ နာရီတွင် မဟာဝိဇယာရာမတိုက်တည် ရာပြည့်ရေစက်ချ အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာတော် အပါး ၁၁၀၀ တို့အား တစ်ပါးလျှင် နဝကမ္မအလှူတော်ငွေကျပ် ငါးသောင်းစီဖြင့် လှူဒါန်းသွားမည်ဖြစ်သည်။

သို့ပါ၍ ပင့်လျှောက်လွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပခုက္ကူမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်) အသောကာရုံကျောင်းတိုက်ကြီးသို့ အချိန်မီကြွရောက်ပူဇော်နိုင်ပါရန်နှင့် ကုသိုလ်ရှင်များအနေဖြင့် မိမိတို့သဒ္ဓါတရားအလျောက် တတ်စွမ်းသမျှ ပရိယတ္တိဓမ္မပူဇာအဖြစ် လှူဒါန်းလိုပါက ဖုန်း- ၀၉-၂၅၆၄၀၄၄၁၊ ဖုန်း- ၀၉- ၂၃၀၀၄၉၁၊ ၀၉-၂၃၀၀၈၃၈၊ ၀၉-၄၄၀၂၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုးဝင်းထွန်း**

### "ပျံကျကုလီ"ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၁၆ ရက်တွင် ရုံတင်ပြသမည်

"ပျံကျကုလီ" ရုပ်ရှင်ဇာတ်ကား၏အထူးရုပ်ရှင်ပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသပြီး ဇန်နဝါရီ ၁၆ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဟု သိရသည်။

ဤရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ညွှန်း နေစိုးသော်၊ ဇာတ်လမ်းဈာန်သခင်သွေး၊ ဒါရိုက်တာ စတီးလ်၊ သရုပ်ဆောင် အကယ်ဒမီခန့်စည်သူ၊ ထွန်းကိုကို၊ ကောင်းပြည့်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ထူးခြား၊ ရွှေမှုံရတီ၊ ရတနာဗို၊ ထားထက်ထက်၊ မျှုးသခင်ကို၊ အကယ်ဒမီ ဝါဝါအောင်၊ ဆုရှိုင်း၊ ဆင်မနှင့် သရုပ်ဆောင်များစွာပါဝင်ပြီး ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

**သန့်ဇင်ဝင်း**

### ရှားပါးအထောက်အထားများပြပွဲနှင့် New Views, Fresh Finds သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် (၆၀၄၊ ၆၀၈) ကုန်သည်လမ်း (၃၁-၃၂) လမ်းကြား ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တွင် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ရှားပါးအထောက်အထားများပြပွဲကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထို့အတူ "New Views, Fresh Finds" သုတေသနစာတမ်းဖတ်ပွဲကိုလည်း ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာသမိုင်းအဖွဲ့ပညာရှင်ဆရာကြီး လေးဦးဖြစ်သည့် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသော်ကောင်း၊ ဦးထွန်းအောင်ချိန်၊ ဦးစိုင်းအောင်ထွန်းတို့က သုတေသနစာတမ်းများဖတ်ကြားကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။ **စိုးဝင်းထွန်း**

### နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ အေဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း




(ဒီဇင်ဘာ ၁၇ ရက် ၂၀၁၉ မှ အဆက် )

**ဦးတင်ယု** ။ ။ ၁၉၆၉ ခုနှစ်ကျတော့ 'နန်းတွင်းအရေးတော်ပုံ'။

**ကြည်စိုးထွန်** ။ ။ 'နန်းတွင်းအရေးတော်ပုံ'က တကယ့်ဂန္ထဝင်ကားလို့ဆိုရမယ်။ ပိုင်ရှင်ဆိုရင် တစ်ခါတည်းကို အသက်တောင်ပေးသွားရတဲ့ ကားပါ။ ဆရာ အဲဒီကားမှာ ရိုက်ထားတာတွေကလည်း တချို့ဟာတွေက ဆရာ ဝိုင်းကူရိုက်ပေးရတာ၊ ဆရာ့နာမည်နဲ့ပဲ ရိုက်တာနော်။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဆရာ့နာမည်နဲ့ ရိုက်တယ်၊ ဇာတ်ညွှန်းကဦးဉာဏဆိုတော့ တော်တော်ကောင်းတဲ့ ကားပါ၊ ကျွန်တော်တို့ကြည့်လိုက်ရသေးတယ်၊ ဆေးရောင်စုံ။ အခုပြန်ရှာတော့ မတွေ့တော့ဘူး၊ အဲဒီကားက ကျွန်တော်တို့ အဖြူ၊ အမည်းလည်း ပြန်ကြည့်ရသေးတယ်။

**ဦးတင်ယု** ။ ။ အဖြူ၊ အမည်းက ပပ်ကြားအက်နေတယ်။ ကာလာက တော့တော်သေးတယ်။

**ကြည်စိုးထွန်း** ။ ။ မန္တလေးနန်းရှေ့မှာ ပေါ့နော်။ နန်းတော်ရှေ့မှာ အဲဒီမှာ စစ်သူကြီးတွေ ဘာတွေ စကားပြောတဲ့အခန်းလေး သိပ်သဘောကျတာ။ ကျွန်တော်က ရုပ်ရှင်သမားဖြစ်လာတော့ အဲဒီအချိန်မှာ ကြည့်လိုက်တဲ့အခါကျတော့ ဆရာ camera trick နဲ့ ရိုက်ထားတာ ကျွန်တော် သိတယ်။ သိတော့ အံ့ဩတာပေါ့နော်။ အဲဒီအချိန်မှာ ဒီနန်းတွင်းကလည်း ဒီနန်းတော်ကြီးက မဆောက်ရသေးဘူး။ မဆောက်ရသေးခင်မှာ ဆရာ ရိုက်ထားတာ အဲဒါသိပ်ကောင်းတာပဲ။ တကယ်လို့ရရင်တော့ အဲဒါလေး သိပ်ပြဖို့ကောင်းတာပေါ့။

**ဦးတင်ယု** ။ ။ Black and White ကျတော့ ပတ်ကြားအက်တွေ။

**ကြည်စိုးထွန်း**။ ။ ဟုတ်တယ် မကောင်းတော့ဘူး။

**ဦးတင်ယု** ။ ။ ကာလာကျတော့ yellow stain ပေါ့။ တော်သေးတယ်။ yellow stain ကျတော့ လက်၊ လူလည်းမထိဘူးပေါ့။

**ကြည်စိုးထွန်း**။ ။ အဲဒါ ဂျပန်မှာသွားလုပ်ရတာနော်။

**ဦးတင်ယု** ။ ။ ဂျပန်မှာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ ငါးချီ။

**ဦးတင်ယု** ။ ။ 'ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ'။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ ဒါလည်းဆရာတို့ မြနန္ဒာထွက်တာပဲနော် ညွှန့်ဝင်း၊ ဒေစီကျော်ဝင်း။

**ဦးတင်ယု** ။ ။ ၁၉၇၁ ခုနှစ်ကျတော့'စိတ်လှသူ'။

**ကြည်စိုးထွန်း**။ ။ 'စိတ်လှသူ' မောင်ကိုဦးနဲ့။

**ဦးတင်ယု** ။ ။ ၁၉၇၂ ခုနှစ်ကျတော့ 'ပုဏ္ဏာဆံသော မိန်းကလေး'။

**ကြည်စိုးထွန်း**။ ။ အို ပုဏ္ဏာဆံသော ...မိန်းကလေး သီချင်းတွေကတော့ တကယ်ကောင်းတာပဲနော်။

**ဦးတင်ယု** ။ ။ ဇော်ဝမ်းနဲ့။

**ကြည်စိုးထွန်း**။ ။ ဇော်ဝမ်းနဲ့ ဟုတ်တယ် မြတ်မွန်၊ အေးအေးသင်း။

**ဦးတင်ယု** ။ ။ ၁၉၇၇ ခုနှစ်ကျတော့ 'နေရာတိုင်းမှာ သူ့တမျက်နှာ'၊ နောက် 'မေတ္တာဘုံသို့ တခေါက်လေ'၊ 'မေတ္တာဘုံသို့ တခေါက်လေ' မှာ ဆေးရောင်စုံ နှစ်ပိုင်းပါတယ်။

**ကြည်စိုးထွန်း**။ ။ ဩော် ဆေးရောင်စုံနှစ်ပိုင်း ပါတယ်။

**ဦးတင်ယု** ။ ။ နောက် 'မင်းဘယ်ပြေးမလဲ မိချိုသဲ'။

**ကြည်စိုးထွန်း**။ ။ ဝင်းဦးနဲ့ စန္ဒာနဲ့ 'မင်းဘယ်ပြေးမလဲ မိချိုသဲ'။

**ဦးတင်ယု** ။ ။ ၁၉၇၈ ခုနှစ်ကျတော့ 'ဆုတောင်းတိုင်းသာပြည့်ချင်တယ်'။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ လင်းထင်နဲ့။

**ဦးတင်ယု** ။ ။ သီရိကေခိုင်ကို မင်းသမီးတင်ရိုက်တာ။ ၁၉၈၁ ခုနှစ် ကျတော့ 'ဇာတိသွေး'၊ ဦးတင်မောင်ရိုက်တာကို ကူရိုက်ပေးတာ။

**ကြည်စိုးထွန်း**။ ။ ကူရိုက်ပေးတာ။ ဝင်းဦးနှစ်ကိုယ်ခွဲ ဆွေဇင်ထိုက်နဲ့။

**ဦးတင်ယု** ။ ။ ၁၉၈၃ ခုနှစ်မှာ ' ချစ်တဲ့ရက်ကိုကြိုနေမယ်'။ အဲဒီမှာ ဘာထူးခြားလဲ သတိထားမိသလား။

**ကြည်စိုးထွန်း**။ ။ သတိထားမိတယ်ဆရာ၊မင်းသား မင်းသမီးတွေအများကြီး။

**ဦးတင်ယု** ။ ။ အကယ်ဒမီ (၃၃) ယောက်။ အကယ်ဒမီမရတဲ့လူမပါဘူး။

**ဦးတင်ယု** ။ ။ ၁၉၈၇ ခုနှစ် ကျတော့ 'လွမ်းနေမယ်မမ'။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ နာမည်ကြီးပဲဆရာ ကျော်ဟိန်းနဲ့ပဲ။ ဆရာ့ညီနဲ့ ပေါ့နော်ဆရာ။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း**။ ။ ဆရာ့ညီလေးနဲ့။

**ဦးတင်ယု** ။ ။ အဲဒီမှာရုပ်ရှင်ကို MTV လို မရိုက်ရဘူး။ ကျွန်တော်က အဲဒီမှာ MTV လိုရိုက်ထားတယ် ။

**ကြည်စိုးထွန်း**။ ။ ဩော် MTV လို ရိုက်ထားတယ်။ ဟုတ်ကဲ့ဆရာ ရိုက်ကတည်းက ထူးတာပေါ့နော်ဆရာ။ ၁၉၈၇ ခုနှစ် လောက်က ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်။

**ဦးတင်ယ** ။ ။ ပိုက်ဆံအရဆုံးကား။ ၁၉၈၇ ခုနှစ်ထဲမှာ လူအဝင်ဆုံး ကားပဲ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ မြန်မာရုပ်ရှင်ခေတ်သုံးခေတ် ၁၉၉၀ ပြည့်နှစ်ကျတော့ 'ဝင်္ကဘာထဲကတို့နှစ်ယောက်'။

**ကြည်စိုးထွန်း**။ ။ ' ဝင်္ကဘာထဲကတို့နှစ်ယောက် ' ကျော်ဟိန်းပဲဆရာ၊ ဆရာ့ညီနဲ့ပဲနော်။

**ဦးတင်ယု** ။ ။ ညောင်ရမ်းကို ခေတ်ပြန်လုပ်ပြီးရိုက်တာလေ။

**ကြည်စိုးထွန်း**။ ။ ဩော် 'ညောင်ရမ်းညီနောင်'က ရာဇဝင်ကား၊ ' ဝင်္ကဘာထဲကတို့နှစ်ယောက် ' ကျတော့ ခေတ်ကား ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ ၁၉၉၁ ခုနှစ် ကျတော့ 'ချစ်လို့'။

**ကြည်စိုးထွန်း**။ ။ ရန်အောင်နဲ့ ဇင်မာဦးနဲ့။

**ဦးတင်ယု** ။ ။ အဲဒီတော့ ဗီဒီယိုတွေ ပေါ်လာပြီ။

**ကြည်စိုးထွန်း**။ ။ ဗီဒီယိုပေါ်လာပြီ။ ဗီဒီယိုခေတ်ထိအောင် ရောက်လာပြီနော်ဆရာ။

**ဦးတင်ယု** ။ ။ ဗီဒီယို ' စာခြောက်ရုပ်ချစ်သူ'။

**ကြည်စိုးထွန်း**။ ။ ' စာခြောက်ရုပ်ချစ်သူ 'တို့'၊ ရွှေတောင်ပံနှင့် ပျံသည့်ငှက်' တို့ရိုက်တာ၊ အဲဒါ ဗီဒီယိုတွေချည်းပဲနော်ဆရာ။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း**။ ။ 'ညအခါလသာသာ'၊ 'မင်းဘယ်ပြေးမလဲမိချိုသဲ' ကို ပြန်ရိုက်တယ်။ အရင်က ဝင်းဦးနဲ့ရိုက်တာကို အခု ရန်အောင်နဲ့ ပြန်ရိုက်တယ်။ နောက် 'အကျော်အမော်' လည်းအရင်က ဦးခင်မောင်တို့၊ ကြည်ကြည်ဌေးတို့နဲ့ရိုက်တာကို ကျော်ရဲအောင်နဲ့ဇင်မာဦးနဲ့ ပြန်ရိုက်တယ်၊ 'ချစ်သလားမုန်းသလားပြောပါလား ' နောက်ကားက။ **စာမျက်နှာ ၁၁ သို့** ❖





❖စာမျက်နှာ ၁၀ မှ

**ဦးတင်ယု** ။ ။ **မောင်လွင်မိုးကို ရိုက်ပေးတယ်။**

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ 'မမကိုချစ်တယ်'၊ 'မြတဘက်' ပြန်ရိုက်တာနော်ဆရာ။ ထွန်းလုံရှိန်နဲ့ ဝါဝါအောင်နဲ့ ပြန်ရိုက်တယ်၊ ၁၉၉၃ ခုနှစ်မှာ။ ၁၉၉၅ ခုနှစ် ကျတော့ ရုပ်မြင်သံကြားမှာ မြဝတီမှာ ဆရာ အမှတ်စဉ် (၂) သင်ပေးရတယ်။ ၁၉၉၆ ခုနှစ်မှာတော့' မေ့နိုင်စွမ်းစေ' ကားကြီး။ ရန်အောင်၊ မေသန်းနုနဲ့ ဇေယျာတို့နဲ့ 'မေ့နိုင်စွမ်းစေ' ဆိုတဲ့ကားရိုက်တယ်၊ ၁၉၉၆ ခုနှစ်မှာ ရုံတင်တယ်။ နောက်ကျတော့ မြဝတီရုပ်သံကနေ တစ်မျက်နှာဇာတ်လမ်းတွေပေ့ါ။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း**။ ။ အခုတစ်မျက်နှာ တစ်ကွက်စာ ဆိုတာပေါ်နေတာ ဆရာ ဟိုးတုန်းကတည်းက ဒါတွေရိုက်နေတာပဲနော် ဆရာ။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း**။ ။ ၁၉၉၆ ခုနှစ်ကတည်းက ဒီ တစ်မျက်နှာ တစ်ကွက်စာဆိုတဲ့ သဘောလေးတွေ ဆရာ ရိုက်လာတာအများကြီးပါ။ ၁၉၉၇ ခုနှစ် ကျတော့ ဂျပန်နဲ့ အဆက်အသွယ်ဖြစ်ပြီးတော့ ဆရာ 'သွေး' ဆိုတဲ့ကားကို ဝိုင်းပြီးတော့ စလုပ်ပေးရတာ။ ၁၉၉၇ ခုနှစ်ကစပြီးတော့ ဆရာလုပ်ပေးတာ ၁၉၉၈ ခုနှစ် ထိလိုက်ပြီးတော့ ရိုက်ပေးရတယ်။ မြန်မာဘက်က ဒါရိုက်တာအနေနဲ့ ဆရာလိုက်ရိုက်ပေးရတယ်။

**ဦးတင်ယု** ။ ။ အဲဒီမှာ သူတို့လုပ်တဲ့နည်းလေးတစ်ခု သဘောကျတယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ အားလုံးက ရိုက်ဖို့ အစီအစဉ်လုပ်တော့မယ်၊ ဇာတ်ညွှန်းတွေ ကိုယ့်ဟာကိုယ်ကိုင်၊ ဇာတ်ညွှန်းအစည်းအဝေးကြီးလုပ်တာ။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ တစ်ကနေစပြီးတော့ ဖတ်ပြီးတော့ ကြိုက်ပလား အားလုံး ပြင်စရာရှိရင်ပြင်ပါ။ နောက်မှ ရိုက်ကွင်းထဲလာမပြင်နဲ့။

**ကြည်စိုးထွန်း**။ ။ ဩော် ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။စကားတွေလည်း ပြောခိုင်းတယ်။ စကားတွေကြိုက်ပြီလား။

**ကြည်စိုးထွန်း**။ ။ ဩော် ဒိုင်ယာလော့ခ်တွေ။

**ဦးတင်ယု** ။ ။ အဲဒီမှာ ရိုက်ကွင်းပေါ်မှာ တစ်ခု ပြဿနာဖြစ်သွားတာ။ ခုံပေါ်မှာတုန်းက ဟုတ်ကဲ့လို့ပြောတာ ရိုက်ကွင်းမှာက ဟုတ်ကဲ့ခင်ဗျ။

**ကြည်စိုးထွန်း**။ ။ ဩော် ဒီလောက်ပြောင်းသွားတာ။

**ဦးတင်ယု** ။ ။ အမ်း အဲဒါကိုဂျပန်က ခင်ဗျားဟိုတုန်းက ဟုတ်ကဲ့ပဲပြောတယ်၊ ဘာလို့ ဟုတ်ကဲ့ခင်ဗျဖြစ်သလဲ အဓိပ္ပာယ်အတူတူပဲလား၊ ဘာကြောင့်လဲ၊ အဲဒီမှာ ပိုယဉ်ကျေးအောင်ဖြစ်သွားတာပါ ပြောပြမှ ခင်ဗျတောင်ပိုလို့မရဘူး။

**ကြည်စိုးထွန်း**။ ။ ဩော် တိကျတယ်နော်။ ဇာတ်ညွှန်းထဲမှာ ဟုတ်ကဲ့ဆိုရင် ဟုတ်ကဲ့ပဲ၊ ဟုတ်ကဲ့ခင်ဗျမပြောနဲ့။

**ဦးတင်ယု** ။ ။ အစည်းအဝေးမှာ ပြင်ရင်ပြင်။

**ကြည်စိုးထွန်း**။ ။team work ပေ့ါနော်။ team work ရယ်၊ နောက် **preparation** ပေ့ါနော်၊ ကြိုတင်ပြင်ဆင်မှု သူတို့က သိပ်လုပ်တာပဲ၊ သိပ်ကောင်းတာပဲ။

**ဦးတင်ယု** ။ ။ ဇာတ်ညွှန်းပြီးတော့ ဘာလဲ၊ အဝတ်အစား။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့ဆရာ **costume** တွေ။

**ဦးတင်ယု** ။ ။ Scene One မှာ သူတို့မင်းသမီးက ဒါဝတ်ပါမယ်။

**ကြည်စိုးထွန်း**။ ။ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။ ဒီဘက်က ဘာပြောချင်လဲဆိုတော့ ပြောချင်တယ်။ မင်းတို့မင်းသမီးဆောင်းတဲ့ ဦးထုပ်က ၁၉၆၃ ခုနှစ်ကဟာ မဟုတ်ဘူး။



**ကြည်စိုးထွန်း**။ ။ ဩော် ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ ချက်ချင်းပြောင်းပြီးဆောင်းခိုင်းတာ၊ ဦးထုပ်ပြောင်းတာ ကြိုက်ပြီလား၊ မင်းတို့ မင်းသားတွေလည်း အဝတ်အစားတွေ ဝတ်ခိုင်းတယ်၊ ကျွန်တော့်ဘက်ကကြည့်၊ ဒါရိုက်တာကြည့် ကြိုက်တဲ့ အဝတ်အစားဟုတ်ပြီ။

**ကြည်စိုးထွန်း**။ ။ ခေတ်နဲ့ လျော်ညီအောင်။

**ဦးတင်ယု** ။ ။ Scene ဘယ်လောက်လဲ အဝတ်အစားတွေပေးပါ။

**ကြည်စိုးထွန်း**။ ။ တစ်ခါတည်း ယူထားလိုက်တယ်။

**ဦးတင်ယု** ။ ။ တစ်ခါတည်း ယူထားလိုက်တယ်။

**ကြည်စိုးထွန်း**။ ။ ရိုက်ခါနီးတော့မှ ထုတ်ပေးတယ်။

**ဦးတင်ယု** ။ ။ ဝတ်ပြရတယ်လေ။

**ကြည်စိုးထွန်း**။ ။ဝတ်ပြပြီးတော့ ကျေနပ်ပြီ၊ အားလုံးက ကျေနပ်ပြီဆို ဒီအဝတ်အစားကို ကုမ္ပဏီကတစ်ခါတည်းယူထားလိုက်တယ်။

**ဦးတင်ယု** ။ ။ အင်း။

**ကြည်စိုးထွန်း**။ ။ **Costume** အဖွဲ့ကဖြစ်ဖြစ် ယူထားလိုက်တယ်၊ ရိုက်မယ့်အချိန်ကျမှ ထုတ်ပေးတယ်။

**ဦးတင်ယု** ။ ။ ရိုက်တဲ့နေ့ကျ မင်းသား မင်းသမီးကမလိုဘူးလေ။ ကားကြီးမှာ တန်းတွေနဲ့ ချိတ်ပေးထားတယ်။ ဘယ် Scene ဆိုတာနဲ့ ဟိုကပေးလိုက်တာ။ ၁၉၉၈ ခုနှစ်မှာ ရုပ်ရှင်အစည်းအရုံးက သရုပ်ဆောင်သင်တန်း။

**ကြည်စိုးထွန်း**။ ။ တည်းဖြတ်သင်တန်းတွေကတော့ ဆရာတို့က မပါမဖြစ်ပေ့ါ ဆရာ။ နောက်ကျတော့ ဆရာ ၂၀၀၀ ပြည့်နှစ်ကျော်တဲ့အခါကျတော့ ထွန်းအိန္ဒြာဗိုလ်တို့၊ နောက် ကင်မရာမန်း နိုင်နုရှိန်တို့ အကယ်ဒမီရသွားတဲ့ ' မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍' ဆရာရိုက်တာထင်တယ်။



**ဦးတင်ယု** ။ ။ ဟုတ်တယ်၊ ကင်မရာမန်းကို မင်းအကယ်ဒမီရအောင် ငါလုပ်ပေးမယ်လို့ ပြောခဲ့တယ်။

**ကြည်စိုးထွန်း**။ ။ ဩော် ဟုတ်ကဲ့၊ ဖထီးဖထီး နိုင်နုရှိန်ပေ့ါ။

**ဦးတင်ယု** ။ ။ ဒီလိုကားမျိုးမှာမှ lighting က ကစားလို့ကောင်းတာ။

**ကြည်စိုးထွန်း**။ ။ဟုတ်ကဲ့ ကောင်းပါတယ်ဆရာ။ အဲဒီမှာ lighting တွေ အတော်ကောင်းတာပဲ၊ 'မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍' ကိုခင်မောင်စိုးတို့ဆီက ထုတ်လုပ်သူနေရှင်နယ်နက်ဝက်က ထင်တယ်နော်ဆရာ၊ အဲဒီမှာလွင်မိုး၊ ထွန်းအိန္ဒြာဗိုလ်နဲ့ ခိုင်သင်းကြည်ပါကြတော့ ထွန်းအိန္ဒြာဗိုလ်ကလည်း တော်တော်ကောင်းတာဆရာ။ ဆရာရိုက်ပေးတဲ့ အဲဒီကားက အကယ်ဒမီ နှစ်ယောက်ရသွားတယ်နော်ဆရာ။ နောက်ကျတော့ ကျွန်တော်တို့နဲ့တောင်မှ အဲဒီကားက အိန္ဒိယတွေ ဘာတွေလိုက်ပြလိုက်သေးတယ်ဆရာ၊ ကိုခင်မောင်စိုးတို့၊ လွင်မိုးတို့လည်းပါတယ်၊ ကိုအောင်လွင်ကြီးလည်းပါသေးတယ်၊ အဲဒီမှာသွားပြကြသေးတယ်၊ အိန္ဒိယ မွမ်ဘိုင်းပေ့ါဆရာ၊ ဘုံဘေပေ့ါ၊ ဘုံဘေမှာ သွားပြကြသေးတယ်ဆရာ။

**ဦးတင်ယု** ။ ။၂၀၀၃ ခုနှစ် ဂျပန်မှာ ဖွင့်ပွဲလုပ်တယ်၊ ဒါဆို ဒါခြောက်ခါ ရှိပြီပေ့ါ။

**ကြည်စိုးထွန်း**။ ။ခြောက်ကြိမ်မြောက် ဂျပန်သို့ရောက်ခြင်းပေ့ါဆရာ။ စကားဝိုင်းကလည်း ကျွန်တော်တို့ စလိုက်တာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်လောက်ကတည်းက စလာတဲ့ စကားဝိုင်းပေ့ါ ဆရာရယ်၊ ဆရာဆိုရင် ၁၉၂၀ ပြည့်နှစ်မှာ မွေးတာဆိုတော့ ၂၀၀၉ ခုနှစ်ဆိုတော့ ရှစ်ဆယ်နဲ့ ကိုးနှစ် ရှိသွားပြီ။ အဲဒီအတောအတွင်းမှာ ဆရာဖြတ်သန်းလာရတဲ့ ရုပ်ရှင်အတွေ့အကြုံပေ့ါလေ၊ နောက် ဗီဒီယိုပေ့ါ၊ ဗီဒီယိုခေတ်ထိအောင် ဆရာဆက်ပြီးတော့ တစ်ခါလုပ်နေရတာ၊ အသံတိတ်ခေတ်၊ အသံတိတ်ခေတ်ကနေပြီး သံစုံသွင်းခေတ်၊ သံစုံသွင်းခေတ်ကနေပြီးတော့ အသံထွက်ခေတ်၊ အသံထွက်ခေတ်မှာမှ မြင်ကွင်းကျယ်တွေရိုက်ဖူးတယ်၊ နောက် ဆေးရောင်စုံတွေရိုက်ဖူးတယ်၊




ဆရာရိုက်ပြီးတော့ ဖြတ်သန်းလာခဲ့တာ ဒီဘက် ဗီဒီယိုခေတ်နော်၊ ရုပ်ရှင်ထဲမှာ တောင်မှ MTV ပုံစံမျိုး ဆရာကလည်း တစ်ခါ 'လွမ်းနေမယ်မမ'မှာ ရိုက်ဖူးတယ်၊ အဲဒီလိုလာလိုက်တာ ကျွန်တော်တို့က ခေတ်တွေခေတ်တွေကို အများကြီးဖြတ်သန်းပြီးတော့ လာလိုက်တဲ့အခါကျတော့ ဆရာနဲ့ ကျွန်တော်နဲ့ ပြောနေတဲ့အပိုင်းမှာ ရုပ်ရှင်ရဲ့ဖြတ်သန်းလာရတဲ့ မြန်မာရုပ်ရှင်ရဲ့ တစ်သက်တာကိုလည်း ပရိသတ်လည်း တော်တော်များများ သိလာကြပါပြီ။

**ဦးတင်ယု** ။ ။မျိုးဆက်သစ်ကို ကျွန်တော် ပြောချင်တာ တစ်ခုရှိတယ်။

**ကြည်စိုးထွန်း**။ ။ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။အဲဒါဘယ်သူမှမပြောဘူး၊ ရုပ်ရှင်မှာမရှိတဲ့ စကားတွေကို သုံးတာ။

**ကြည်စိုးထွန်း**။ ။ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။Pan Up Pan Down ဆိုတာမရှိဘူး။

**ကြည်စိုးထွန်း**။ ။ဩော်ဟုတ်ပြီဆရာ၊ ရုပ်ရှင်ဝေါဟာရနဲ့ပတ်သက်လာရင် မှားနေတာတွေကို ဆရာပြုပြင်ပေးချင်တာ။

**ဦးတင်ယု** ။ ။Pan Up Pan Down ကိုသုံးတုန်းရှိသေးတယ်။

**ကြည်စိုးထွန်း**။ ။ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။Tilt Up Tilt Down ဖြစ်ရမယ်။

**ကြည်စိုးထွန်း**။ ။ဟုတ်ကဲ့ပါဆရာ။

**ဦးတင်ယု** ။ ။နောက်တစ်ခု ယောကျ်ားလူကြမ်းကိုဘာခေါ်တယ်။

**ကြည်စိုးထွန်း**။ ။Villain ပါဆရာ။

**ဦးတင်ယု** ။ ။မိန်းမလူကြမ်းကော။

**ကြည်စိုးထွန်း**။ ။Vamp ဆရာ။

**ဦးတင်ယု** ။ ။မိန်းမလူကြမ်းကို ပေါက်စမင်းသမီးလေးတွေက ကျွန်မ Villain လုပ်ချင်တာ Villain ကိုအခုခေတ်က မမုန်းတော့ဘူး၊ အဲဒီတော့ Villain လုပ်ချင်တယ် ပြောနေတယ်။ Vamp လုပ်ချင်တယ်ပြောရမှာ။ ယောကျ်ားလေးကလည်း ကျွန်တော်က Vamp လုပ်ချင်တယ်ပြောကြတယ်။ အဲဒါဘယ်သူမှ ပြင်မပေးကြဘူး။

**ကြည်စိုးထွန်း**။ ။ဟုတ်ပါတယ်ဆရာ၊ ဒီရုပ်ရှင်ဝေါဟာရတွေနဲ့ပတ်သက်ပြီးတော့ လွဲနေတာတွေက တော်တော်များများ ရှိပါတယ်ဆရာ၊ ဆရာ ပြင်ပေးတာအလွန်ကောင်းပါတယ်။ တခြားဘာများ ရုပ်ရှင်မျိုးဆက်သစ် လောကသားတွေအပေါ်မှာ ဘာများမှာကြားချင်ပါသေးလဲ။

**ဦးတင်ယု** ။ ။ရုပ်ရှင်များများရိုက်ကြရင်း ရုပ်ရှင်ကြီးကိုမပျောက်အောင် ထိန်းပေးကြပါလို့။

**ကြည်စိုးထွန်း**။ ။ရုပ်ရှင်လည်းရိုက်ကြပါ၊ မပျောက်အောင်လည်းထိန်းကြပါ၊ ရုပ်ရှင်ကြည့်ပရိသတ်အနေနဲ့ကလည်း။

**ဦးတင်ယု** ။ ။ရုပ်ရှင်များများကြည့်ကြပါ။

**ကြည်စိုးထွန်း**။ ။ရုပ်ရှင်များများကြည့်ကြပါ၊ ရုံခတွေလည်းလျှော့ပြီးတော့၊ ခရီးစရိတ်တွေလည်းနည်းပြီးတော့ အဲဒီလိုအခြေအနေနဲ့ ကြည့်နိုင်တဲ့ဟာဖြစ်ပါစေလို့ ဆရာနဲ့ ကျွန်တော်နဲ့က ဆုတောင်းရင်းနဲ့ ရုပ်ရှင်လောကကြီးလည်း အဓွန့်ရှည်ပါစေလို့ ဆန္ဒပြုရင်းနဲ့ ကျွန်တော်တို့ရဲ့ စကားဝိုင်းလေးကို ဒီမှာတင်ပဲ အဆုံးသတ်လိုက်ကြရအောင်ပါဆရာ ကျေးဇူးတင်ပါတယ်။ ဒီလိုကျန်းမာရေး၊ အသက်အရွယ်ကြီးနေတဲ့အချိန်မှာတောင်မှ ဆရာဟာ ပျော်ပျော်ပါးပါးနဲ့ ဒီစကားဝိုင်းကို ပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ဆွေးနွေးသွားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ် ဆရာ၊ နောင်လည်းဆွေးနွေးပါဦးမယ်ဆရာ၊ ကန်တော့ပါတယ်ဆရာ၊ ကျေးဇူးတင်ပါတယ်။

**ဦးတင်ယု** ။ ။သာသနာပြုနိုင်ပါစေ။

**ကြည်စိုးထွန်း**။ ။ဟုတ်ကဲ့ပါဆရာ။ ။

# ပင်လယ်ကွေ့ဒေသတင်းမာမှုများနှင့်စပ်လျဉ်း၍ တရုတ်နှင့်ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၅**
ပင်လယ်ကွေ့ဒေသ တင်းမာမှုများနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်တို့သည် ဇန်နဝါရီ ၄ ရက်နှောင်းပိုင်းတွင် နှစ်နိုင်ငံအကြား ရပ်တည်ချက်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် အမြင်ချင်းဖလှယ်မှုများကို ဖုန်းဖြင့်ဆွေးနွေးခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံသည် အမေရိကန်-အီရန် ပဋိပက္ခအရှိန်မြင့်တက်နေမှုကို အထူးဂရုပြုစောင့်ကြည့်လျက်ရှိကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် လက်နက်အင်အား အလွဲသုံးစားလုပ်ခြင်းကို ဆန့်ကျင်ကြောင်းနှင့် စစ်ရေးအန္တရာယ်ဖြစ်ပွားအောင် လုပ်ဆောင်မှုများကိုလည်း လက်မခံပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။

အီရတ်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လွတ်လပ်မှုနှင့် နယ်မြေပိုင်နက်ကို လေးစားသင့်ကြောင်း၊ အရှေ့အလယ်ပိုင်းနှင့် ပင်လယ်ကွေ့ဒေသ တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းကာကွယ်သင့်ကြောင်း၊ ဘက်ပေါင်းစုံမှ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံတကာဆက်ဆံရေး အခြေခံသတ်မှတ်ချက်များကို လိုက်နာသင့်ကြောင်း တရုတ်နိုင်ငံက အခိုင်အမာ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည်နှင့်အညီ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် အရေးကြီးသည့် တာဝန်ရှိကြောင်း၊ မဟာဗျူဟာမြောက် ညှိနှိုင်းဆွေးနွေးမှုများကို တိုးမြှင့်ဆောင်ရွက်သင့်ပြီး နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာတရားမျှတမှုကို အတူကာကွယ်ကာ လက်ရှိအရှေ့အလယ်ပိုင်းအခြေအနေကို ကောင်းမွန်စွာရင်ဆိုင်ဖြေရှင်းနိုင်ရန် တာဝန်သိသိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံ၏ရပ်တည်ချက်မှာ ထပ်တူညီပါကြောင်း၊ အမေရိကန်၏လုပ်ရပ်မှာ တရားမဝင်ဖြစ်ရာ ရှုတ်ချသင့်ကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ ညှိနှိုင်းဆွေးနွေးမှုများကို ရင်းနှီးစွာဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ တင်းမာမှု အရှိန်အဟုန်မြင့်တက်မှုများကို ရှောင်ရှားနိုင်စေရန် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့သည်။


တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်

ဝမ်ယိနှင့် လက်ရော့ဗ်တို့သည် လစ်ဗျား၊ ဆီးရီးယားစသည့် အရေးကိစ္စများ၏ နောက်ဆုံးအခြေအနေများကိုလည်းဆွေးနွေးခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ တည်ငြိမ်ရန် နီးကပ်သည့်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်လည်း သဘောတူညီခဲ့ကြသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ် (တိုင်ပေ) ရွေးကောက်ပွဲ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်

**တရုတ်(တိုင်ပေ) ဇန်နဝါရီ ၅**
တရုတ်(တိုင်ပေ) ရွေးကောက်ပွဲကို ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ အမတ်လောင်းများက ထောက်ခံမဲများ ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိသည်။

ရွေးကောက်ပွဲတွင် အဓိကယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နှစ်ဦးသည် လက်ရှိသမ္မတ တိုင်အင်ဝမ်နှင့် အတိုက်အခံအမျိုးသားရေးပါတီမှ ကာအိုဆင်းမြို့တော်ဝန်ဟောင်း ဟန်ကူအိုယုတို့ ဖြစ်သည်။

**လွတ်လပ်မှု၏ အနှစ်သာရ**

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)၏ နိုင်ငံရေးအခြေအနေများကိုပြင်းထန်စွာ ဝေဖန်ရှုတ်ချသည့်အပြင် ကာကွယ်ရေးအင်အားသုံးပြီး ထိကပါးရိကပါးလုပ်ကာ ခြိမ်းခြောက်လျက်ရှိသည်။ သို့သော် ၎င်းအနေဖြင့် မည်သည့်လက်တုံ့ပြန်မှုကိုမျှ ပြန်လည်လုပ်ဆောင်ခြင်း မရှိပါကြောင်း သမ္မတတိုင်အင်ဝမ်က ယန်လင်းစီရင်စုတွင် မဲဆွယ်စည်းရုံးစဉ် ထည့်သွင်း ပြောကြားခဲ့သည်။ ထို့ပြင် တရုတ် (တိုင်ပေ) အနေဖြင့် နိုင်ငံ၏အချုပ်အခြာအာဏာ ကျရှုံးမည်ဆိုပါက ဒီမိုကရေစီစနစ်ကျင့်သုံးရန်နှင့် လွတ်လပ်မှု၏ အနှစ်သာရများကို ကာကွယ်စောင့်ရှောက်နိုင်မည် မဟုတ်ကြောင်း သမ္မတ တိုင်အင်ဝမ်ကဆိုသည်။

သို့သော် အတိုက်အခံအမျိုးသားရေးပါတီမှ ကာအိုဆင်းမြို့တော်ဝန်ဟောင်း ဟန်ကူအိုယုက တရုတ် (တိုင်ပေ) အနေဖြင့် ပေကျင်းနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်ကြိုးပမ်းရမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံ၏အနာဂတ် တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း တာအိုယွန်မြို့၌ မဲဆွယ်စည်းရုံးစဉ် ပြောကြားခဲ့သည်။


သမ္မတ တိုင်အင်ဝမ်နှင့် အတိုက်အခံအမျိုးသားရေးပါတီမှ ကာအိုဆင်းမြို့တော်ဝန်ဟောင်း ဟန်ကူအိုယု

နောက်ဆုံးဆန္ဒမဲရလဒ်များအရ လက်ရှိသမ္မတ တိုင်အင်ဝမ်အား ထောက်ခံသည့် ပြည်သူအရေအတွက် ပိုမိုများပြားလျက်ရှိသည်။

ဟောင်ကောင်၌ ဒီမိုကရေစီအရေးဆန္ဒထုတ်ဖော်မှုများသည် သမ္မတတိုင်အင်ဝမ်အတွက် အားသာချက်တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ဟောင်ကောင်ကို တစ်နိုင်ငံမူဝါဒနှစ်ခု စည်းမျဉ်းဖြင့် အတိုင်းအတာတစ်ခုအထိ အုပ်ချုပ်ရေးတွင် ကြိုးကိုင်လျက်ရှိသည်ဟု ဝေဖန်ရေးသမားအချို့က ဆိုသည်။ ဟောင်ကောင်ပြည်သူများကလည်း ၎င်းတို့၏ လွတ်လပ်မှုနှင့် ဒီမိုကရေစီတန်ဖိုးများ ပေကျင်း၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိသွားမည်ကို စိုးရိမ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## အစ္စရေးက သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခု တည်ဆောက်ရန် ဂရိ၊ ဆိုက်ပရပ်စ်တို့နှင့် သဘောတူညီချက်ရရှိ

**အေသင် ဇန်နဝါရီ ၅**
အစ္စရေးနိုင်ငံက သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတစ်ခု တည်ဆောက်ရန် ဂရိနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့နှင့် သဘောတူညီချက်ရရှိခဲ့သည်။ ယခုတည်ဆောက်သော ပိုက်လိုင်းမှပို့လွှတ်မည့် သဘာဝဓာတ်ငွေ့ကို အစ္စရေးက ဥရောပနိုင်ငံများသို့တင်ပို့ရန် ရည်ရွယ်ထားသည်။ ယခုပြုလုပ်သောစီမံကိန်းအရ အစ္စရေး၊ ဆိုက်ပရပ်စ်နှင့် ယူကရိန်းနိုင်ငံတို့သည် ရုရှားမှ ဓာတ်ငွေ့မှီခိုဝယ်ယူရခြင်းကို လျှော့ချနိုင်မည်ဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မိမိနိုင်ငံအတွက် သမိုင်းတွင်သောနေ့ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တူရကီနိုင်ငံကမူ နိုင်ငံပိုင်ရေပြင်အတွင်းတွင် သဘာဝဓာတ်ငွေ့လုပ်ကွက်များကို ပိုမိုတိုးချဲ့လိုပြီး ယခုစီမံကိန်းအား ဆန့်ကျင်လျက်ရှိသည်။ ပြီးခဲ့သော နိုဝင်ဘာလအတွင်းက တူရကီနှင့် လစ်ဗျားတို့သည် အဆိုပါ သဘာဝဓာတ်ငွေ့စီမံကိန်းကို ပိတ်ဆို့ပြီး အထူးစီးပွားရေးဇုန်များ တည်ဆောက်ခဲ့သည်။ လေ့လာသူများက မြေထဲပင်လယ်ဒေသတွင် သဘာဝဓာတ်ငွေ့လုပ်ကွက်များကို ပိုမိုတိုးချဲ့ခြင်းသည် ဒေသတွင်းတင်းမာမှု၏ အကြောင်းရင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# လစ်ဗျား၌ စစ်သင်တန်းကျောင်းအား လေကြောင်းတိုက်ခိုက်မှုကြောင့် ဗိုလ်လောင်း ၂၈ ဦး သေဆုံး၊ အများအပြားဒဏ်ရာရ



**ထရီပိုလီ ဇန်နဝါရီ ၅**
လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်ရှိ စစ်သင်တန်းကျောင်းတစ်ခုအပေါ် ယမန်နေ့က လေကြောင်းတိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်ခဲ့ရာ လူ၂၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

“ထရီပိုလီမြို့တော်က စစ်သင်တန်းကျောင်း တစ်ခုအပေါ် လေကြောင်းတိုက်ခိုက်မှုတစ်ခုကြောင့် ဗိုလ်လောင်း ၂၈ ဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ပါတယ်” ဟု အမျိုးသားသဘောတူညီချက်အစိုးရ (GNA)၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အေမင်အယ်လ်ဟာရှီမီက ပြောကြားသည်။

အမျိုးသားသဘောတူညီချက်အစိုးရ (GNA) က ဟတ်ဖ်တာကို သစ္စာခံသည့်တပ်ဖွဲ့များ တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲခဲ့ပြီး ဖေ့စ်ဘွတ်ပေါ်၌ သေဆုံးသူများ၊ ဒဏ်ရာရရှိသူများ၏ ဓာတ်ပုံများတင်ခဲ့သည်။ သို့သော်လည်း ဟတ်ဖ်တာလိုလားသည့် တပ်ဖွဲ့က တိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဟုမပြောကြားခဲ့ပေ။

လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ချိန်တွင် ဗိုလ်လောင်းများမှာ အိပ်ဆောင်များသို့ မသွားရောက်မီ စစ်ရေးပြကွင်းတစ်ခု၌ စုဝေးနေကြောင်း ၎င်းကဆိုသည်။ အဆိုပါ စစ်သင်တန်းကျောင်းမှာ ထရီပိုလီမြို့တော်၏ လူနေဒေသတစ်ခုဖြစ်သည့် အယ်လ်-ဟတ်ဘာအယ်လ်ခါဒရာ၌ တည်ရှိသည်။ သွေးလှူရှင်များအနေဖြင့် ဆေးရုံများ၊ သွေးဘဏ်များသို့ သွားရောက်ကာ ဒဏ်ရာရရှိသူများကို ကူညီကြရန် ၎င်းက တောင်းဆိုခဲ့သည်။ ထရီပိုလီမြို့တောင်ပိုင်းတွင် တပ်မတော်ခေါင်းဆောင် ခါလီဖာဟတ်ဖ်တာက အမျိုးသားသဘောတူညီချက်အစိုးရ (GNA) အပေါ်ထိုး စစ်ဆင်မှုတစ်ရပ်စတင်ခဲ့သည့် ပြီးခဲ့သည့်နှစ် ဧပြီလနောက်ပိုင်း ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

၂၀၁၁ ခုနှစ်တွင် နေတိုးအဖွဲ့ ကျောထောက်နောက်ခံပြုသော ဆူပူအုံကြွမှုတစ်ခုအတွင်း အာဏာရှင်မိုအမ်မာကဒါဖီသတ်ဖြတ်ခံရပြီးနောက် လစ်ဗျားနိုင်ငံမှာ ပရမ်းပတာအခြေအနေများ ဖြစ်လာခဲ့သည်။ ထို့နောက်ပိုင်း အမျိုးသားသဘောတူညီချက်အစိုးရ (GNA) နှင့် နိုင်ငံအရှေ့ပိုင်းအခြေစိုက်သည့် ပြိုင်ဘက်အာဏာပိုင်များကြား အုပ်စုကွဲသွားခဲ့သည်။ ဟတ်ဖ်တာ၏ တပ်ဖွဲ့က ထရီပိုလီမြို့တော်အား တိုက်ခိုက်မှုစတင်ခဲ့ချိန်နောက်ပိုင်း အရပ်သား၂၈၀ ကျော်နှင့် တိုက်ခိုက်ရေးသမား၂၀၀၀ ကျော် သေဆုံးခဲ့ပြီး ပြည်သူ ၁၄၆၀၀၀ နေရပ်စွန့်ခွာခဲ့ရကြောင်း ကုလသမဂ္ဂ၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# တင်းမာမှုများမြင့်တက်လာခြင်းကြောင့် အီရန်ရှိ နေရာ ၅၂ ခုကို ပစ်မှတ်ထား၍ တိုက်ခိုက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြော

**ဝါရှင်တန် ဇန်နဝါရီ ၅**

အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံက အမေရိကန်တပ်ဖွဲ့ဝင်များ သို့မဟုတ် အမေရိကန်နိုင်ငံ၏ ပိုင်ဆိုင်မှုပစ္စည်းများကို တိုက်ခိုက်လာလျှင် အီရန်နိုင်ငံရှိ နေရာ ၅၂ ခုကို ပစ်မှတ်ထားပြီး အလွန်မြန်ဆန်ကြမ်းတမ်းစွာဖြင့် ပြန်လည်တိုက်ခိုက်မည်ဟု သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၄ ရက်တွင် သတိပေးခဲ့သည်။

အီရန်နိုင်ငံရှိ နေရာ ၅၂ ခုကို ပစ်မှတ်ထားခြင်းမှာ ၁၉၇၉ ခုနှစ်က တီဟီရန်မြို့တော်ရှိအမေရိကန်သံရုံး၌ ဓားစာခံအဖြစ် တစ်နှစ်ကျော်ကြာ ထိန်းသိမ်းခံခဲ့ရသည့် အမေရိကန်နိုင်ငံသား ၅၂ ဦးကို ကိုယ်စားပြုကြောင်း အီရတ်နိုင်ငံ၌ အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သြဇာကြီးမားသော အီရန်ဗိုလ်ချုပ်ကြီးတစ်ဦး လုပ်ကြံခံရမှုကို ကာကွယ်ပြောဆိုသည့် သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာ၌ရေးသားခဲ့သည်။ နေရာ ၅၂ ခု အနက် အချို့နယ်မြေများမှာ အီရန်နိုင်ငံနှင့် အီရန်ယဉ်ကျေးမှုအတွက် အလွန်အရေးကြီးကြောင်း၊ ထိုပစ်မှတ်နေရာများကို အမြန်ဆန်ဆုံး၊ အပြင်းထန်ဆုံးတိုက်ခိုက်မည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မည်သည့်ခြိမ်းခြောက်မှုများကိုမျှ မလိုချင်တော့ကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။

အီရန်နိုင်ငံ၏ ဒုတိယမြောက် သြဇာအကြီးမားဆုံးပုဂ္ဂိုလ်အဖြစ် ညွှန်းဆိုခဲ့သည့် ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သတ်ဖြတ်ခံရမှုကြောင့် အီရန်လိုလားသည့် ဂိုဏ်းများက အီရတ်နိုင်ငံတစ်ဝန်းရှိ အမေရိကန်စစ်စခန်းများအပေါ် ဒုံးကျည်များဖြင့်ပစ်၍ ဖိအားပေးခြင်း၊ အီရတ်တပ်ဖွဲ့များကို သတိပေးမှုများပြုလုပ်ပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အီရန်ဗိုလ်ချုပ်ကြီး သတ်ဖြတ်ခံရမှုကြောင့် အီရန်နိုင်ငံက လက်တုံ့ပြန်မည်ဟု ကတိပြုခဲ့သလို အမေရိကန်နှင့် အီရန်ကြား တင်းမာမှုများမြင့်တက်လာကာ အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခအရှိန်ကြီးမားလာခဲ့သည်။ ဖြစ်နိုင်ဖွယ်ရာ ပထမဆုံး လက်တုံ့ပြန်မှုအဖြစ် ယမန်နေ့က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်သံရုံးအနီး ဧရိယာတစ်ခုသို့ မော်တာကျည်နှစ်လုံးပစ်ခတ်ခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

အီရတ်တပ်မတော်ကလည်း ဘဂ္ဂဒက်မြို့တော်အတွင်း ဒုံးကျည်တိုက်ခိုက်မှုများကို အတည်ပြုခဲ့ပြီး ထိခိုက်သေဆုံးသူများမရှိကြောင်း ပြောကြားခဲ့သည်။ ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ခြင်းမရှိဟု အမေရိကန်တပ်ဖွဲ့က ပြောသည်။

**ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန် – ကျော်ထိုက်စိုး**






# ဟော်မုဇ်ရေလက်ကြားရှိ ဗြိတိန်သင်္ဘောများကို ဗြိတိန်ရေတပ် စောင့်ရှောက်မည်

**လန်ဒန် ဇန်နဝါရီ ၅**

အမေရိကန်နိုင်ငံ၏ လေကြောင်းစစ်ဆင်မှုတစ်ခုအတွင်း အီရန်တပ်မတော် တပ်မှူး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားလာသည့် ဗြိတိန်နိုင်ငံအလံလွှင့်ထူထားသည့် သင်္ဘောများကို ဗြိတိန်ရေတပ်က စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ဗြိတိန်က ပြောကြားသည်။

ရေနံသယ်ဆောင်ရာ အဓိကသင်္ဘောလမ်းကြောင်းတစ်လျှောက် သင်္ဘောများကို စောင့်ကြပ်လိုက်ပါရန်အတွက် ပြင်ဆင်ထားကြရန် ရေတပ်သင်္ဘောနှစ်စင်းကို ညွှန်ကြားထားပြီးဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘန်ဝါလေ့စ်က စနေနေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဘန်ဝါလေ့စ်က ၎င်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အပ်စ်ပါနှင့် စကားပြောခဲ့ကြောင်း၊ အခြေအနေတင်းမာမှုကိုလျှော့ချရန် သက်ဆိုင်သူအဖွဲ့အားလုံးကို တိုက်တွန်းကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။ လွန်ခဲ့သည့်လများအတွင်း အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များသည် အီရန်၏ ထပ်ခါထပ်ခါတိုက်ခိုက်မှုကို ခံခဲ့ရကြောင်း၊ ၎င်းတိုက်ခိုက်မှုများကို ဆိုလန်းမန်းနီက ဦးဆောင်ခဲ့ကြောင်း ဘန်ဝါလေ့စ်က ပြောကြားခဲ့သည်။

နိုင်ငံတကာဥပဒေအရ အမေရိကန်နိုင်ငံသည် ၎င်း၏ နိုင်ငံသားများအပေါ် ကျရောက်သည့် သိသာထင်ရှားသည့် ခြိမ်းခြောက်မှုအန္တရာယ်မှ မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်ရှိကြောင်း ဝါလေ့စ်က ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့်နှစ်က အီရန်ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက ဟော်မုဇ်ရေလက်ကြားအတွင်း ဗြိတိန်အလံတင်ထားသည့် သင်္ဘောတစ်စင်းကို ဖမ်းဆီးခဲ့ပြီးနောက် ဗြိတိန်ရေတပ်သင်္ဘောများသည် ယင်းရေလက်ကြားကို ဖြတ်သန်းသည့် ဗြိတိန်သင်္ဘောများကို လိုက်ပါစောင့်ရှောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ဇော်လင်း**

# ကမ္ဘောဒီးယားအဆောက်အဦပြိုကျမှု သေဆုံးသူ ၃၆ ဦးအထိ မြင့်တက်

**ဖနောင်ပင် ဇန်နဝါရီ ၅**

ဇန်နဝါရီ ၃ ရက်က ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ဘက် ကက်ပ်ပြည်နယ်၌ဖြစ်ပွားသော ခြောက်လွှာရှိ အဆောက်အဦတစ်လုံးပြိုကျမှုတွင် ယမန်နေ့က သေဆုံးသူ ဦးရေ ခြောက်ဦးသာရှိသော်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းအပြီးသတ်ချိန်တွင် သေဆုံးသူ ၃၆ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ယနေ့ပြောကြားသည်။

အဆောက်အဦပြိုကျမှုတွင် အမျိုးသမီး ၁၄ ဦးအပါအဝင် စုစုပေါင်း ၃၆ ဦး သေဆုံးခဲ့ပြီး အမျိုးသမီးရှစ်ဦးအပါအဝင် လူ ၂၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဟွန်ဆန်က ကူညီကယ်ဆယ်ရေးလုပ်ငန်း အပြီးသတ်ခဲ့ပြီးနောက် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူအားလုံးသည် ကမ္ဘောဒီးယားနိုင်ငံသားများဖြစ်ပြီး ယင်းသေဆုံးသူများထဲတွင် ကလေးများအပါအဝင် အမျိုးသားကန်ထရိုက်တာတစ်ဦး၊ ဆောက်လုပ်ရေးအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များပါဝင်ကြောင်း သိရသည်။

အလုပ်သမားများက ခုနစ်လွှာမြောက် အလွှာတည်ဆောက်ရန် ကွန်ကရစ်လောင်းနေစဉ် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲခန့်တွင် အဆောက်အဦပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးချက်အရ ဝန်ကြီးချုပ်ဟွန်ဆန်သည် အဆောက်အဦကန်ထရိုက်တာ၏ မှားယွင်းမှုကြောင့် အဆောက်အဦပြိုကျခဲ့ခြင်း ဖြစ်ကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။

အဆောက်အဦပြိုကျမှုနှင့်ပတ်သက်၍ အဆောက်အအုံပိုင်ရှင် ဒေသခံအမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီးကို တာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းထားပြီး တရားစွဲဆိုရန်အတွက် တရားရုံးသို့ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆောက်အဦပြိုကျမှုကြောင့် သေဆုံးသွားသူများ၏ ကျန်ရစ်သူမိသားစုဝင်များ၊ ဒဏ်ရာရရှိသူများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိကြောင်း ဟွန်ဆန်က ပြောကြားသည်။ သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များသည် နှစ်နာကြေး အမေရိကန်ဒေါ်လာ ၅၂၅၀၀ စီ ရရှိခဲ့ကြပြီး ဒဏ်ရာရရှိသူများသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ စီ အသီးသီးရရှိခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

အဆောက်အဦပိုင်ရှင်သည် အဆိုပါအဆောက်အဦအတွက် လိုင်စင်လျှောက်ထားစဉ်က ငါးလွှာရှိ အဆောက်အဦတစ်လုံးအတွက် လျှောက်ထားသော်လည်း ဆောက်လုပ်သောအခါ ခုနစ်လွှာရှိ အဆောက်အဦကို တရားမဝင် ဆောက်လုပ်ခဲ့ကြောင်း ကက်ပ်ပြည်နယ်မြေယာစီမံခန့်ခွဲမှု၊မြို့ပြစီမံကိန်းနှင့် ဆောက်လုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**




# ကင်ညာကမ်းရိုးတန်းဒေသရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို အယ်လ်ရှာဘတ်အဖွဲ့က တိုက်ခိုက်

**လာမူး ဇန်နဝါရီ ၅**

ဆိုမာလီအစွန်းရောက်အုပ်စု အယ်လ်ရှာဘတ်အဖွဲ့က ၎င်းတို့သည် ကင်ညာနိုင်ငံ ကမ်းရိုးတန်းဒေသ လာမူးစီရင်စုရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို တနင်္ဂနွေနေ့နံနက်က တိုက်ခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်ရေတပ်က အသုံးပြုသည့် လေယာဉ်ဆင်းကွင်းပျက်စီး၍ လေယာဉ်များ မီးလောင်ခဲ့ကြောင်း ရဲများကပြောသည်။

စစ်အခြေစိုက်စခန်းတွင် စစ်သားများနှင့် စစ်သွေးကြွများအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန်တို့ပိုင်ဆိုင်သည့် လေယာဉ်အချို့နှင့် မော်တော်ယာဉ်များ မီးလောင်ခဲ့ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

သို့သော်လည်း စစ်သားများက စစ်သွေးကြွတို့၏ တိုက်ခိုက်မှုကို ပြန်လည်တွန်းလှန်၍ စစ်သွေးကြွလေးဦးကို သုတ်သင်နိုင်ခဲ့ပြီးနောက် လေယာဉ်ဆင်းကွင်းသည် လုံခြုံသွားပြီဖြစ်ကြောင်း ကင်ညာတပ်မတော်က ထုတ်ပြန်သည့် ကြေညာချက်တစ်စောင်တွင် ဖော်ပြသည်။

အမေရိကန်စစ်သား ၁၆၀ ကျော်ခန့် စခန်းချနေထိုင်သည့် စစ်အခြေစိုက်စခန်းအနီးရှိ မန်ဒါလေယာဉ်ဆင်းကွင်းအား စီးနင်းရန်ကြိုးစားခဲ့သည့် ဆိုမာလီအစွန်းရောက်အဖွဲ့ကို အောင်မြင်စွာတွန်းလှန်ခဲ့ပြီးနောက် ယင်းလေယာဉ်ဆင်းကွင်းသည် လုံခြုံသွားပြီဖြစ်ကြောင်း ကင်ညာကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ပေါလ်ညူဂူနာက ပြောကြားသည်။

လာမူးစီရင်စု၌ဖြစ်ပွားသည့် တိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ကင်ညာတပ်ဖွဲ့နှစ်ဖွဲ့စလုံးကို ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးအောင်လုပ်နိုင်ခဲ့ကြောင်း၊ အမေရိကန်စစ်လေယာဉ်နှင့် မော်တော်ယာဉ်များကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အောင်ဇော်လင်း**

# လားရှိုး၊ ဟိုပုံး၊ ရွာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေပိုင်းက လားရှိုးမြို့ ဟိုပိတ်ကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-လားရှိုးသွားကားလမ်းမပေါ်တွင် ဇော်ဆွတ်အောင်(ခ)မာနော် မောင်းနှင်ပြီး ကွန်ဂျာရှောင် လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၂၅၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၀၊ ငွေကျပ် ၉၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ဟိုပုံးမြို့နယ်**

ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာအနီး ဟိုပုံး-လွိုင်လင်ကားလမ်းတွင် သောင်းရွှေ(ခ)ခွန်မောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း။

**ရွာငံမြို့နယ်**

ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ယုန်တောင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်ကားလမ်း မိုင်တိုင်အမှတ် (၃၈/၂)နှင့် (၃၈/၃)အကြား၌ ဆိုင်ကယ်တစ်စီးရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးရာ ဘိန်းစိမ်း ၂၆ ဒသမ ၅ ကီလိုအား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ဇော်ဆွတ်အောင်(ခ)မာနော်၊ ကွန်ဂျာရှောင်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## သထုံမြို့၌ ယာဉ်တိုက်မှုဖြစ်၊ ဆိုင်ကယ်မောင်းသူ သေဆုံး

**သထုံ ဇန်နဝါရီ ၅**
မွန်ပြည်နယ် သထုံမြို့ နောင်ကုလားကျေးရွာ မော်လမြိုင်-ရန်ကုန် အဝေးပြေးလမ်းမကြီး၌ ဇန်နဝါရီ ၄ ရက် ည ၁၁ နာရီခန့်က သထုံမှ ဘီးလင်းသို့ ယာဉ်မောင်း အောင်နိုင်ဦး အုတ်ဖြတ်ရပ်ကွက် ဖြူးမြို့နယ်နေသူ မောင်းနှင်လာသောယာဉ်သည် ရှေ့မှ ဟန်ဝေ လိပ်အင်းရပ်ကွက် သထုံမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိသဖြင့် ဟန်ဝေမှာ ဆိုင်ကယ်တိမ်းမှောက်ပြီး သေဆုံးခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်**

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်နိုင်ဦးအား သထုံမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)



## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ် မတော်တဆမှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၅**
ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး၏ မန္တလေး-နေပြည်တော်အမြန်လမ်းပိုင်း မိုင်တိုင် (၂၈၆/၃-၂၈၆/၄)အကြားတွင် ယနေ့နံနက် ၅ နာရီခွဲက အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကလေး လေးဦး စုစုပေါင်း ၃၂ ဦးတင်ဆောင်ပြီး ယာဉ်မောင်း ကျော်ဇင်လတ် မြင်သာရပ်ကွက် မကွေးမြို့ နေသူ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် ယာဉ်၏ရှေ့ယာဘက်ဘီးပေါက်သဖြင့် အရှိန်မထိန်းနိုင်ဘဲ ရေနုတ်မြောင်းကာအထိန်းနံရံအား ဝင်တိုက်မိကာ လမ်းပေါ်ကျွန်းပေါ်သို့ ရောက်ရှိသွားခဲ့သည်။

**အမှုဖွင့်**

ဖြစ်စဉ်ကြောင့် ကလေး တစ်ဦးအပါအဝင် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာများရရှိခဲ့သဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ သီးကုန်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ရကြောင်းနှင့် ယာဉ်မောင်းအား အမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)
ဓာတ်ပုံ(အမြန်လမ်းရဲတပ်ဖွဲ့)

## ရှင်ဗွေယန်မြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရှင်ဗွေယန် ဇန်နဝါရီ ၅**
ကချင်ပြည်နယ် ရှင်ဗွေယန်မြို့တွင် မူးယစ်ဆေးဝါးသတင်းအရ ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီတွင် စခန်းမှူး ရဲအုပ်အောင်နေဆန်း ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကျော်စိုးနိုင်(ခ) အာနိုး၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ မီးဖိုချောင်အတွင်းမှ ဘိန်းဖြူ အမှုန့် ၁၄၃ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ခန့် ရှာဖွေတွေ့ရှိသည်။

နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဘိန်းဖြူအမှုန့် ၄၈၄ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ခန့် ရှာဖွေတွေ့ရှိသဖြင့် ကျော်စိုးနိုင်(ခ)အာနိုးအား ဒုရဲအုပ်ဗညားထွန်းက တရားလိုပြုလုပ်ကာ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)
ဟူးကောင်း(ရှင်ဗွေယန်)



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း ပန်ဆန်းမြို့နယ်များတွင် ကူးစက်ဖြစ်ပွားခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာဖရိကဝက်အပြင်းဖျားရောဂါ ကင်းရှင်းမှုအခြေအနေကို သိရှိနိုင်ရန်အတွက် ရောဂါစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) ဝက်များတစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းနှင့် အများပြည်သူစားသုံးရန် သားသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကျန်းမာရေးစစ်ဆေးမှုကို ခံယူရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ဆောင်းပီပါမှ

ဆူးငှက်

ရှစ်မျက်နှာ ယှက်ကာခြံသည်
ထက်အာကာယံ့ နယ်ဖြစ်အင်။
ပက်ပါရွာအုံ့ ခြယ်ရစ်ဆင်သည်
တိမ်နယ့်ပိုင်ရှင် မာန်မူ၍
မင်ခဲမင်ညွှန့် ကနုတ်ထောင်သည်
အဟုတ်ပြိုဆောင် ဖန်အားတတ်နိုင်ပေ့၊
ခွင့်မကာရ ဒါလကြုံမှာ ... ခွာမြဝတ်မှုန် လေပြည်ဝေ့ ...
ငွေနှင်းစွေအန် ဟေမန်လေမို့
လေပြည်ဈာန် မွှေ့ဖွေ့လှိုက်ခုန်
ရထည်ခြုံလွှာ ပြန်ပြန်ထပ်တယ်
ဖန်ဖန်မလက် ဘွင်သည်းစိမ့်ကာတုန် . . .။
လေအေးလှိုင်းတွေ နယ်ချဲ့။

မထင်မှတ်သော ဆောင်းလေအေးက လေးငါးရက်ဆက်တိုက်ဆက်တိုက် ဖက်ရမ်းခဲ့သည်။ ဟိုး.... တောင်တရုတ်ပင်လယ်ဆီက လေအေးလှိုင်းတွေ နယ်ချဲ့လာသတဲ့။ သူ့လက်ဖျံမှ နှင်းက အပြေးအလွှား နေရာယူရလေတော့၏။ နှင်းရယ် လာမှ လာနိုင်ပါ့မလားရယ်လို့ စိုးရိမ်ပူပန်လိုက်ရတာကွယ်။ လာမည့် လာတော့လည်း ရက်လနှစ်ချီ အလီလီ ခွဲရလေသော သည်းသည်းလှုပ် ချစ်သူနှစ်ဦးဆုံတွေ့ရသလို နှင်းကလည်း ကဲလွန်း သည်းလွန်း လှချေ၏။ မိုးလေလား နှင်းလေလား ထင်မှတ်မှားရအောင် ဖြိုးဖြိုးဖြောက်ဖြောက် မိုးသီးမိုးပေါက်အလား ထင်မှတ်မှားရ၏။ သရက်ကုန်း ကျောင်းတိုက်ဆီက ဆွမ်းခံတုံးမောင်းခေါက်တော့ အပျိုပေါက် နေခြည်က “နှင်း” စောင်ထူထူအောက် အိပ်မောကျဆဲ..၊ ကိုမာလီက သူ့နို့စားနွားမဆီက နွားနို့ညှစ်ယူဖို့ သားခွဲသံ တဘူးဘူးညံသော်လည်း နှင်းလွှာမကွဲသေး...။

နုဆတ် စိမ်းရွှင်သော ငှက်ပျောရွက်ဖားဖားတို့က နှင်းမိုးရေချိုးကြတာ အပြိုင်းအရိုင်း....။ တံစက်မြိတ်က နှင်းမိုးရေသောက်ကြတာ အလုအယက်....။ ကန်သင်းလမ်းကွေ့ကောက်ကောက်ကလည်း မိုးစွေအပြီး နှင်းအရည်အဖျန်းအပက်မှာ စိုစိုစွတ်စွတ် အလူးအလဲ....။ ရွက်သစ်ခြုံလွှာ မဝယ်နိုင်မီစပ်ကြား ဒန့်သလွန်ပင်ပိန်ရှည်ရှည် လက်ပြင်ကိုင်းကလည်း နှင်းတောမှာ ခိုက်ခိုက်တုန်...။ ငှက်ပျောခြံစပ်က ရှို့ထားသော အမှိုက်မီးခိုး အူအူကတော့ နှင်းကို အန်တုကာ ကခုန်ဖို့ ကြိုးစားနေရှာသည်။ သည်လိုနဲ့ . . .။

**ဝီရိယလွန် ချိုးကူသံလေးတွေ**

မနက်မိုးလင်းသည်နှင့် ရိုးမတောင်တန်းပြာပြာတွေဆီ ငေးမျှော်ရင်း၊ ဝီရိယလွန် ချိုးကူသံလေးတွေ နားထောင်ရင်း အညွှန့် မတက်နိုင်သော သပြေပင်ပေါက်လေးတွေကြည့်ကာ သက်ပြင်းချရင်း၊ နွားနို့စစ်စစ်၊ ကော်ဖီစစ်စစ်လေးတစ်ခွက် ငတ်မွတ်ရင်း....၊ မင်နံ့မပြယ်သေးသည့် လတ်ဆတ်သတင်းစာကို စောင့်မျှော်ရင်း၊ ဖောင်တော်ဦးပရဟိတသွားမည့် ကလေးတွေပေးဖို့ သကြားသီး ညိုမှည့်မှည့်တွေ ခူးဆွတ်ရင်း....၊ မြန်မြန်နမ်းလှည့်ပန်း၏ အရောင်နီရဲရဲကို ရင်ခုန်ခံစားရင်း၊ ပုလင်းခွံ၊ အိတ်ခွံသည်ကို လည်ဆန့်ရင်း....၊ ခပ်ဝေးဝေးက ပျံ့လွင့်လာမည့် အက်ဖ်အမ်ရေဒီယိုက ခပ်ဝဲဝဲ မပီကလာ အသံကို နားစွင့်ရင်း ...

သေချာတာကတော့ နက်ဖြန်မနက် နှင်းတွေ ဝေနေမှ ဖြစ်မှာပါလေ။

“ ငွေနှင်းမှုန်ရီ ဝေဝေစီ
မြောက်လေဆော်သွေး အေးတဲ့လရာသီ သမယအခါဆီ
ပြာသို ခွာညို ညှာစိုစိမ်းလဲ့လန်း ရွှေနန်းတော်သွင်း
လှဲ့ဝင်းမူရာပလီ
သူဇာ ဒေဝီ တော်ဝင်ပန်းကို မြန်းလို့ဆင်ရှာသည်
ဗျာပါဆံလေးချ အရွယ်ညီ
ဖွေသဖန်း ရဝေနန်း ရွှေကြငှာန်း ဆောင်ဘုံဆီ။ ”

**ဆောင်းအဝင်နောက်ကျသော်လည်း**

**နတ်တော်လပြည့်ခါနီးတွင် ဆောင်းက ဆောင်းအစွမ်းပြလာချေပြီ။**

**လွန်ခဲ့သော နှစ်ကာလများဆီက**

**တန်ဆောင်မုန်းလပြည့် စစ်ကိုင်းတောင်ကထိန်ညများသည်**

**ငွေနှင်းဖွဲဖွဲအောက်၌ ခိုက်ခိုက်တုန်မျှ ချမ်းသော်လည်း . . .**



**ဆောင်းနတ်သမီး ရုတ်ခြည်း ထွက်လာ**

ဆောင်းအဝင်နောက်ကျသော်လည်း နတ်တော်လပြည့်ခါနီးတွင် ဆောင်းကဆောင်းအစွမ်းပြလာချေပြီ။ လွန်ခဲ့သော နှစ်ကာလများဆီက တန်ဆောင်မုန်းလပြည့် စစ်ကိုင်းတောင်ကထိန်ညများသည် ငွေနှင်းဖွဲဖွဲအောက်၌ ခိုက်ခိုက်တုန်မျှ ချမ်းသော်လည်း မန္တလေးသူ မန္တလေးသားတို့၏ မောင်ရင်းနှမအသွင် ရင်းနှီးချစ်ကြည်မှုဖြင့် ပုညရှင်ရင်ပြင်တော်ပေါ်၌ သွေးနွေးခဲ့ကြသည်။ အခုတော့ တန်ဆောင်မုန်းလပြည့် စစ်ကိုင်းတောင် ကထိန်ညများက အတိတ်မှာ ဝေး.....ဝေး....ဝေး.....ကျန်ရစ်ခဲ့ချေပြီ။ ခြင်္သေ့တစ်ကောင်စောင်းတန်း၊ ပုညရှင်နှင့် ဥမင်သုံးဆယ် တောလမ်းတစ်လျှောက် တရုတ်စံကားပင်ရိပ်၊ ဧရာဝတီမြစ်ကမ်းနံဘေး စစ်ကိုင်းတောင်ခြေရင်းက ဇရပ်ဖြူဆိပ်တွေမှာ ကြိတ်ကြိတ်တိုး လူအုပ်အစား လမ်းပိတ်ဆို့ကားတန်းကြီးအဖြစ် ပြောင်းလဲသွားသည်။ အရင်က တိုးမပေါက်အောင် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည့် သရက်ပင်ဆိပ်လမ်းဆုံမှာတော့ ဘီယာဆိုင်၊ ကာရာအိုကေဆိုင်၊ ကွမ်းယာဆိုင်၊ အကင်မျိုးစုံဆိုင်တို့ဖြင့် အစားထိုးသွားသည်။

ကထိန်လပြည့်ည စရိုက်ပြောင်းလဲခြင်းနှင့်အတူ ဝေနေသော၊ ဝေခဲ့သောနှင်းတွေ ဘယ်ဆီမှာလဲမသိ။ နှင်းမရှိတော့ ဆောင်းလည်းမရှိ။ နှင်းဝတ်လွှာရုံမရှိလေသောအခါ ဆောင်းနတ်သမီးကား အဘယ်မှာလျှင် လူကြားတိုးဝံ့ပါမည်နည်း။ ဆောင်းကား ပျောက်ပေ့ါ။ ဆောင်းနေရာတွင် လောဘကြီးလွန်းသော နွေက နေရာယူထားဆဲ ဖြစ်သည်။ နွေကားမိုးကိုသိမ်းပိုက်ရုံမျှမက သူနှင့်အလှမ်းကွာလွန်းသော ဆောင်းနတ်သမီးကိုပင် ထိကပါးရိကပါး လုပ်ချင်သည့် သဘော...။ အခုတော့ ခြေခင်းလက်ခင်းသာလို့နေလား မသိ။ နတ်တော်လပြည့်ခါနီးမှ ဆောင်းနတ်သမီး ရုတ်ခြည်းထွက်လာပြီ။ နှင်းဝတ်ရုံက ပါးလွန်းလှတော့ သူမက မဝံ့မရဲ...၊ ရှက်ကိုးရှက်ကန်း....ဒါပေမယ့် ဝတ်ရုံမပါဘဲ ဆောင်းနတ်သမီး အလှကြီးလှလို့ ချမ်းတုန်အေးလှရှိချေ၏။

**ဖောက်လှဲဖောက်ပြန်ရာသီဥတုကြောင့်**

တကယ်တော့ ဆောင်းကား သူ့နယ်မြေဝေစုကို နွေနှင့်မိုးအတွက် ဖဲ့ဖဲ့ပေးနေရတာ ကြာချေပြီ။ ဆောင်း၏ ပိုင်ဆိုင်မှု ကျန်တော့လေမည်လားမသိ။ နားလည်တတ်ကျွမ်းသူ အချို့ကတော့ ဖန်လုံအိမ်ဓာတ်ငွေ့ အာနိသင်တဲ့ ...။ ကမ္ဘာကြီးပူနွေးလာလို့တဲ့။ ဝင်ရိုးစွန်းဖျားတွေက ဆယ့်နှစ်ရာသီအေးခဲနေသော ရေခဲတိုက်ကြီးတွေ ဖြည်းဖြည်းအက်ကွဲပြိုကျ အရည်ပျော်ရသတဲ့။ သမုဒ္ဒရာကြီးထဲက ကုန်တင်သင်္ဘောကြီးတွေ၊ လူစီးသင်္ဘောကြီးတွေ မထင်မှတ်ဘဲ မျောပါနေကြသော ရေမရေခဲတုံးကြီးတွေကို မတိုက်မိမခိုက်မိအောင် ရှောင်ရှားမောင်းနှင်ဖို့ သတိပေးနေကြပါသတဲ့။ ဂျပန်အနီးက ပစိဖိတ်သမုဒ္ဒရာကြီးထဲ မြန်မာပြည်ထက်နှစ်ဆလောက်ကြီးမားသော အမှိုက်ပုံကြီးဖြစ်ထွန်းနေပြီတဲ့။ စွန့်ပစ်အီလက်ထရောနစ်ပစ္စည်းတွေ၊ ပလတ်စတစ်တွေ၊ ကြွပ်ကြွပ်အိတ်တွေ ရေပေါ်မှာပေါ်လော ...မြင်မကောင်း၊ ရှုမကောင်း ...၊ နှစ်ဆယ့်တစ်ရာစု၏ ကမ္ဘာကြီးမှာဖြင့် စားဖို့သောက်ဖို့အလုအယက်ပြေးလွှားရှာဖွေနေကြရသည့်အထဲ၊ အတ္တမာနတွေဖြင့်ကြီးနိုင်ငယ်ညှဉ်း စစ်တလင်းခင်းကြရရုံသာမက ဖောက်လှဲဖောက်ပြန်ရာသီဥတုကြောင့် ရှိမြဲနေမြဲ သဘာဝတရားက တန်ပြန်ဒဏ်ခတ်ရန် ပြင်ဆင်ပါလေပကော...။

နွေရဲလျှင် မိုးရဲပါမှ၊ မိုးရဲလျှင်လည်း ဆောင်းရဲပါမှ၊ ဆောင်းမပီသော ဆောင်းသည် အန္တရာယ်ဟု သိမှတ်လက်ခံနိုင်ကြပါလေကုန်။ ဆောင်းပီနိုင်ဖို့ နှင်းမင်းသမီးတို့ ငွေလွှာဝတ်ရုံတို့ဖြန့်ကာပျော်မြူး ကခုန်ကြလေကုန်။ ။

---

# စစ်ကိုင်းတိုင်းဒေသကြီးရှိ ဟိုတယ်ကြီးများ၌ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းကျော် ဝင်ရောက်တည်းခို

**မုံရွာ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားဇုန် ခြောက်ခုရှိ ဟိုတယ်ကြီးများ၌ ၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွား ၂၂၀၆၂၁ ဦးထိရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ခန္တီး၊ ကလေး၊ မုံရွာစသည့် ခရီးသွားဇုန် ခြောက်ခုရှိ ဟိုတယ် ၄၆ လုံးတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ တည်းခိုမှုအနေဖြင့် ပြည်တွင်းခရီးသွား ၁၉၂၀၇၃ ဦးနှင့် ပြည်ပခရီးသွား ၂၈၅၄၈ ဦးတို့ ဝင်ရောက်တည်းခိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသွားဇုန် ခြောက်ခု၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပြည်တွင်းခရီးသွား ၁၅၅၇၆ ဦး၊ ပြည်ပခရီးသွား ၃၈၃၆ ဦး၊ ဖေဖော်ဝါရီလတွင် ပြည်တွင်းခရီးသွား ၁၄၅၉၇ ဦး၊ ပြည်ပခရီးသွား ၃၅၆၄ ဦး၊ မတ်လတွင် ပြည်တွင်းခရီးသွား ၁၆၁၃၀၊ ပြည်ပခရီးသွား ၂၉၉၄ ဦး၊ ဧပြီလတွင် ပြည်တွင်းခရီးသွား ၁၅၀၁၉ ဦး၊ ပြည်ပခရီးသွား ၁၃၇၄ ဦး၊ မေလတွင် ပြည်တွင်းခရီးသွား ၁၄၆၁၈ ဦး၊ ပြည်ပခရီးသွား ၁၄၈၉ ဦး၊ ဇွန်လတွင် ပြည်တွင်းခရီးသွား ၁၃၆၁၆ ဦး၊ ပြည်ပခရီးသွား ၁၀၅၈ ဦးတို့ ဝင်ရောက် တည်းခိုခဲ့သည်။

ထို့အပြင် ဇူလိုင်လတွင် ပြည်တွင်း ခရီးသွား ၁၆၇၉၀၊ ပြည်ပခရီးသွား ၁၄၅၉ ဦး၊ သြဂုတ်လတွင် ပြည်တွင်းခရီးသွား ၁၄၅၇၉ ဦး၊ ပြည်ပခရီးသွား ၁၉၁၃ ဦး၊ စက်တင်ဘာလတွင်ပြည်တွင်းခရီးသွား ၁၅၄၉၉ ဦး၊ ပြည်ပခရီးသွား ၁၆၂၄ ဦး၊ အောက်တိုဘာလတွင် ပြည်တွင်းခရီးသွား ၁၉၂၄၅ ဦး၊ ပြည်ပခရီးသွား ၂၄၀၁ ဦး၊ နိုဝင်ဘာလတွင် ပြည်တွင်းခရီးသွား ၁၈၁၄၀၊ ပြည်ပခရီးသွား ၃၉၃၆ ဦးနှင့် ဒီဇင်ဘာလတွင် ပြည်တွင်းခရီးသွား ၁၈၂၇၀၊ ပြည်ပခရီးသွား ၂၉၀၀ တို့ ဝင်ရောက်တည်းခိုခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကရင်ပြည်နယ် ဝန်ကြီးချုပ် လှိုင်းဘွဲမြို့နယ် အောင်ဆန်းခန်းမဖွင့်ပွဲ တက်ရောက်

**ဘားအံ ဇန်နဝါရီ ၅**
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်ဆန်းခန်းမဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါ အောင်ဆန်းခန်းမတွင် ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်ချို၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးချစ်ဦးနှင့် ဒေါ်နန်းမိုးမိုးထွေး၊ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်၊ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက အောင်ဆန်းခန်းမ အဆင့်မြှင့်ပြုပြင်ခြင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ပြည်နယ်ဝန်ကြီးများသည် တိုက်ပွဲရှောင်ပြည်သူများနှင့်သွားရောက်တွေ့ဆုံကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ရေး၊ ရေရှည်အတွက် မိသားစုအလိုက် အတည်တကျနေထိုင်သွားနိုင်ရေးတို့အတွက် ဆွေးနွေးပြောကြားခဲ့ကြပြီး အသားတုံ၊ ပဲအစရှိသော စားသောက်ကုန်များ၊ အဝတ်အထည်များ၊ ဆိုလာလက်ဆွဲမီးအိမ်တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# လူငယ်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မိတ်ဆက်ရှင်းလင်းခြင်းနှင့် "လူငယ်နှင့် ငြိမ်းချမ်းရေး" စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီက ဘုရားကုန်းကျေးရွာရှိကြာကန်ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ကိုထက်ပိုင်စိုးနှင့် မြို့နယ်လူငယ်တာန်ခံ ကိုဝင်းကိုက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ လူငယ်များနှင့် ငြိမ်းချမ်းရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော လူငယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ကျောက်ဆည်ခရိုင်၌ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးမည့်ရှင်းလင်းပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တရားရုံးတွင် ဖွင့်လှစ်ဆောင်ရွက်သွားမည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ရှင်းလင်းပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းနှင့် ကျောက်ဆည်တရားသူကြီး ဒေါ်သိန်းသိန်းနှင်းတို့က မှုခင်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ခရိုင်**
**(ပြန်/ဆက်)**



# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းနှင့် စံပြဆုရ ကျေးရွာများအား ဆုချီးမြှင့်

**ကောလင်း ဇန်နဝါရီ ၅**
(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကောလင်းမြို့ ဗိုလ်ချုပ်ပန်းခြံ၌ ကျင်းပရာ နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက ဖတ်ကြားခဲ့သည်။



ထို့နောက် ၂၀၁၉ ခုနှစ် ကောလင်းမြို့နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြဆုရရှိသည့် ကျေးရွာ နှစ်ရွာနှင့် ကျေးရွာအတွင်းနေ ပြည်သူများ၏ စည်းလုံးညီညွတ်မှု အကောင်းဆုံးစံပြဆုရရှိသည့် ကျေးရွာနှစ်ရွာတို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးတင်စိုးနှင့် ဒေါ်ဖြူဖြူဝင်းတို့က ဆုများချီးမြှင့်ကြသည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့က ပြုလုပ်သော အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ပြန်/ဆက်)**

# သုံးခွမြို့၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**
(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က သုံးခွမြို့နယ် မှော်ဝန်းမာလာပန်းဥယျာဉ်၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အငြိမ်းစား စစ်မှုထမ်းဟောင်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်မျိုးနိုင်က ဖတ်ကြားကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

**ကမ္ဘာထဲတွင် အသက်ရှင် သက်ရှိသက်မဲ့ ပတ်ဝန်းကျင် မိသားစုသွင် စိတ်မှာထား ထိန်းသိမ်းကြစို့ တို့ကြိုးစား**

# မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးဒေသခံ မြို့မိမြို့ဖများနှင့် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်ကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) ည ၇ နာရီက မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မိမိတို့နိုင်ငံအတွက် မရှိမဖြစ် လိုအပ်နေသည့် ငြိမ်းချမ်းရေးအသိအမြင်ကို ယခုဂီတပွဲတော်မှတစ်ဆင့် ရင်ထဲနှလုံးသားထဲအထိတိုင်အောင် အရောက်တွန်းပို့နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂီတပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က ပွဲတော်ကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂီတပွဲတော်စတင်ကျင်းပရာ ဖျော်ဖြေရေးအဖွဲ့များက မငြိမ်းချမ်းလို့မဖြစ်ဘူး သီချင်းစာသားအား အနှစ်သာရရှိစွာ ကြည့်ရှုနားဆင်ခံစားနိုင်စေရေးအတွက် နောက်ခံစကားပြောများ၊ မန္တလေး၏ ဂီတအနုပညာများ ယဉ်ကျေးမှုလက္ခဏာများနှင့်ပတ်သက်သည့် သမိုင်းမှတ်တမ်းများ၊ ငြိမ်းချမ်းခြင်းနှင့် မငြိမ်းချမ်းသည့် ကာလများတွင် နေထိုင်ရသည့် ဘဝဖြစ်စဉ်များကို နောက်ခံမှတ်တမ်းဓာတ်ပုံများဖြင့် တေးသရုပ်ဖော် တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည်။

မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်တွင် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ အနုပညာရှင်အဖွဲ့များ၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့မှ အကအဖွဲ့များ၊ ကယားပြည်နယ်မှ တိုင်းရင်းသားအဆိုရှင်များ၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့နယ်များမှ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် အသင်းအဖွဲ့များ၊ အဆိုရှင်များနှင့် ဂီတမိတ်ပညာရှင်များ စုစုပေါင်းအင်အား ၇၀၀ ကျော်ဖြင့် တီးခတ်သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါဂီတပွဲတော်သို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်၊ ကယန်းတိုင်းရင်းသားလူမျိုးစုအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် အဖွဲ့ဝင်များ၊ ဂီတပွဲတော် ကျင်းပရေးအဖွဲ့တာဝန်ရှိသူများနှင့် ပြည်သူများတက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်မှ ရင်တွင်းစကားသံများ

မန္တလေးဒေသခံ မြို့မိမြို့ဖများနှင့် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်တွင် ပါဝင်သူများ၏ ရင်တွင်းစကားသံများကို မျှဝေလိုက်ပါသည်။



ဦးနိုင်မောင်မြင့်



နော်ဂူးဂူး



ဦးဝင်းမော်



ကိုသက်နောင်ထွန်း



နန်းဖြိုးရတနာ

**ဦးနိုင်မောင်မြင့်**
**(ဥက္ကဋ္ဌ၊ မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစု ၁၈ ဖွဲ့) ( မန္တလေးသံစဉ် ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော် ကျင်းပရေးကော်မတီ)**

မြန်မာနိုင်ငံမှာ ပြည်သူတစ်ရပ်လုံးရဲ့ ရင်ထဲမှာ ငြိမ်းချမ်းတဲ့အရသာကို ခံစားချင်နေကြပါပြီ။ ဒါကြောင့် မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတဲ့ အနေအထားကို လိုလားတောင့်တနေကြတယ်ဆိုတာကို ရည်ရွယ်ပြီး ဒီပွဲတော်ကို ကျင်းပပေးတာပါ။ ဒီဂီတပွဲတော်ကနေ တင်ဆက်လိုက်တဲ့ အနုပညာရသကနေတစ်ဆင့် ပြည်သူတွေရဲ့ နှလုံးသားထဲကို ရောက်ရှိပြီး နောက်ဆုံးမှာ သက်ဆိုင်သူတွေဆီကို ရောက်ရှိအောင် လုပ်ဆောင်တာ ဖြစ်ပါတယ်။ မန္တလေးမှာ ကျင်းပလိုက်တဲ့ ဒီဂီတပွဲတော်ကနေ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအထိ ရိုက်ခတ်ကူးစက်သွားပြီး သူတို့တွေကလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဖို့လိုအပ်တယ်ဆိုတဲ့အသိကို ရရှိသွားရင် ငြိမ်းချမ်းရေးအသီးအပွင့်တွေကို တစ်နိုင်ငံလုံးခံစားရရှိသွားမှာဖြစ်ပါတယ်။

**နော်ဂူးဂူး**
**ကယန်းတိုင်းရင်းသူ၊ မငြိမ်းချမ်းလို့မဖြစ်ဘူးသီချင်း မူရင်းအဆိုရှင်**

ဒီဂီတပွဲတော်ကြီးမှာ မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတဲ့ သီချင်းကို သီဆိုခွင့်ရလို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီသီချင်းကို အော်ဂတ်စတာတီးဝိုင်းအဖွဲ့ရယ်၊ ကယားအဖွဲ့နဲ့ မန္တလေးက အဆိုရှင်တစ်ယောက်နဲ့တွဲဖက်ပြီး သီဆိုပါတယ်။ ဒီသီချင်းဆိုနေတဲ့အချိန်မှာ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ ငြိမ်းချမ်းရေးသီချင်းလည်းဖြစ်သလို ကိုယ်တိုင်လည်း လက်တွေ့ကြုံတွေ့နေရတဲ့ ခံစားချက်ဖြစ်တဲ့အတွက် ပြောမပြနိုင်လောက်တဲ့ ထူးခြားတဲ့ခံစားမှုတစ်ခုကို ခံစားမိပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် တတ်နိုင်တဲ့ သီချင်းသံစဉ်တွေ၊ လုပ်အားတွေနဲ့ ပါဝင်သွားမှာပါ။ လူတစ်ဦးချင်းစီနဲ့ တစ်ကမ္ဘာလုံးရဲ့ ရင်ထဲမှာ ငြိမ်းချမ်းမှုတွေ ရရှိပါစေလို့ ဆုတောင်းပါတယ်။ ဒီသီချင်းက အလွန်ပြည့်စုံပြီး ခံစားမှုပေါင်းစုံပါဝင်တဲ့အတွက် နားထောင်တဲ့သူအားလုံး ခွန်အားဖြစ်စေပြီး ငြိမ်းချမ်းရေးအတွက် ပုံဖော်လာနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဝင်းမော်**
**ဥက္ကဋ္ဌ၊ ကယန်းတိုင်းရင်းသားများလူမှုရေးအသင်း(မန္တလေး)**

မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတဲ့ သီချင်းကို ကျွန်တော်တို့ ကယားပြည်နယ်က တေးရေးဆရာ သစ်လွင်အောင်(လွိုင်ကော်)က ရေးဖွဲ့ခဲ့ပြီး ကယန်းတိုင်းရင်းသူ အဆိုရှင် နော်ဂူးဂူးနဲ့ အတူ ဒေသခံတီးဝိုင်းနဲ့ စတင်တီးခတ် သီဆိုပြီး မွေးဖွားခဲ့တာပါ။ ဒီသီချင်းမှာပါတဲ့ စာသားတွေက အင်မတန်ကောင်းမွန်တဲ့အတွက် တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင် ဒါရိုက်တာ၊ တေးရေးဆရာ နောင်နောင် (sunflower)ရဲ့ ပါဝင်ကူညီမှုကြောင့် အော်ဂတ်စတာတီးဝိုင်းကြီးနဲ့ MTV ရိုက်ကူးပြီး နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အကျိုးပြုစေမယ့် အဖွဲ့အစည်းတွေကို ဒီသီချင်းကို လှူဒါန်းခဲ့တဲ့အပြင် NCA လေးနှစ်ပြည့် အခမ်းအနားမှာလည်း သီဆိုဖျော်ဖြေခွင့်ရခဲ့ပါတယ်။ အခုတစ်ခါ မန္တလေးအခြေစိုက် တိုင်းရင်းသားပေါင်းစုံနဲ့ မန္တလေးဒေသခံ ပြည်သူတွေ၊ အနုပညာရှင်တွေ ပူးပေါင်းပြီး ဒီဂီတပွဲတော်ကြီးကို ကျင်းပဖြစ်ပါတယ်။ ဒီလိုကျင်းပနိုင်တဲ့အတွက် ဂီတသံစဉ်တွေကနေတစ်ဆင့် မငြိမ်းချမ်းလို့ မဖြစ်တော့ဘူးဆိုတဲ့ အသိတွေဝင်လာပြီး ငြိမ်းချမ်းအောင် အတူပူးပေါင်းပါဝင်လုပ်ဆောင်ကြမယ်ဆိုတဲ့ အတွေးတွေရရှိစေဖို့ မျှော်လင့်ပါတယ်။

**ကိုသက်နောင်ထွန်း**
**တေးရေး သစ်လွင်အောင်(လွိုင်ကော်)**

လက်ရှိကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနာဂတ်မှာ ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက် အထူးလိုအပ်နေပါတယ်။ ဒါကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးကို အရေးကြီးတဲ့ အသိလေးတစ်ခု ပေးချင်တယ်။ အဲဒါကတော့ ‘မငြိမ်းချမ်းလို့မဖြစ်တော့ဘူး’ ဆိုတာပါပဲ။ အယူအဆတွေ မတူကွဲပြားခြားနားပြီး ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်သစ်တွေရဲ့ ဘဝဟာ နောင်အနှစ် ၂၀ ကျော်မှာ တိုင်းပြည်မရှိတဲ့ လူမျိုးဘဝကို ရောက်သွားနိုင်တယ်ဆိုတဲ့ အသိကိုပေးချင်လို့ ဒီသီချင်းကို ရေးဖြစ်တာပါ။ ကျွန်တော့်ရဲ့ ဒီသီချင်းမှာ ဘယ်သူ့ကိုမှ အပြစ်မတင်ထားပါဘူး။ မငြိမ်းချမ်းတော့ပြီလား… မရိုးသားခြင်းတွေကြား…မေတ္တာတရားတွေ ခန်းခြောက်သွားကာ…လုံးပါးပါးတော့မလားစတဲ့ မေးခွန်းလေးတွေပဲ မေးထားပါတယ်။ ဒီအတိုင်းပဲ ညှိနှိုင်းလို့မရရင် တိုင်းပြည်ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတဲ့ အတွေးလေးတစ်ခုကို တွေးမိသွားအောင် မေးခွန်းလေးတွေ မေးထားတာပါ။ ဒီမေးခွန်းတွေက ကျွန်တော်တို့ မြန်မာပြည်မှာရှိကြတဲ့ ပြည်သူအားလုံးက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး မေးရမယ့် မေးခွန်းတွေဖြစ်သလို အဖြေကိုလည်း ကိုယ်တိုင်ပြန်ဖြေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ဖို့အတွက် အားလုံးမှာ တာဝန်ရှိလာပြီဆိုတာကို အဓိကထားပြီး ရေးခဲ့တာပါ။

**နန်းဖြိုးရတနာ**
**ပအိုဝ်းတိုင်းရင်းသူ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့၊ ဆိုက်ခေါင်ကျေးရွာ**

ဒီဂီတပွဲတော်မှာ တိုင်းရင်းသားရိုးရာအကနဲ့ ပါဝင်ဖျော်ဖြေပါတယ်။ မငြိမ်းချမ်းလို့မဖြစ်ဘူး သီချင်းကို နားထောင်ပြီး ကျွန်မတို့ဒေသမှာ မဟုတ်ပေမယ့် ရှမ်းပြည်နယ်မြောက်ပိုင်းမှာတော့ ငြိမ်းချမ်းမှုတွေ မရှိသေးတာတွေ့ရတဲ့အတွက် အဲဒီဒေသမှာ ငြိမ်းချမ်းစေချင်တယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းစွာ နေထိုင်ကြစေချင်ပါတယ်။ မြန်မာပြည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်ဖို့ အချိန်ကျရောက်နေပြီဆိုတဲ့ အသိကို သံစဉ်ထည့်ပြီး သီချင်းအဖြစ် ဖော်ပြလိုက်တာပါ။ ဒီဂီတပွဲတော်ကြီးကို မန္တလေးပြီးရင် အခြားတိုင်းဒေသကြီး ပြည်နယ်တွေမှာလည်း သူတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံနဲ့အညီ တွဲဖက်ပြီး ကျင်းပပေးမယ်ဆိုရင် တစ်နိုင်ငံလုံးက မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတဲ့အသိကို တွေးမိပြီး ငြိမ်းချမ်းရေးအတွက် ပူးပေါင်းပါဝင်လာဖို့ မျှော်လင့်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ အောင်ဖြိုးကျော်**



## ကမ္ဘာလှည့်ခရီးသွား ပိုမိုဝင်ရောက်နိုင်ရန် ဆိုက်ရောက်ဗီဇာဖြင့် ခွင့်ပြု

**ရန်ကုန် ဇန်နဝါရီ ၅**
မြန်မာနိုင်ငံအတွင်းရှိ တောတောင်ရေမြေသဘာဝအလှအပများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ကြည့်ရှုလေ့လာခံစားကြရန်အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် လေကြောင်း၊ ရေကြောင်းများဖြင့်သာမက နယ်စပ်ဝင်/ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိရာ လက်ရှိနိုင်ငံပေါင်း ဖ၀ ကျော်ကိုဆိုက်ရောက်ဗီဇာဖြင့် ခွင့်ပြုထားကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်နိုင်စေရေးအတွက် နိုင်ငံအချို့အား ဗီဇာကိစ္စများဖြေလျှော့ပေးပြီး ဆိုက်ရောက်ဗီဇာများဖြင့် ခွင့်ပြုလျက်ရှိရာ ဩစတြီးယားနိုင်ငံအပါအဝင်ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအား ယခုနှစ်ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်)ခွင့်ပြုခဲ့ကြောင်းသိရပြီး ဇန်နဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စမ်းသပ်ကာလသုံးနှစ်သတ်မှတ်၍ ယင်းနိုင်ငံများမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူကမ္ဘာလှည့်ခရီးသည်များအားရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ဆိုက်ရောက်ဗီဇာ(ကမ္ဘာလှည့်)ခွင့်ပြုထားကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးမြှင့်ဝင်ရောက်နိုင်ရေးအတွက် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်းနှင့်ဘက်ပေါင်းစုံမှ ဖြေလျှော့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ထင်ရှားသောဒေသများသို့ စဉ်ဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ Caravan Tour ခရီးစဉ် ၁၇၃ ခု၊ ခရီးသွားဧည့်သည် ၂၆၈၄ ဦးဝင်ရောက်လည်ပတ်ခဲ့ကြောင်းဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**ပွင့်သစ္စာ**

## စိုက်ပျိုးရေးကဏ္ဍအထောက်အကူပြုနိုင်မည့် မြေအသုံးချရေးဓာတ်ခွဲခန်းဖွင့်လှစ်

**တောင်ငူ ဇန်နဝါရီ ၅**
သီးနှံများအောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေဆီလွှာများစမ်းသပ်၍လိုအပ်သည့် အာဟာရများဖြည့်စွက်ခြင်း၊ လျှော့ချသုံးစွဲခြင်းတို့ကို စမ်းသပ်စစ်ဆေးနိုင်သော မြေအသုံးချရေး ဓာတ်ခွဲခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တောင်ငူခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မိမိတို့စိုက်ပျိုးသည့် သီးနှံဈေးကွက်ကို စဉ်ဆက်မပြတ်လေ့လာသိရှိနိုင်ရန်လိုအပ်သကဲ့သို့ တောင်သူများနှင့် ဝယ်လက်ဖြစ်သော ကုန်သည်ပွဲစားအရောင်းအဝယ် လုပ်ကိုင်သောအစုအဖွဲ့တို့ ချိတ်ဆက်၍ ကန်ထရိုက် (Farmming) လယ်ယာစနစ်သို့ စုပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်မြေဆီလွှာကိုအခြေခံကာ အရည်အသွေးကောင်းမွန်သော သီးနှံများထုတ်လုပ်နိုင်ရန် တောင်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုဖွင့်လှစ်ခဲ့သော ဓာတ်ခွဲခန်းသည် မြေဆီလွှာတွင်ပါဝင်သော အာဟာရဓာတ်များ၏ အနည်းအများပေါ်မူတည်ကာ စမ်းသပ်စစ်ဆေးပေးနိုင်မည်ဖြစ်၍တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




## မြန်မာ့ရိုးရာဝိုင်းခြင်းခတ်ကစားနည်း ပြည်ပဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်

**ညောင်ဦး ဇန်နဝါရီ ၅**
မြန်မာ့ရိုးရာခြင်းလုံးကစားနည်းဖြစ်သော ဝိုင်းခြင်းခတ်ကစားနည်းကို ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ကြသည့် ပြည်ပ ခရီးသွားများစိတ်ဝင်စားမှု မြင့်တက်လာနေကြောင်း ညောင်ဦးမြို့မှ အပျော်တမ်းဝိုင်းခြင်းခတ်အဖွဲ့မှ ဦးဇင်အောင်က ပြောကြားသည်။

ပုဂံ-ညောင်ဦးမြို့ရှိ ခြင်းခတ်ဝါသနာရှင်များသည် ညနေပိုင်း အလုပ်သိမ်းချိန် မြေကွက်လပ်များတွင် ဝိုင်းခြင်းခတ်ကစားရာနေရာသို့ ပြည်ပနိုင်ငံသား၊ နိုင်ငံခြားသူများစိတ်ဝင်တစားလာရောက်ကြည့်ရှုကြရာမှ ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်းရှိလာခဲ့ရာ ယခုနောက်ပိုင်းသူတို့ကိုယ်တိုင်ပါဝင်ကာ ခြင်းခတ်ကစားလာကြောင်းနှင့် ဝိုင်းခြင်းခတ်ကစားနည်း အခေါ်အဝေါ်များမှတ်သားလေ့လာကြကြောင်း ရန်ကုန်မြို့မှ စပိန်ဧည့်လမ်းညွှန်ဦးခင်မောင်ဌေးက ပြောကြားသည်။

ကျန်းမာရေးအရ ဝိုင်းခြင်းခတ်ခြင်းနှင့် ဝါသနာအရ ဝိုင်းခြင်းခတ်ခြင်းများ ခတ်ကြသော်လည်းခက်ခဲသည့်ခြင်း ခတ်နည်းများအား ခြင်းခတ်ပညာရှင်၊ ခြင်းဝါသနာရှင်များသာ ခတ်နိုင် ခတ်တတ်ကြကြောင်း၊ နိုင်ငံခြားသား နိုင်ငံခြားသူများသည် ခြေခွင်၊ ခြေဖျား၊ ဒူး၊ ခေါင်းလောက်ဖြင့်သာ ခတ်တတ်ကြပြီး ဝိုင်းခြင်းခတ်တစ်ဝိုင်းလျှင် လူငါးယောက်မှခြောက်ယောက်ထိပါဝင်ခတ်ကြပြီး နိုင်ငံခြားသား နိုင်ငံခြားသူများမှာ မြန်မာ့ရိုးရာဝိုင်းခြင်းခတ်ကစားနည်းအား အလွန်သဘောကျနှစ်ခြိုက်ကြကြောင်း ဝိုင်းခြင်းခတ်ဝါသနာရှင် ဦးဇင်အောင်က ပြော ကြားသည်။

ဝိုင်းခြင်းခတ်ခြင်းများအား ညောင်ဦး၊ ပုဂံမြို့သစ်၊ ပုဂံမြို့ဟောင်းတို့တွင် ဝိုင်းခြင်းခတ်ခြင်း ၁၅ ဝိုင်းခန့်ရှိကြောင်း အဆိုပါ ဝိုင်းခြင်းများအား ဟိုတယ်၊ မိုတယ်ကုမ္ပဏီများမှ ငှားရမ်းကာ ညနေပိုင်း တန့်ကြည့်တောင်ဘက်ခြမ်း ဧရာဝတီသဲသောင်ခုံပေါ်တွင် ပြည်ပနိုင်ငံသားများ ပုဂံနေဝင်ဆည်းဆာနောက်ခံနှင့် ဝိုင်းခြင်းခတ်ခြင်းများကို စိတ်ဝင်တစားကြည့်ရှုပြီး ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကြကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

## MNL-2 ပြိုင်ပွဲအဖွင့်ပွဲတွင် Chinlandနှင့် မောရဝတီ၊ ကချင်နှင့် မြဝတီတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၅**
မြန်မာနေရှင်နယ်လိဂ်ကော်မတီကကြီးမှူးကျင်းပမည့် ၂၀၂၀ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်လာပြီဖြစ်ပြီးအဖွင့်ပွဲအဖြစ် Chinland နှင့် မောရဝတီ၊ ကချင်နှင့် မြဝတီတွေ့ဆုံနေသည်။

ပွဲစဉ် (၁) အဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် စလင်းကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ပဒုမ္မာကွင်း/ဗဟန်းကွင်း၌ Chinlandအသင်းနှင့် မောရဝတီအသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် စလင်းကွင်း၌ တက္ကသိုလ်အသင်းနှင့် MFF ယူ–၁၉ အသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ယောမြေအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကိုဇန်နဝါရီမှ ဇူလိုင်အထိကျင်းပမည်ဖြစ်ပြီးပထမအကျော့ကိုဇန်နဝါရီ ၂၃ ရက်မှ မတ် ၁၅ ရက်၊ ဒုတိယအကျော့ကို မေ ၂၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်းရှစ်သင်းဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းသစ်အဖြစ် ယောမြေအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ MNL မှ တန်းဆင်းလာရသည့် Chinland အသင်းအပါအဝင် မောရဝတီအသင်း၊ ကချင်ယူနိုက်တက်အသင်း၊ မြဝတီအသင်း၊ ငွေကြယ်ပွင့်အသင်း၊ MFF ယူ–၁၉ အသင်း၊ တက္ကသိုလ်အသင်းနှင့် ယောမြေအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ MFF ယူ–၁၉ အသင်းသည် ရွေးချယ်ထားသည့် ကစားသမားများပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယောမြေအသင်းမှာမူ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်မည်ဖြစ်သည်။

MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ရာသီတွင် ချင်း ယူနိုက်တက်အသင်း၊ ၂၀၁၄ ရာသီတွင် ဟံသာဝတီအသင်း၊ ၂၀၁၅ ရာသီတွင် Southern အသင်း၊ ၂၀၁၆ ရာသီတွင် မနောမြေအသင်း၊ ၂၀၁၇ ရာသီတွင် စီးတီးရန်ကုန်အသင်း၊ ၂၀၁၈ ရာသီတွင် ရှိုင်းရယ်သန်လျင်အသင်းနှင့် ၂၀၁၉ ရာသီတွင် ချင်းယူနိုက်တက်အသင်းတို့ ဖိုလ်စွဲခဲ့သည်။

**ရှိုင်းထက်ဇော်**

## မိတ္ထီလာနည်းပညာတက္ကသိုလ်၌ ၂၀၂၀ ပရောဂျက်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၅**
မိတ္ထီလာနည်းပညာတက္ကသိုလ်၌ ၂၀၂၀ ပရောဂျက်ပြပွဲ (Project, Product Show and Funfair 2020 ) ကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်တွင် ကျင်းပသည်။

"ကျောင်းသား ကျောင်းသူတွေကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကိုယ်တိုင်တီထွင်ဖန်တီးလိုစိတ်တွေရှိလာစေဖို့၊ သက်ဆိုင်တဲ့ ပညာရပ်အလိုက် ပိုမိုလေ့လာသင်ယူဆောင်ရွက်လိုစိတ်တွေဖြစ်ပေါ်လာစေဖို့နဲ့ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ ဘယ်လိုပရောဂျက်တွေကိုဆောင်ရွက်ပြုလုပ်နေရတာလဲဆိုတာ မြို့ကအခြားနည်းပညာစိတ်ဝင်စားတဲ့ ကျောင်းသူကျောင်းသားတွေ၊ လူငယ်တွေကို ပြသနိုင်ဖို့ရည်ရွယ်ပြီးအခုလိုပရောဂျက်ပြပွဲတွေကို နှစ်စဉ်ကျင်းပတာဖြစ်ပါတယ်၊ အခုအကြိမ်က တတိယအကြိမ်မြောက် ပရောဂျက်ပြပွဲလည်းဖြစ်ပါတယ်"ဟု မိတ္ထီလာနည်းပညာတက္ကသိုလ်မှ ဒေါက်တာစုမျိုးခင် (သင်တန်းရေးရာဌာန၊ ဌာနကြီးမှူး ) က ပြောသည်။

ယင်းပရောဂျက်ပြပွဲတွင် မိတ္ထီလာနည်းပညာတက္ကသိုလ် ကျောင်းသူ ကျောင်းသားများ ပါဝင်ဆောင်ရွက်ထားသည့် ဘာသာရပ်ခြောက်ခုနှင့်သက်ဆိုင်သော ပြခန်းခြောက်ခန်းကို ခင်းကျင်းပြသထားရာ ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ၊ နည်းပညာစိတ်ဝင်စားသူများက စည်ကားသိုက်မြိုက်စွာ လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ချမ်းသာ**
**(မိတ္ထီလာ)**

■


ပဲခူးတိုင်းဒေသကြီး ( အနောက်ပိုင်း ) ပြည်ခရိုင် ပေါင်းတည်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်တို့တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလူမော် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဇန်နဝါရီ ၂ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့စဉ်။ မြင့်နိုင်

# (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပ

**တောင်ငူ**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို တောင်ငူခရိုင်အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ကျင်းပသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နံနက် ၁၀ နာရီတွင် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး၊ ကဗျာ၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပအိုဝ်း၊ ရှမ်း၊ ကရင်၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကများဖြင့် တင်ဆက်ကပြဖျော်ဖြေခဲ့ကြပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များဖြင့် ဇန်နဝါရီ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

**ကျော်လှ(တောင်ငူ)**

**မော်လမြိုင်ကျွန်း**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည်။

ယင်းနောက် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မော်ကျွန်းမြင့်အောင်**

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ မြို့နယ်ပြည်သူ့အားကစားကွင်းကြီး၌ (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက စတင်ကျင်းပသည်။

ထို့နောက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှပေးပို့သော (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်ဇင်မိုးထိုက်၊ ဒေါ်ပပဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

**အောင်မြင့်(ပန်းတောင်း)**



# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ မြောင်းမြမြို့၌ ကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၅**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက မြကန်သာပန်းခြံ ဗိုလ်ချုပ်ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ဖတ်ကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်ပြီး (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထက်၊ လယ်၊ မူအဆင့် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ အခမဲ့ ပေးဝေခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးငယ်များနှင့် ပျော်ရွှင်စရာပြိုင်ပွဲများ ကျင်းပ



**လှိုင်းဘွဲ့ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဘောလုံးမှုတ်ပြိုင်ပွဲနှင့် ကတ်ကစားပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲများ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေမြတ်ကို မမေ့လျော့ဘဲ အစဉ်အမြဲသတိရနေစေရန် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဘောလုံးမှုတ်ပြိုင်ပွဲနှင့် ကတ်ကစားပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ လွတ်လပ်ရေးနေ့ဂုဏ်ပြုရုပ်ရှင်ပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် တတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲ (မြန်မာနိုင်ငံ) ကို ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(MMPO) ရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရုပ်ရှင်ပြပွဲဖွင့်ပွဲတွင် ငါ့ညီ ငါ့မြေ ငါ့အမေအမည်ရှိ မြန်မာ့ရုပ်ရှင်ဇာတ်ကားကြီးအား ပြသခဲ့ပြီး အဆိုပါဇာတ်ကားသည် ၁၉၇၂ ခုနှစ် ရုံတင်ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၌ ပြည်သူလူထုကိုယ်တိုင် လက်နက်စွဲကိုင် အသက်ပေးတော်လှန်ခဲ့ကြပုံကို ဒါရိုက်တာ ဦးညွန့်ဝင်းက ရိုက်ကူးပုံဖော်ကာ သရုပ်ဆောင် ဦးညွန့်ဝင်း၊ ဦးဝင်းဗိုလ်၊ ဦးဆန်းဝင်း ရွှေမန်းညီအစ်ကိုများ၊ ရွှေမန်းဇာတ်သဘင် အဖွဲ့သူအဖွဲ့သားများနှင့်အတူ ရုပ်ရှင်ပြဇာတ်မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေး၊ မင်းသမီးဒေါ်နှင်းဆီတို့က ပါဝင်ထားကြောင်း သိရသည်။

ထို့အတူ ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီတွင် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းမှ ယခုနှစ်အတွက် ရွေးချယ်ထားသည့် "The Tiger"အမည်ရှိကိုရီးယားရုပ်ရှင်ဇာတ်ကားကို ဆက်လက်ပြသသည်။

မြန်မာ့လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုခြင်းနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနည်းတူ နိုင်ငံတကာမှ လွတ်လပ်ရေးကြိုးပမ်းခဲ့ကြပုံများအပေါ် လူငယ်များအနေဖြင့် သိရှိကြစေရေးအတွက် ဂုဏ်ပြုကာ ပြသခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ပြပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**



(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် စစ်တောင်းရိပ်မွန်အားကစားကွင်းအတွင်း၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပစဉ်။

ခင်မောင်ဝင်း (ကြေးမုံ)

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်၌ ပြုလုပ်ရာ ပျော်ပွဲရွှင်ပွဲတွင် ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်စဉ်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)





(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီက ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် (ရွှေလိပ်ပြာ)တွင် ကျင်းပရာ ငှက်ပျောပင်ဇောက်ထိုးတက်ပြိုင်ပွဲ၌ မိန်းကလေးတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။

တင်ဝင်းတင်




# မန်ယူအသင်းက ပေါ့ဘာနဲ့ အမ်တိုမီနေး ဒဏ်ရာရနေသဖြင့် ကွင်းလယ်ပိုင်းအတွက် လောင်းစတက်နဲ့ အမ်မရီကန်ကို ခေါ်ယူမည်

မန်ယူအသင်းဟာ ကွင်းလယ်ပိုင်းမှာ ပေါ့ဘာနဲ့ အမ်တိုမီနေးတို့ ဒဏ်ရာအသီးသီး ရရှိထားတာကြောင့် ကွင်းလယ်ပိုင်း အားဖြည့်ဖို့အတွက် ဆီယန်လောင်းစတက်နဲ့ အမ်မရီကန်တို့ကို ဇန်နဝါရီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

အမ်တိုမီနေးဟာ နောက်ထပ်နှစ်လကြာအထိ အသင်းနဲ့အတူ ပြန်လာဖို့ မျှော်လင့်လို့မရတဲ့အပြင် ပေါ့ဘာကလည်း ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသရမှာဖြစ်တာကြောင့် လောင်းစတက်နဲ့ အမ်မရီကန်တို့ကို ခေါ်ယူပြီး အားဖြည့်သွားဖို့ နည်းပြဆိုးရှားက စီစဉ်နေတာ ဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ် လောင်းစတက်ဟာ နယူးကာဆယ်အသင်းရဲ့ ကွင်းလယ်ပိုင်းမှာ အဓိကအားထားရသူဖြစ်တာကြောင့် နည်းပြစတိဗ်ဘရုစ်ရဲ့ အသင်းအတွက် မောင်းနှင်အားတစ်ခုအဖြစ် အားကိုးနေရတာဖြစ်ပါတယ်။

လီဗာပူးကစားသမားဟောင်း အမ်မရီကန်ကတော့ အခုနှစ်စီးရီးအေပြိုင်ပွဲမှာ ၂၇၂ မိနစ်သာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး နွေရာသီကာလအတွင်းက နည်းပြဆာရီရောက်လာပြီးနောက်ပိုင်း ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။

# တံကောက်ကြောဒဏ်ရာကြောင့် ဟယ်ရီကိန်း သီတင်းပတ်များစွာ အနားယူရမည်

စပါးနဲ့ အင်္ဂလန်အသင်းတို့ရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ တံကောက်ကြောဒဏ်ရာ ရရှိခဲ့တာကြောင့် သတင်းပတ်များစွာ အနားယူရမယ်လို့ သိရပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ စပါးအသင်းက ဆောက်သမ်တန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး ဟယ်ရီကိန်းဒဏ်ရာရရှိခဲ့ခြင်းဟာ သတင်းဆိုးတစ်ခုဖြစ်တယ်လို့လည်း စပါးအသင်းနည်းပြမော်ရင်ဟိုက ဆိုပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ ဒဏ်ရာပြဿနာကြောင့် သတင်းပတ်များစွာ အနားယူရမှာဖြစ်လို့ ဘယ်အချိန်မှာ စပါးအသင်းနဲ့အတူ ပြန်လည်ပါဝင်လာမယ်ဆိုတာ မသိရသေးဘူးလို့လည်း နည်းပြမော်ရင်ဟိုက ဆိုပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ အခုဘောလုံးရာသီမှာ ကလပ်အသင်းအတွက်ရော နိုင်ငံလက်ရွေးစင်အသင်းအတွက်ပါ ၃၁ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၂၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ကစားသမားဘဝတစ်လျှောက် ၂၀၀၉ ခုနှစ်ကစပြီး စပါးအသင်းမှာပဲ ကစားခဲ့သူဖြစ်ပြီး မီဝေါလ်အသင်း၊ နော့ဝှစ်ချ်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့မှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့ဖူးတာ ဖြစ်ပါတယ်။ လက်ရှိစပါးအသင်းနဲ့အတူ ဟယ်ရီကိန်းဟာ စုစုပေါင်း ၁၉၈ ပွဲ ပါဝင်ကစားထားပြီး ၁၃၆ ဂိုး သွင်းယူထားတာ ဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**



# အင်တာမီလန်၊ မန်ယူ၊ ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်က အဲရစ်ဆင်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ လိုချင်ဟုဆို

စပါးအသင်းကွင်းလယ်ကစားသမား အဲရစ်ဆင်ရဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် အင်တာမီလန်အသင်း၊ မန်ယူအသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ဟာ အဲရစ်ဆင်ကို အခုဇန်နဝါရီဈေးကွက်အတွင်းမှာ ခေါ်ယူမှာမဟုတ်ဘဲ နွေရာသီဈေးကွက်ရောက်မှသာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူမှာဖြစ်တယ်လို့ ဆိုပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဲရစ်ဆင်ဟာ စိန်ခေါ်မှုတစ်ခုအတွက် စပါးအသင်းကနေထွက်ခွာဖို့ စီစဉ်နေတာဖြစ်ပြီး စပါးအသင်းက ထွက်ခွာခွင့်ပြုမယ်ဆိုပါက ပရီမီယာလိဂ်အသင်းတွေဆီ ပြောင်းရွှေ့မှာမဟုတ်ဘဲ ကလပ်အသင်းတွေဆီ ပြောင်းရွှေ့မယ်လို့ ဆိုပါတယ်။

အဲရစ်ဆင်ဟာ နည်းပြမော်ရင်ဟို စပါးအသင်းကို ရောက်ရှိလာပြီးနောက် စပါးအသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲမှာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲရစ်ဆင်ဟာ အေဂျက်အသင်းနဲ့အတူ ၂၀၁၀ ကနေ ၂၀၁၃ အထိ ၁၁၃ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၅ ဂိုးသွင်းယူပေးကာ စပါးအသင်းကို ပြောင်းရွှေ့လာတာဖြစ်ပါတယ်။ စပါးအသင်းမှာတော့ လက်ရှိအချိန်အထိ ၂၂၂ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၅၁ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။

# မက်ဒီဆင်အား ခေါ်ယူရရှိရေး လင်ဂတ်အပါအဝင် ပေါင် ၄၅ သန်းဖြင့် မန်ယူကမ်းလှမ်းမည်

မန်ယူအသင်းဟာ ဇန်နဝါရီဈေးကွက်အတွင်းမှာ ထိပ်တန်းဦးစားပေး ခေါ်ယူမယ့် ကစားသမားတွေထဲက ဂျိမ်းစ်မက်ဒီဆင်ကို အဓိကထားခေါ်ယူဖို့ စီစဉ်နေတာကြောင့် အဆိုပါ ကစားသမားကို ခေါ်ယူရရှိရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းအပြင် လင်ဂတ်ကိုပါ ထည့်ပေါင်းပြီး ကမ်းလှမ်းသွားမယ်လို့ ဆိုပါတယ်။



မန်ယူအသင်းနည်းပြ ဆိုးရှားဟာ အသင်းကို ပြန်လည်တည်ဆောက်မယ့် စီမံကိန်းကို စတင်ဖို့ ရည်ရွယ်ထားပြီး ကွင်းလယ်ကစားသမားကို အဓိကထားခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေတဲ့အပြင် နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် အခုနှစ်ရာသီမှာ ရွေးချယ်ခြင်းမခံခဲ့ရတဲ့ လင်ဂတ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ သတ်မှတ်ကာ မက်ဒီဆင်ကို ခေါ်ယူနိုင်ရေး ဆောင်ရွက်သွားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

လက်ရှိမှာ မန်ယူအသင်းရဲ့ ဈေးနှုန်းသတ်မှတ်ချက်အရ ကွင်းလယ်ကစားသမား မက်ဒီဆင်ရဲ့တန်ဖိုးဟာ ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းအထိ ရှိနေတာဖြစ်ပါတယ်။ မက်ဒီဆင်ဟာ လက်ရှိလက်စတာစီးတီးအသင်းမှာ တစ်ပတ်လုပ်ခလစာ ပေါင် ၅၅၀၀၀ ရရှိနေပြီး အဲဒီလစာရဲ့ သုံးဆအထိပေးပြီး ခေါ်ယူဖို့လည်း မန်ယူအသင်းက စီစဉ်နေတာဖြစ်ပါတယ်။

# အခြေခံပညာကျောင်းမိသားစုဇုန်အလိုက် အားကစားပြိုင်ပွဲများ ကျင်းပ

**ဗန်းမောက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းမိသားစုဇုန်အလိုက် အသက် ၁၁ နှစ်အောက် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ် ( ၁ ) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ ကသာခရိုင် ပညာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်နိုင်ဦး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးမင်းထက်၊ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ ကျောင်းအုပ်ဆရာ ဆရာမများနှင့် အားကစားပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများက အားကစားသမားများကို နှုတ်ဆက်စကားပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်းမိသားစုဇုန် ခြောက်ခုမှ အမျိုးသားအသင်း ခြောက်သင်း၊ ပြေးခုန်ပစ်၊ အမြင့်ခုန်၊ အလျားခုန်အစရှိသည့် အားကစားများကို ဇန်နဝါရီ ၅ ရက်မှ ၈ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**



# စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဆုရ အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲပြုလုပ်

**ဗန်းမောက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့တော်ခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ဗန်းမောက်မြို့နယ် အမျိုးသမီး ဘောလုံးအသင်းအား သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး မြို့တော်ခန်းမ၌ ဂုဏ်ပြုပွဲ ပြုလုပ်ပေးခြင်း၊ ဂုဏ်ပြုအမှာစကား ပြောကြားခြင်းများ ပြုလုပ်ပေးကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသည် ကသာခရိုင်အတွင်းရှိ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ထီးချိုင့်မြို့နယ်များမှ ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲတွင် ဗန်းမောက်မြို့နယ်အသင်းက အင်းတော်မြို့နယ်အသင်းကို နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ယခုလို ဂုဏ်ပြုပွဲပြုလုပ်ပေးခဲ့ကြောင်း ဗန်းမောက်မြို့နယ် စီ/ခန့် ဥက္ကဋ္ဌ ဦးအေးမင်းက ပြောသည်။

**လှအောင်(ကသာ)**

❐





## ခိုကိုးရာမဲ့သက်ကြီးဘိုးဘွားများအား ကူညီစောင့်ရှောက်ရန် SaveThe Aged ဘိုးဘွားရိပ်သာ တိုးချဲ့ဆောင်သစ်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၅**

ခိုကိုးရာမဲ့သက်ကြီးဘိုးဘွားများအား ထောက်ပံ့ကူညီမှုများ ပိုမိုပြုလုပ်နိုင်ရန်အတွက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း(Save The Aged) ၏ ဘိုးဘွားရိပ်သာတိုးချဲ့ဆောင်သစ်ဖွင့်လှစ်ပွဲကို အသင်း၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်နှင့် ဘိုးဘွားရိပ်သာ၏ ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အဆိုပါဘိုးဘွားရိပ်သာတည်ရှိရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၄၆ ရပ်ကွက် သံလွင်(၃)လမ်း၌ ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

"အသင်းအနေနဲ့ ရပ်ကွက်တွေ၊ လမ်းတွေမှာရှိတဲ့ ခိုကိုးရာမဲ့အဘိုးအဘွားတွေကို ရှာသက်ပန်ပြုစုစောင့်ရှောက်ပေးခဲ့တာ ဒီနေ့အထိဆိုရင် ၉၃ ဦးထိ ရှိခဲ့ပါပြီ။ အရင်အဆောင်မှာက ကျန်းမာတဲ့ ဘိုးဘွားတွေရော၊ နာမကျန်းဖြစ်နေတဲ့ ဘိုးဘွားတွေရော အယောက် ၃၀ လောက် တစ်နေရာတည်းမှာပဲ ပြုစုစောင့်ရှောက်ရတာပါ။ အခုလိုတိုးချဲ့ဆောင် ဖွင့်လှစ်နိုင်ခဲ့ပြီဆိုတော့ ဒီအဆောင်သစ်မှာ နာမကျန်းတဲ့ဘိုးဘွားတွေကို ဆေးရုံသဘောမျိုးနဲ့ ခွဲပြီးပြုစုစောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ လက်ရှိဘိုးဘွားရိပ်သာမှာ အဘိုးအဘွား ၃၀ ကိုပြုစုစောင့်ရှောက်ပေးနေပြီး အိမ်တိုင်ရာရောက်စောင့်ရှောက်ပေးနေတာက ၁၀ ဦးရှိပါတယ်။ အခုတိုးချဲ့ဆောင်ပြီးသွားပြီဆိုတော့ ဘိုးဘွားအရေအတွက် ပိုမိုစောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်" ဟု Save The Aged အသင်းဥက္ကဋ္ဌ ဒေါ်ဖြိုးသီရိက ပြောကြားသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း (Save The Aged) အား အပစ်ပယ်ခံဘိုးဘွားများအား မိမိတို့၏ အမိအဖအရင်းအချာပမာ နွေးထွေးစွာ ပြုစုစောင့်ရှောက်ရန်၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးကို အခြေပြု၍ အခြားလူမှုရေးနှင့် ပရဟိတလုပ်ငန်းများ လုပ်ဆောင်သွားရန်၊ လူငယ်လူရွယ်များ ချစ်ခင်ရင်းနှီးစွာ အစုအသင်းစိတ်ဓာတ်ဖြင့် လူမှုဖွံ့ဖြိုးမှုနိမ့်ကျသော ပတ်ဝန်းကျင်အား ထိရောက်စွာ အကျိုးပြုရန်ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အသက် ၆၅ နှစ်နှင့်အထက် သားသမီးအရင်းအချာမရှိသူ ခိုကိုးရာမဲ့ဘိုးဘွားများအား ကိုယ်စားမိဘအဖြစ် သတ်မှတ်ကာ အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်မှု ပေးခဲ့ကြောင်း၊ ထို့နောက် အသင်းငါးနှစ်ပြည့်ချိန် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အလှူရှင်များ၏ လှူဒါန်းငွေများ၊ ပြည်တွင်း ပြည်ပ အသင်းသားများ၏ လစဉ်ကြေးများဖြင့် ဘိုးဘွားရိပ်သာလေးအား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် တိုးချဲ့ဆောင်သစ်အား ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထက်**

## လူငယ်များအား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအကြောင်း သင်ကြားပေးမည်

**ရန်ကုန် ဇန်နဝါရီ ၅**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals)အကြောင်းကို လူငယ်များအနေဖြင့် ပိုမိုသိရှိနားလည်ပြီး ကောင်းမွန်သည့် မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ သင်ကြားပေးမည့် ကမ္ဘာ့အကြီးဆုံးသင်ခန်းစာ The World's Largest Lesson (WLL)စီမံကိန်းကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ပြုလုပ်မည်ဖြစ်ကြောင်း AIESEC မြန်မာလူငယ်အဖွဲ့အစည်းမှ သိရသည်။

"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ၁၇ ချက်ထဲက ၁၂ ချက်မြောက်ဖြစ်တဲ့ Responsible Consumption and Production အကြောင်းကို ဦးတည်ပြီး စားကြွင်းစားကျန်များလျှော့ချခြင်း(Food Waste)၊ Recycle ပြန်လုပ်လို့ရတဲ့ ဘူးများကိုလည်း တစ်ခါသုံးပြီး မလွှင့်ပစ်ရန် ( Recycling Nature)တွေကို ကျောင်းသား ကျောင်းသူလူငယ်တွေ သဘောပေါက်လိုက်နာအောင်၊ ဘယ်လိုနည်းတွေနဲ့ ကာကွယ်နိုင်တယ်ဆိုတာသိရှိအောင် ရှင်းပြသင်ကြားပေးသွားမှာ ဖြစ်ပါတယ်"ဟု AIESEC မြန်မာလူငယ်အဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူ ကိုအောင်ပိုင်ဖြိုးက ရှင်းပြသည်။

အဆိုပါစီမံကိန်းကို AIESEC လူငယ်အဖွဲ့အစည်းနှင့် UNICEF တို့က ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဇန်နဝါရီ ၈ ရက်တွင် ရန်ကုန်မြို့အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းသုံးကျောင်းနှင့် International School ကျောင်းတစ်ကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ တစ်ထောင်ကျော်အား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအကြောင်းကို အလုပ်ရုံဆွေးနွေးပွဲများနှင့်အတူ ရှင်းပြသင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

AIESEC လူငယ်အဖွဲ့အစည်းကို ဥရောပ၌ ၁၉၄၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၁၈ နိုင်ငံရှိရာ ၂၀၁၄ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအကြောင်းကို ကျောင်းသား ကျောင်းသူ လူငယ်များ ပိုမိုသိရှိလာစေရန် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုအောင်ပိုင်ဖြိုးက ပြောကြားသည်။

The World's Largest Lesson (WLL) စီမံကိန်းနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) ၌ ပြုလုပ်ခဲ့သည်။ **အေးမင်းသူ**

## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ သုံးနိုင်ငံလက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

သုံးနိုင်ငံလက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရိုးရာလက်ဝှေ့အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အဓိကတွဲဆိုင်းများဖြစ်သည့် သွေးသစ်ဝင်းလှိုင်(မြန်မာ)နှင့် ကျင်လွပ်(ထိုင်း)၊ သွေးသစ်မောင်(မြန်မာ)နှင့် ဆူဝစ်(ထိုင်း)၊ လွမ်းချိုင်း(မြန်မာ)နှင့် ခုမ်ကစ်(ထိုင်း)၊ အောက်ချင်းလေး(မြန်မာ) နှင့် ဘန်စီဟာခို့(လာအို)၊ စောဗဟိန်း(မြန်မာ)နှင့်ဝမ်ချလ(ထိုင်း)၊ မိုးမောင်(မြန်မာ) နှင့် မစ်စီဟာခို့(လာအို)၊ သိန်းစိုး(မြန်မာ)နှင့် ဘွန်လိုင်(ထိုင်း) တို့က ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်စိန်ခေါ်ပွဲတွင် ရဲကျော်ဦး( RAY)နှင့် ကောင်းဆက်နိုင်(ဖိုးရာဇာ)၊ သန်းဖြိုးဇော်(ထွန်းသွင်)နှင့် ကနောင်သွေး(အဖြူရောင်သွေးသစ်)၊ အာကာဖြိုး(ထွန်းသွင်) နှင့် ဇင်မိုးဟိန်း( RAY )တို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ဦး**

## စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေး ပညာပေးအစီအစဉ် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တို မြို့နယ်တွင် စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးပညာပေး အစီအစဉ်ကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း (ခနောင်တို)၌ ကျင်းပသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက စာသင်ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေး ပညာပေးအစီအစဉ်များ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကာ ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သိန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ပညာရေးမှူးရုံး မြို့နယ်ပညာရေးမှူး ဒေါ်ခင်နှင်းဦးတို့က မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူးက အခြေခံပညာအထက်တန်းကျောင်း (ခနောင်တို)နှင့် မြို့နယ်ပညာရေးမှူးရုံးအတွက် မီးသတ်ဆေးဘူးများကိုတာဝန်ရှိသူများထံပေးအပ်ကာ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ရှင်းလင်းပြသခြင်းနှင့် အိမ်တိုင်းမီးသတ်ဆေးဘူး ဆောင်ထားနိုင်ရေးအတွက် ရေခဲလူသားပညာပေးဇာတ်လမ်းတိုအား ပြသခဲ့သည်။ **သက်ခိုင်**

## ဖျာပုံမြို့၌ ကျင်းပသည့် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ပြိုင်ပွဲဝင် ၁၁၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

**ဖျာပုံ ဇန်နဝါရီ ၅**

(၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် Pyapon Cycling Group မှ ကြီးမှူးကျင်းပသည့် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ကျင်းပရာ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင် ၁၁၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



### ခရီးရှည်မိုင် ၃၀ စီးနင်း

ပြိုင်ပွဲကို အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ၊ အသက် ၃၅ နှစ်အထက်နှင့် အလွတ်တန်း(pro) ဟူ၍ အတန်းသုံးတန်း ခွဲခြားကျင်းပပေးခဲ့ပြီး ပြိုင်ပွဲဝင်များသည် ဖျာပုံ-ဘိုကလေး ကားလမ်းမှ ဘန်ဘွေးစုကျွန်းပတ်တာ (လမ်းကြမ်း) တစ်ပတ် ထိုမှတစ်ဆင့် ကိုးအိမ်တန်းကျေးရွာ၊ မမိုးကျေးရွာ၊ ဖျာပုံ တမံကျေးရွာ၊ ကျုံကူတူးမြောင်းကျေးရွာ တို့သို့ဖြတ်သန်း၍ ဖျာပုံမြို့အထိ ခရီးရှည်မိုင်ပေါင်း ၃၀ ကို စီးနင်းယှဉ်ပြိုင်ခဲ့ကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖျာပုံမြို့ပထမလမ်း စည်ပင်သာယာရုံးရှေ့၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလင်း၊ Pyapon Cycling Group ဥက္ကဋ္ဌ ကိုအောင်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ၁၅၀၀၀၀၊ တတိယဆု ငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ပြီး အသက် ၃၅ အထက် ပြိုင်ပွဲ၌ ပထမဆုရရှိသူကို Midea ကုမ္ပဏီမှ အဝတ်လျှော်စက်တစ်လုံး၊ အတန်းတိုင်း၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဖျာပုံမြို့ရှိ ကိုဝီချိုင်း(ဂျိုးကြာလျှပ်စစ်) မိသားစုမှ EVD စက်တစ်လုံးစီ ထပ်ဆောင်းချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**သူဇာနွယ်**
**(ဖျာပုံ)**

# ဟန်လင်းဒေသထွက်ရှိသည့်ဆား ထူးခြားပြီး ဆေးဖက်ဝင်

ဗိသနိုး၊ သရေခေတ္တရာတို့နှင့် ခေတ်ပြိုင် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင်တည်ရှိပြီး ကျောက်ခေတ်သစ်၊ ကြေးခေတ်၊ သံခေတ်ဦးနှင့်ဆိုင်သော ယဉ်ကျေးမှုအထောက်အထားများ ကြွယ်ဝစွာတည်ရှိနေသည့်အတွက် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင်ကျင်းပခဲ့သည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသအဖြစ် သတ်မှတ်ပေးခဲ့ကာ ယူနက်စကို အသိအမှတ်ပြု ပျူယဉ်ကျေးမှုမြို့ ဟောင်းအဖြစ် ကမ္ဘာ့အလယ်ဝယ် ဝင့်ထည်စွာ ရပ်တည်လျက်ရှိပေသည်။

ဟန်လင်းမြို့ဟောင်းဒေသ ဟန်လင်းကျေးရွာသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကတွင်ကျယ်စွာ ဆောင်ရွက်လျက်ရှိသလို မိရိုးဖလာလက်မှုလုပ်ငန်းများအဖြစ် ဆားချက်လုပ်ငန်း၊ရက်ကန်းလုပ်ငန်း၊စပါးပုတ်ရက်လုပ်ခြင်းလုပ်ငန်း၊ လှည်းဘီးလုပ်ငန်း၊ မဏ္ဍပ်အလှဆင်လုပ်ငန်း၊ ထန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိရာတွင် လွန်ခဲ့သောနှစ်ပေါင်းထောင်ချီကတည်းက ထင်ရှားကျော်ကြားခဲ့သည့် ဟန်လင်းဆားလုပ်ငန်းမှာ ပျူယဉ်ကျေးမှုနှင့်အတူ ထွန်းကားခဲ့သည့်မိရိုးဖလာလုပ်ငန်းဖြစ်ပြီး ဟန်လင်းဒေသ၏သင်္ကေတတစ်ခုလည်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပင်လယ်ရေမှချက်လုပ်သည့်ဆားကို တွင်ကျယ်စွာအသုံးပြုနေကြသော်လည်း ဟန်လင်းဒေသထွက်ဆားမှာမူ ဆားမြေကိုရေဖျော်ကာချက်လုပ်သည့် ထူးခြားပြီး ဆေးဖက်ဝင်ဆားတစ်မျိုးလည်းဖြစ်ပေသည်။

"ဆားချက်လုပ်ငန်းက မိရိုးဖလာလုပ်ငန်းအဖြစ် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့ကြတာပါ၊ အခုနောက်ပိုင်း သဖန်းဆိပ်ဆည်ရေရတော့ တောင်သူတွေအတွက် အကျိုးအမြတ်ပိုရှိတဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ပိုပြီးအားစိုက်လုပ်ကိုင်လာကြတာရယ်၊ လူနေထူထပ်မှုပိုမိုများပြားလာပြီး ရွာရဲ့ဧရိယာမှာ နေအိမ်ဆောက်လုပ်မှုတွေတိုးချဲ့လာကြတာတွေကြောင့် ဆားကွင်းတွေလျော့နည်းလာသလို ဆားချက်လုပ်ငန်းလုပ်ကိုင်သူတွေလည်း လက်ချိုးရေတွက်လို့ရတဲ့အထိ လျော့နည်းလာပါပြီ" ဟု ဆားတောင်သူတစ်ဦးဖြစ်သည့် အဘသောင်းတင်က ရှင်းပြသည်။

"ဟန်လင်းဆားကတော့ သမားရိုးကျပင်လယ်ရေကချက်ယူတဲ့ဆားမဟုတ်ပါဘူး၊ အခုမြင်နေရတဲ့ ဆားကွင်းထဲက မြေတွေကို သေချာကြေညက်အောင် ထွန်တယ်၊ ခြစ်တယ်၊ နေပြတယ်၊ ဆားချက်လို့ရတဲ့မြေဖြစ်တဲ့အထိစိတ်ရှည်ရှည်နဲ့ ဆောင်ရွက်ရတာပေါ့၊ ပြီးမှ အခုလို ဆားရေဖိုတွေထဲကို ဆားမြေမှုန့်တွေကိုထည့်ပြီး ရေလောင်းပေးရပါတယ်။ ရေနဲ့ ဆားမြေပေါင်းစပ်သွားပြီး မြေကြီးထဲမှာစိမ့်ဝင်နေတဲ့ ဆားအငန်ဓာတ်တွေ ရေမှာပျော်ဝင်ပြီး အောက်ကခံထားတဲ့မြေအိုးထဲကိုတစ်စက်ချင်း ကျဆင်းလာပါတယ်။ ဒီဆားရည်တွေကိုမှ ချက်ဖိုပေါ်တင်ပြီး ထင်းမီးနဲ့ ချက်ယူရတာပါ" ဟု ဆားတောင်သူတစ်ဦးဖြစ်သည့် ကြီးတော်ပုက ဆားချက်ပုံအဆင့်ဆင့်အား ရှင်းပြသည်။

ဟန်လင်းဆားသည် မိရိုးဖလာနည်းအတိုင်း ချက်လုပ်ထားပြီး အရောင်လှအောင် `ချွတ်ဆေး သုံးစွဲမှုမရှိသည့်အတွက် အရောင်အဆင်းလှပမှုလျော့နည်းခြင်း၊ အခါးဓာတ်အနည်းငယ်ပါဝင်ခြင်းတို့ကြောင့် အရောင်အဆင်းနှင့် ထုပ်ပိုးမှုသေသပ်လှပသည့် ပင်လယ်ဆားများလောက် လူကြိုက်များမှုမရှိဘဲ လက်ရှိဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ကျပ် ၇၀၀ အထိသာ ဈေးရရှိသော်လည်း အခါးဓာတ်ပါဝင်သည့် ဆေးဖက်ဝင်ဆားတစ်မျိုးဖြစ်သည့်အတွက် ယခုနှစ် ဆားရာသီတွင် တောင်ကိုရီးယားနိုင်ငံမှ ဆေးဖော်စပ်ရန် စတင်စမ်းသပ်ဝယ်ယူနေပြီဖြစ်၍ မကြာမီကာလများတွင် ဟန်လင်းဆား တစ်ခေတ်ဆန်းသစ်လာနိုင်ပါကြောင်း ဟန်လင်းဆားတောင်သူများ၏ ပြောကြားချက်အားမှဒိတာပွားကာ ရေးသားမှတ်တမ်းတင်လိုက်ရပါသည်။

**မောင်ယဉ်ကျေး**

# အသံမစဲ မဟာပဋ္ဌာန်းကျမ်းပူဇော်ပွဲ ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်တွင် ဂိုဏ်းပေါင်းစုံ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကြီး၏ ရွှေရတုအကြို (၄၉)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံနေ့ညအသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ၁၃၈၁ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၃ ရက်အထိ၊ ဇန်နဝါရီ ၈ ရက် ဗုဒ္ဓဟူးနေ့မှ ၁၂ ရက် တနင်္ဂနွေနေ့၊ ငါးညတိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။

ဂိုဏ်းပေါင်းစုံ နေ့ ည အသံမစဲမဟာပဋ္ဌာန်းကျမ်း ငါးညတိုင် ရွတ်ဖတ် ပူဇော်မည့် သံဃာတော်များနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မည့် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အရုဏ်အချိုပွဲ၊ နေ့ဆွမ်း အချိုပွဲ၊ နဝကမ္မဝတ္ထု အလှူငွေနှင့် ထာဝရပဒေသာပင် တစ်ပင်လျှင် ငွေကျပ် ၁၀၀၀၀ တို့ဖြင့် မိမိတို့သဒ္ဓါအလျောက် လှူဒါန်းလိုပါက အကျိုးဆောင်အဖွဲ့ လယ်တီဝိပဿနာကျောင်း ဖုန်း ၀၁-၃၅၆၀၇၁၀၊ ၀၉-၄၄၈၀၀၈၈၉၂ တို့သို့ ဆက်သွယ်ကုသိုလ်ယူနိုင်ကြောင်း နှိုးဆော်ထားသည်။

**တင်ကြည်(သဃ်ာန်းကျွန်း)**

# ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်

**မုံရွာ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကျောက္ကာရွာ၊ သမိုင်းဝင်ရွှေဂူဖြူစေတီတော်မြတ်ကြီး ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဇန်နဝါရီ ၂ ရက် မင်္ဂလာအချိန် နံနက် ၉ နာရီက ကျင်းပသည်။

အလှူရှင်များဖြစ်ကြသည့် မုံရွာမြို့ အေးသာယာရပ်ကွက် အမှတ်(၂)လမ်းနေ မြန်မာဆေးတိုက်ပိုင်ရှင် ဘုရားဒါယကာ ဦးညို၊ ဘုရားဒါယိကာမ ဒေါ်ခင်ခင်၊ သမီးဘုရားဒါယိကာမ ဒေါ်စန်းမြင့်ဦး၊ ဘုရားဒါယိကာမ ဒေါ်အေးအေးကြီး မိသားစုနှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ သူထူးစံနှင့် ဇနီးမောင်နှံတို့က အများပြည်သူတို့နှင့်အတူ ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို နတ်မြင်းပျံဖြင့် ပင့်ဆောင်ပူဇော်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် မိုးစပါးများ မပျက်စီးစေရန် သတိပေး

**ဝက်လက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် မိုးစပါးများမပျက်စီးစေရန် ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဇန်နဝါရီ ၃ ရက်က သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ခုနှစ် မိုးရာသီ၌ ရွှေဘိုပေါ်ဆန်းစပါးမျိုးများကို အဓိကထားစိုက်ပျိုးထားရှိရာ ယခုအချိန်တွင် အချို့စပါးခင်းများသည် ရိတ်သိမ်းပြီး အချို့စပါးခင်းများသည် ရိတ်သိမ်းလုဆဲဆဲဖြစ်ကြောင်း သိရသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် တောင်သူကြီးများအနေဖြင့် ရိတ်သိမ်းရမည့်စပါးခင်းများကို အမြန်ဆုံးရိတ်သိမ်းကြရန်၊ ရိတ်သိမ်းပြီးစပါးများကို လေလွင့်ပျက်စီးမှုမရှိစေရန် အမိုးအကာအောက် အမြန်ရောက်နိုင်ရေးဆောင်ရွက်ကြရန်၊ အကူအညီများလိုအပ်လာပါက ကျေးရွာအုပ်စုမှ စိုက်ပျိုးပညာပေးဝန်ထမ်းများနှင့်သော်လည်းကောင်း၊ ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးကျော်က ပြောကြားသည်။

**မိုးသောက်(ရွှေဘို)**



# ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူမှု စစ်ဆေး

**တမူး ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့သစ်မြို့ ကျွန်းပင်သာကျေးရွာတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုအခြေအနေအား ဇန်နဝါရီ ၃ ရက်က တမူးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ တမူးမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့် တမူးခရိုင်ဦးစီးအရာရှိ ဦးသောင်းမိုးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**အေးသန်း (စိန်တုံးကြီး)**

## သတင်းစုံကဏ္ဍ

# မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**သီပေါ**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ဩဝါဒကို ခံယူလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာသီရိ၏ကြီးကြပ်မှုဖြင့် (၄၆) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်ထိ သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဝေဒနာရှင်များ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျက်စိအထူးကုဆရာဝန် (ငြိမ်း) ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်ပမှ အထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား နံနက် ၈ နာရီမှ ည ၁၁ နာရီထိ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# နာမှုကူညီရေးအသင်း အစည်းအဝေး ကျင်းပ

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၃)နယ်မြေရှိ တုနှိုင်းမေတ္တာနာမှုကူညီရေးအသင်း၏ ငါးနှစ်ပြည့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီက အသင်းရုံးတည်ရာ ပန်းခင်း(၃)နယ်မြေ မင်းဝံတောင်တောရတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သထုံတွင် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**သထုံ**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်မည့် အင်းဝိုင်းကြီးကျေးရွာနှင့် ယခင်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာသုံးရွာအား ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို သထုံခရိုင်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင်ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး သထုံမြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မာမာဆွေက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ စီမံခန့်ခွဲမှု၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်း၊ ငွေစာရင်းပုံစံများ မှန်ကန်မှုရှိစွာ ဖြည့်သွင်းခြင်း၊ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ လက်တွေ့ကွင်းဆင်းလေ့လာခြင်း စသည်များကို သင်ကြားပို့ချခဲ့သည်။

**ကြေးမုံ**

# မြင်းစီးအားကစားပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**မိတ္ထီလာ ဇန်နဝါရီ ၅**

မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မိတ္ထီလာမြို့နယ် မကျီးချောက်ကျေးရွာတွင် ဇန်နဝါရီ ၄ ရက်မွန်းလွဲ ၂ နာရီက ကျင်းပသည်။ မြန်မာခြေ(အသားကျ)၊ မြင်းဒုံး (အကြီးတန်း)၊ မြင်းဒုံး (အငယ်တန်း) ပြိုင်ပွဲများတွင် ဗိုလ်လုပွဲနှင့် တတိယလုပွဲများကို ဆက်လက်ကျင်းပသည်။

မြင်းစီးအားကစားပြိုင်ပွဲ တွင် ဆုရရှိသည့် ပြိုင်ပွဲဝင် မြင်းစီးအားကစားသမားများအား မြန်မာနိုင်ငံ မြင်းစီးအားကစားကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ မိတ္ထီလာခရိုင်မြင်းစီးအားကစားအသင်းဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုများပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲဝင် မြင်းစီးအားကစားသမားများက အမြင့်တန်းခုန်ကျော်ခြင်း၊ မြင်းအလှပြစီးနင်းခြင်းများဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တက္ကသိုလ်များ လွတ်လပ်စွာစီမံခန့်ခွဲနိုင်ရေး အပိုင်း(၂)

# University Autonomy (Part-2)

## ဒေါက်တာမျိုးကြွယ် (NEPC)

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းစေရန် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေး (Human Resource Development) အတွက် ဘွဲ့ရကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသော တက္ကသိုလ်များသည် နိုင်ငံတကာတက္ကသိုလ်များနည်းတူ လွတ်လပ်စွာစီမံခန့်ခွဲနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးတကြီးလိုအပ်လျက်ရှိသော ပညာရပ်များ ထပ်မံဖြည့်စွက်သင်ကြားရေး၊ ဘွဲ့ကြို၊ ဘွဲ့လွန် သုတေသနများ အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်စေရေး စသည်ဖြင့် လုပ်ငန်းတာဝန်များပြားလှပါသည်။

တက္ကသိုလ်၏ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေး (Autonomy) နည်းတူ မိမိတက္ကသိုလ်ကို တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) ရရှိအောင်ပြုလုပ်ရန်လည်း လိုပါမည်။ တစ်နည်းအားဖြင့် (Check and Balance) တစ်ဖက်က လွတ်လပ်စွာလုပ်နိုင်သလို တစ်ဖက်ကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရပါမည်။ တက္ကသိုလ်အကြီးအကဲ၊ ပါမောက္ခချုပ် (Ractor၊ Vice–Chancellor၊ President) များအတွက် သူ၏အပေါ်မှတက္ကသိုလ်ကောင်စီ (University Council)၊ တက္ကသိုလ်ဆီးနိတ် (Senate) များက တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမှုမဖြစ်စေရန် ထိန်းကျောင်း၊ လမ်းညွှန်ပေးသော အဖွဲ့အစည်းများ ရှိရပါမည်။

ထိုအဖွဲ့များသည် တက္ကသိုလ်၏ စီမံခန့်ခွဲရေး၊ ပညာရေးတို့ကို တိုက်ရိုက်ကွပ်ကဲရန်မဟုတ်ဘဲ ပါမောက္ခချုပ် ဦးဆောင်ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ (Administrative Body)၊ ပညာရေးအဖွဲ့ (Academic Body) များ၏ လစဉ်လုပ်ဆောင်မှုကို မှန်ကန်မှုရှိ၊ မရှိ နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် စစ်ဆေးကြီးကြပ်ပြီး လမ်းညွှန်ပေးရပါမည်။ ပါမောက္ခချုပ်သည် ဤအဖွဲ့တွင် အတွင်းရေးမှူး သို့မဟုတ် အဖွဲ့ဝင်ဖြစ်သင့်ပြီး ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ကုမ္ပဏီပိုင်ရှင်များ၊ အများရှိသေလေးစားရသော လူကြီးလူကောင်းများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၊ တက္ကသိုလ်အနီးရှိ မြို့မိမြို့ဖများ ဖြစ်သင့်ပါသည်။ အဖွဲ့သည် တစ်ခါတစ်ရံ မဲခွဲဆုံးဖြတ်ရန်လိုသဖြင့် မဂဏန်း( ဥပမာ–၇ ဦး၊ ၉ ဦး၊ ၁၅ ဦး) စသည်ဖြင့် ဖွဲ့စည်းရပါမည်။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့သည် အဖွဲ့ဥက္ကဋ္ဌကို အများသဘောတူမဲဖြင့် ရွေးချယ်တင်မြှောက်ရပါမည်။ ကြီးကြပ်ရေးအဖွဲ့၏သက်တမ်းသည်လည်း နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် စသည်ဖြင့် တက္ကသိုလ် ပဋိညာဉ်စာတမ်း (University Charter) ထဲတွင် ပါဝင်သည့်အတိုင်း ဖြစ်ရပါမည်။

ပါမောက္ခချုပ်၊ မဟာဌာနမှူး (Dean)၊ ပါမောက္ခ (ဌာနမှူး) (Head) များသည်လည်း အလှည့်ကျ ရွေးချယ်တင်မြှောက်သည့်စနစ်အတိုင်း ဖြစ်ရပါမည်။ သို့မှသာလျှင် အာဏာရှင်ဆန်သော အုပ်ချုပ်ရေးစနစ် တက္ကသိုလ်များတွင် အမြစ်မတွယ်နိုင်ပါ။ ဂျာမနီနိုင်ငံတွင် ကျွန်တော် ပါရဂူဘွဲ့ယူစဉ်က ကျွန်တော်၏သုတေသနကြီးကြပ်ဆရာ (Supervisor) ပါမောက္ခသည် မည်သည့်အခါမျှ ဌာနမှူး၊ မဟာဌာနမှူး မလုပ်လိုပါ။ သူ၏ သုတေသန၊ သင်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ အရှိန်ပြတ်နိုင်သည်ဟု ပြောပါသည်။

ဥပမာအနေဖြင့် ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ် (The University of Manchester)ရှိ တက္ကသိုလ်ကြီးကြပ်ရေးအဖွဲ့ (Board of Governors)တွင် အဖွဲ့ဝင် ၂၃ ဦး ပါရှိပါသည်။ တက္ကသိုလ်မှ ဝန်ထမ်းတစ်ဦးမျှ မပါရှိပါ။ အဖွဲ့အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးငါးကြိမ် တွေ့ဆုံပြီး တက္ကသိုလ်စီမံရေးရာ၊ ငွေကြေးဆိုင်ရာ၊ ဆရာ ဆရာမ အပါအဝင် အလုပ်အကိုင်အသစ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး စသည့်ကိစ္စမှန်သမျှကို ပါမောက္ခချုပ်က တင်ပြပေးသည့်အတိုင်း အများသဘောတူ ဆုံးဖြတ်ကြပါသည်။ ဥက္ကဋ္ဌ (Chair) မှာ အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။

တက္ကသိုလ်၏ ၂၀၁၈–၂၀၁၉ သုံးစွဲငွေ (Budget) မှာ ပေါင်သန်းပေါင်း ၁၀၉၅ ဒသမ ၄ ရှိပြီး တက္ကသိုလ်ပိုင် ရန်ပုံငွေ ငွေပဒေသာပင် (Endowment) ပေါင် ၂၃၈ ဒသမ ၄ သန်း ရှိပါသည်။ သင်ကြားရေးဆရာ ဆရာမ ဝန်ထမ်း ၃၈၄၉ ဦးက ဘွဲ့ကြိုကျောင်းသား ၂၇၈၉၅ ဦး၊ ဘွဲ့လွန်ကျောင်းသား ၁၂၅၉၀ အား သင်ကြား၊ သုတေသန ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ဗြိတိန်၊ ဥရောပနိုင်ငံကျောင်းသားများ၏ တစ်နှစ်စာကျောင်းလခမှာ (University Fees) ပေါင် ၉၀၀၀ ကျော် ရှိပါသည်။ နိုင်ငံတကာကျောင်းသားများ၏ ကျောင်းလခမှာ ပေါင် ၁၉၀၀၀ မှ ပေါင် ၂၄၀၀၀ ကျော်အထိ ရှိပါသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ် (The University of Queenslands, UQ) တွင် ကြီးကြပ်ရေးအဖွဲ့ကို (Senate) ဟု ခေါ်ပါသည်။ ကြီးကြပ်ရေးအဖွဲ့ဝင်များတွင် အစိုးရဝန်ထမ်းများ (Official Members)၊ ခန့်ထားအဖွဲ့များ (Appointed Members)၊ ရွေးချယ်အဖွဲ့ဝင်များ (Elected Members)နှင့် ထပ်မံဖြည့်စွက်အဖွဲ့ဝင်များ (Additional Members)ဖြင့် ဖွဲ့စည်းထားပါသည်။ စုစုပေါင်း အဖွဲ့ဝင် ၂၂ ဦးတွင် တက္ကသိုလ်မှ အဖွဲ့ဝင်များသုံးဦးမှာ အဓိပတိ (Chancellor)၊ ပါမောက္ခချုပ် (Vice–Chancellor)နှင့် ပညာရေးအဖွဲ့ဥက္ကဋ္ဌ (The president of the academic board) တို့ပါဝင်ပါသည်။ ပြီးလျှင် နောက်ထပ်ရှစ်ဦးကို ရွေးကောက်ခန့်ထားပါသည်။ ထိုရွေးကောက်ခံအဖွဲ့ဝင် ရှစ်ဦးမှာ တက္ကသိုလ်ပညာရေးအဖွဲ့ (Academic Board) မှ တစ်ဦး၊ တက္ကသိုလ်မှ သင်ကြားရေးဝန်ထမ်း (Academic Staff) တစ်ဦး၊ အထွေထွေဝန်ထမ်းတစ်ဦး၊ ဘွဲ့ကြို ကျောင်းသား တစ်ဦး၊ ဘွဲ့လွန်ကျောင်းသား တစ်ဦး၊ ဘွဲ့ရပြီး ကျောင်းသား (Graduate Alumni) သုံးဦးတို့ဖြစ်ပါသည်။ ထို့နောက် ထပ်မံ၍ တက္ကသိုလ်ပြင်ပမှ နောက်ထပ်အဖွဲ့ဝင် သုံးဦးကို ဖြည့်ဆည်းပါသည်။

ကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းမှာ လေးနှစ် ဖြစ်ပါသည်။ ကြီးကြပ်ရေးအဖွဲ့၏ဥက္ကဋ္ဌ (Chair) ကို ရွေးချယ်တင်မြှောက်ရပါသည်။ သူသည် လက်ရှိတာဝန်ထမ်းဆောင်နေသော ပါမောက္ခချုပ်၊ မဟာဌာနမှူး၊ ပါမောက္ခများ မဖြစ်ရပါ။ အဓိပတိ၏သက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။ ဒုတိယအဓိပတိ (Deputy Chancellor) ကိုလည်း အဖွဲ့ဝင်များထဲမှ ရွေးကောက်ထားရပါသည်။

ပါမောက္ခချုပ် (Vice–Chancellor) မှာမူ တက္ကသိုလ်စီမံခန့်ခွဲရေးကိစ္စများကို စီမံဆောင်ရွက်သူ (Chief Executive Officer, CEO) ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်မတိုင်မီ အရှေ့တောင်အာရှ နိုင်ငံများအတွင်း ထင်ရှားကျော်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်နည်းတူ (ထိုအချိန်က ရန်ကုန်တက္ကသိုလ်သည် အစိုးရလက်အောက်ခံအဖွဲ့အစည်း မဟုတ်ပါဟူ၍ ထိုခေတ်ကိုမီခဲ့သော ဆရာကြီး ဆရာမကြီးများက ပြောပါသည်) မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟူ၍ တိုက်တွန်းလိုက်ရပါသည်။ ။



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးအောင်ကိုဝင်း၊ နာယက၊ ကမ္ဘောဇဘဏ်လီမိတက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီး၏ **ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့၊ သရေစည်သူဘွဲ့** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

PowerGen Kyaukse Co.,Ltd

National Infrastructure Holdings Co.,Ltd

Myanmar Chemical and Machinery Co.,Ltd





နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် "အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder ဦးစိုင်းမျိုးဝင်းနှင့် "အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ" ဘွဲ့ကို ဇနီး ဒေါ်နန်းခင်မြင့်ရီ Senior Vice Chairman & Co-Founder တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

EXCELLENT FORTUNE DEVELOPMENT GROUP

(EFD GROUP)

ဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါက်တာဒေါ်အေးမြင့်ကြွယ် (ခ) ဒေါက်တာအမာအေး (ပုသိမ်)

**အသက် (၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် (၁၂၉/၁၃၁)၊ အခန်း(A042)၊ ရွှေပြည်အေးရိပ်မွန်နေ (ဦးချိမင်း-ဒေါ်ငွေကွေ)တို့၏ သမီး၊ (ဦးဂျိမ်းချီးမင်း-ဒေါ်ရှု)၊ (ဒေါက်တာအယ်လ်ဖောင်-ဒေါ်နွေး)၊ (ဒေါ်ရိုစီ)၊ (ဦးမေရှင်-ဒေါ်ထွားကြည်)တို့၏ ညီမ၊ (ဦးအဖိန်-ဒေါ်အမာကြည်)၊ ဒေါက်တာဦးဝင်းကြည်-ဒေါက်တာဒေါ်ခင်ထွေးမြင့်တို့၏အစ်မ၊ [ဦးသိန်းမောင်(ခ) ဦးသိန်းလွင်] ၏ဇနီး၊ မိုးဇော်လွင်၊ (ဒေါက်တာမျိုးသော်လွင်)-ဒေါ်ဝင်းမင်းဖြူ၊ ဦးတေဇာလွင်-ဒေါ်ခင်လေးခိုင်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါက်တာဒေါ်အေးမြင့်ကြွယ်(ခ) ဒေါက်တာအမာအေးသည် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၁၃ နာရီတွင် ဂရင်းဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ မိခင်ကြီး၏ဆန္ဒအရ ၂-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

သီတဂူ

## ဦးတင်ဝင်း (သဲကုန်း)

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ တိုက်အမှတ်(၄၉)၊ ရှစ်လွှာဘယ်နေ [ဦးမောင်ရီ-ဒေါ်သန်း (သဲကုန်း၊ အုပ်ဆွဲ)]တို့၏ သားကြီး၊ ဒေါ်မြင့်မြင့်သိန်း(ခ)ဒေါ်ဖြူဖြူဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ခင်ဇော်မိုး-မခင်သဇင်၊ မောင်ဝဏ္ဏထွန်း-မမြတ်မြတ်သူ၊ မောင်သီဟတင်ဝင်း-မထူးထူးတင်မာလွင် တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင်ဝင်းသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ငြိမ်း) (ခ) ဒေါ်လာဖေ

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅/၃၆)**

**အသက်(၄၉)နှစ်**

ညောင်ရွှေမြို့၊ အင်းလေးခေါင်တိုင်နေ (ဦးတင်ဖေ)-ဒေါ်သန်းညွန့်တို့၏ သား၊ ဟိုပုန်းမြို့၊ အနောက်ရပ်၊ သီရိမင်္ဂလာလမ်းနေ ဦးမြင့်ဦး-ဒေါ်နန်းမြစိန်တို့၏ သားသမက်၊ ဟိုပုန်းမြို့၊ အနောက်ရပ်၊ သီရိမင်္ဂလာလမ်းနေ ဒေါ်ဆွေဇင်လှိုင်၏ ခင်ပွန်း၊ မောင်မင်းခန့်သူ (Grade-10, C.A.E၊ နေပြည်တော်)၊ မောင်လင်းထက်စံ(Grade-6၊ အ-လ-က ၃၊ ဟိုပုန်း)တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း(ငြိမ်း) သည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၀၅ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်မိုး

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ ရပ်ကွက်၊ တိုက်(၁၀)၊ အခန်း(၈)နေ (ဦးမင်းအောင်-ဒေါ်လှလှ) တို့၏ ဆဋ္ဌမမြောက်သား၊ [ဦးအောင်မိုး(စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)]သည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဇင်ဖြူတိုး

**အသက်(၃၀)**

**စိတ်ကျန်းမာရေးဆေးရုံ (ရွာသာကြီး)**

**စိတ်ကျန်းမာရေးပညာမဟာသိပ္ပံနောက်ဆုံးနှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၉)၊ပန်းခြံလမ်း၊(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးစံညွန့်-ဒေါ်ကျင်ရွှေ)၊ ဒေါ်တင်ညွန့်တို့၏မြေး၊ ဦးတိုးအောင် (CE-F.G၊ Marine Engineer)-[ဒေါ်တင်တင်သန်း (ကထိက ရူပဗေဒဌာန ရန်ကုန်တက္ကသိုလ်)] တို့၏သမီးသည် ၄-၁-၂၀၂၀ (စနေနေ့) ည ၇:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်းထွေး(ခ) မေစီမောင်ကြီး

**အသက်(၈၀)**

**စိန့်မေရီဒိုင်အိုစီဇင် ကျောင်းသူဟောင်း တိုက်ကြီး**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက် ရပ်ကွက်၊ (၈၈) လမ်း၊ အမှတ်(၈)နေ (ဦးမောင်မောင်ကြီး-ဒေါ်စောပိုင်) တို့၏ သမီး၊ (ဦးမောင်မောင်-ဒေါ်တွဲ့)တို့၏ သမီးချွေးမ၊ (ဦးညွန့်ရင်-ဒေါ်အမာ)၊ (ဗိုလ်အုန်းခင်)၊ (ဦးလှမောင်-ဒေါ်အုန်း) တို့၏ ညီမ၊ [ဦးကျော်မြင့် (ဟိုတယ်/ခရီး)]၏ ဇနီး၊ ဦးဌေးမြင့်-ဒေါ်လှလှဝင်း (မြန်မာ့မီးရထားငွေစုငွေချေး)၊ (ကိုဌေးမင်း)၊ ဒေါ်ခင်ဆွေမြင့် (တကောင်းဘွား Co.,Ltd)တို့၏ ချစ်လှစွာသော မိခင်၊ မဟန်နီသက်မြတ်နိုး (Grade-10, A-တောင်ညွန့် ၃)၏ ချစ်လှစွာသော ဘွားဘွားကြီး သည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့်**

**အသက် ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒု-အရာခံဗိုလ်အောင်နိုင်(ငြိမ်း)(ခ)ဦးကာဟင်း(မြောင်းမြ)

ရေ/၁၄၄၉၅

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၄၀၄)နေ (ဦးစစ်ရုံ-ဒေါ်ချစ်စိန်)တို့၏ သား၊ (ဦးကင်မီရာ-ဒေါ်ရှောက်ဝါ)တို့၏ သားသမက်၊ ဦးသန့်ဇော်ဦး-ဒေါ်ခိုင်ဇင်ဦး၊ ဦးစိန်လွင်-ဒေါ်သဇင်အေးနိုင်၊ ဦးကျော်ဘုန်းဝင်း-ဒေါ်ရည်မွန်မြင့်တို့၏ ချစ်လှစွာသောဖခင်၊ မဖြူဖြူကျော်သန့်၊ မသန္တာထွန်း၊ မောင်သော်ဇင်၊ မောင်လင်းထက်၊ မမေဘုန်းပြည့်၊ မရွှန်းလဲ့ရတနာတို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်အေးအေးရီ၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်နိုင်သည် ၄-၁-၂၀၂၀ (စနေနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀(သောကြာနေ့)တွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နုနုဝေ(ခ)မလေး (ငပလီ)

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ မြခမ္မာရုံလမ်း၊ အမှတ်(၃၃)နေ ဦးစောမောင်၏ ဇနီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးကျော်လင်း-ဒေါ်တင်တင်နု၊ ဦးသိန်းမြတ်မိုး-ဒေါ်အေးအေးနု၊ တာမွေမြို့နယ်နေ ဦးအောင်နိုင်စော-ဒေါ်ဖြူဇာဝင်း၊ မဉ္ဇူသြာကျော်တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၀ (ကြာသပတေးနေ့)နံနက်တွင် အထက်ပါ ပတ္တမြားမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးညွန့် (၆၂)နှစ်

**(ရွှေဇင်ယော် Group)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဩဋ္ဌြ (၉) လမ်း၊ အမှတ်(၁၀၅၅)နေ (ဦးညွန့်မောင်-ဒေါ်ခင်ပု)တို့၏ သား၊ ဦးမျိုးအောင်-ဒေါ်ဝင်းကြည်၊ ဦးမျိုးသန့်-ဒေါ်အုန်းကြည်၊ ဒေါ်ခင်မျိုးတင့်၊ ဦးမျိုးအေး-ဒေါ်လေးခင်တို့၏ ညီ/မောင်၊ ဒေါ်ခင်မျိုးဝင်း၏ အစ်ကို၊ မယမုံသဉ္ဇာဦး၊ မောင်တေဇာလင်းတို့၏ ဖခင်သည် ၄-၁-၂၀၂၀ (စနေနေ့) ည ၉:၁၅ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှိုင်သန္တာ

**ဌာနမှူး(သင်တန်းရေးရာဌာန)**

**ပြည်နည်းပညာတက္ကသိုလ်**

**အသက်(၄၃)နှစ်**

ပြည်မြို့နေ ဦးမောင်ကြည်-ဒေါ်ကြင်ရီတို့၏သမီး၊ တောင်ငူမြို့နေ ဗိုလ်ကြီးကိုကိုဦး၊ ဒေါ်တင်သန်းဦးတို့၏ညီမ၊ လှိုင်သာယာမြို့နယ်နေ ဦးသောင်းရင်-ဒေါ်တင့်တင့်သော်တို့၏ညီမ၊ မန်းရေနံချက်စက်ရုံနေ (ဦးအေးညွန့်)-ဒေါ်ကြည်တို့၏ သမီးချွေးမ၊ ဒေါ်ကြူကြူသင်း၊ ဦးမျိုးမင်းကျော်၊ ဦးရဲဝင်းဟန်တို့၏အစ်မ၊ ဦးအောင်ဇော်လတ် (ရေနံအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ဇနီး ဒေါ်လှိုင်သန္တာသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်နည်းပညာတက္ကသိုလ်၊ F-ဆောင်မှကားများ ညနေ ၄ နာရီ ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရေနံအင်ဂျင်နီယာဌာန၊ တွဲဖက်ပါမောက္ခ ဦးအောင်ဇော်လတ်၏ဇနီး ဒေါ်လှိုင်သန္တာ (ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ပြည်နည်းပညာတက္ကသိုလ်) အသက် (၄၃)နှစ်သည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**

ပြည်နည်းပညာတက္ကသိုလ်

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးမြင့်

**အသက် (၈၂) နှစ်**

**ရုံးပိုင်ကြီး၊ မြန်မာ့မီးရထား (ငြိမ်း)**

(ဦးဘိုးသာ-ဒေါ်တင်)တို့၏သား၊(ဦးကျော်အုန်း-ဒေါ်ညို)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်း၊ အမှတ်(၂၆/ခ)၊ ပထမထပ်နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးကျော်နိုင် (မော်တော်ယာဉ်လုပ်ငန်း)-ဒေါ်စိုးစိုးဝေ၊ ဦးသက်နိုင်(ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်အေးအေးသိန်း (ငါးလုပ်ငန်းဦးစီးဌာန-ငြိမ်း)၊ ဦးခင်တိုး (မြန်မာ့သစ်လုပ်ငန်း)-ဒေါ်တင်တင်နိုင် (မြန်မာ့မီးရထား-ငြိမ်း)၊ ဦးအောင်ကျော်စိုး(BALL ASIA YANGON)-ဒေါ်မေမြတ်ထန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုထွန်းထွန်းနိုင်-မသန္တာစိုး၊ ကိုစိုးသူရအောင် (ခေတ္တ-စင်ကာပူ)-မဇွန်လဲ့ဝေ၊ မောင်ကောင်းစည်သူ၊ မောင်သော်ဇင်နိုင်၊ မအေးချမ်းမြေ့၊ မောင်ဥက္ကာကျော်၊ မအိမ့်ခင်ခင်စိုး(ခ)ချစ်မဝတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၁-၂၀၂၀ ရက် နံနက် ၅:၃၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်း၊ အမှတ်(၂၆/ခ)၊ ပထမထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မြင့်

**ရဲတပ်ကြပ်ကြီး(ငြိမ်း) မြောက်ပိုင်းခရိုင်ရုံး**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမုဒိတာအိမ်ရာ(၁)၊ တိုက်(A)၊ အခန်း(၄၄၁)နေ (ဒေါ်ရီရီဝင်း)၏ ခင်ပွန်း၊ (ကိုအေးဝင်းမိုး)-မမြင့်မြင့်ချို၊ ကိုဝင်းဗိုလ်ဗိုလ်မောင်-မလတ်လတ်မိုး၊ ကိုညီဝင်းမိုး-မအေးဇာခြည်စိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကောင်းသန့်စံ၊ မောင်မြင့်မြတ်ဟိန်း၊ မမှူးရတီသွန်းတို့၏ အဘိုးသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၀ (စနေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးစန်းငွေ

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း (၄)ရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ အမှတ် (၁၁၅၁)နေ (ဦးမောင်မောင်-ဒေါ်အေးကြိုင်)တို့၏ သား၊ မိုးကုတ်ဓမ္မကထိကဆရာကြီး (ဦးလှဖေ-ဒေါ်ကျင်ငွေ)တို့၏ သားသမက်၊ နိုင်ငံကျော်ဓမ္မကထိက ဆရာကြီး ဦးစောအောင်-ဒေါ်သန်းသန်းလွင်၊ (ဦးကျော်)-ဒေါ်တင်ကြည်တို့၏ တူ၊ (ဦးဟန်ထွန်း-ဒေါ်မြရှိန်)၊ (ဦးဘမြင့်)-ဒေါ်အုန်းနုတို့၏ ညီ၊ ဒေါ်တင်သန်း၏မောင်၊ ဆရာမဒေါ်နုနုရီ[(ကထိက၊ ဓာတုဗေဒဌာန)၊ (DSTA တပ်မတော်နည်းပညာတက္ကသိုလ်)]၏ ဖခင်၊ ဒေါ်သန်းအေး(ဥက္ကလာဘီစကစ်စက်ရုံ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစန်းငွေသည် ၄-၁-၂၀၂၀ ရက် ည ၈:၃၅ နာရီတွင် ဗဟိုရိစ်ညည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသာထွေး

**အသက်(၇၅)နှစ်**

**မြို့နယ်တရားသူကြီးဟောင်း၊ အောင်ဆန်း(၇)**

အောင်ဆန်း(၇)တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးသာထွေးသည် ၃-၁-၂၀၂၀ ရက်နေ့တွင် ကျောက်ဆည်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**

**သင်တန်းဆင်း သူငယ်ချင်းများ**

---

## ဦးချစ်ခိုင်

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၁၇၃)၊ အခန်း (၈)နေ (ဦးဖူး-ဒေါ်ကြင်)တို့၏ သား၊ ဒေါ်ယဉ်ယဉ်မြင့်၏ ခင်ပွန်း၊ ဦးသက်ခိုင်ဦး-ဒေါ်ဇင်မင်းသူ၊ ဒေါ်အိအိခိုင်၊ မမိုးထက်ထက်သူတို့၏ မွေးသဖခင်၊ မောင်ဘုန်းသန့်ခိုင်မြဲ၏ အဘိုးသည် ၄-၁-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်နိုင်

**အသက်(၇၂)နှစ်**

**ကပအမ-၁၄၄၉၅**

**ဒုအရာခံဗိုလ်-၇၁ (ငြိမ်း)**

**တပ်မတော်(ရေ)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက်(၂)၊ အခန်း(၄၀၄)နေ ဒေါ်အေးအေးရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၁-၂၀၂၀ (စနေနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအသင်းများနှင့် အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

အဏ္ဏဝါ (ရန်ကုန်)

နာရေးကူညီမှုအသင်း

**ကြေးမုံ ယနေ့ ဖတ်စရာ**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း
စာမျက်နှာ » ၄

ဒါရိုက်တာ အောဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း
စာမျက်နှာ » ၁၀

ပင်လယ်ကွေ့ဒေသတင်းမာမှုများနှင့် စပ်လျဉ်း၍ တရုတ်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး
စာမျက်နှာ » ၁၂

တင်းမာမှုများမြင့်တက်လာခြင်းကြောင့် အီရန်ရှိ နေရာ ၅၂ ခုကို ပစ်မှတ်ထား၍ တိုက်ခိုက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြော
စာမျက်နှာ » ၁၃

# MFF ချာရတီဖလားပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲ




ချာရတီဖလားကို တတိယအကြိမ် ရယူနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း

**ရန်ကုန် ဇန်နဝါရီ ၅**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၀ ရာသီ MFF ချာရတီဖလားပြိုင်ပွဲကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

၂၀၂၀ ချာရတီဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း၊ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍**




(၇)ကြိမ်မြောက် ခရီးစဉ်အတွင်း နာဂဒေသ၏ရိုးရာပွဲတော်ကို ရောက်ရှိခဲ့ကြစဉ်။

# မြန်မာ့အမွေအနှစ်လမ်းကြောင်း ခရီးသွားယာဉ်တန်း ဇန်နဝါရီ ၇ ရက်တွင် စတင်ထွက်ခွာမည်

**ရန်ကုန် ဇန်နဝါရီ ၅**
မြန်မာနိုင်ငံအတွင်းရှိ ခရီးသွားဒေသအသစ်များအား ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် ကချင်လူမျိုးစုများအားလုံးပါဝင်သည့် မနောပွဲတော်သို့ သွားရောက်လေ့လာနိုင်ရန်ရည်ရွယ်၍ ပြုလုပ်သော (၈)ကြိမ်မြောက်ခရီးစဉ် (Journey To The North)ဖြစ်သည့် မြန်မာ့အမွေအနှစ်လမ်းကြောင်း ခရီးသွားယာဉ်တန်းမှာ ဇန်နဝါရီ ၇ ရက်တွင် ခရီးစဉ်စတင်တော့မည်ဖြစ်၍ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး သုညမိုင်၌ စုရပ်ပြုလုပ်ကာ နံနက် ၇ နာရီတွင် ယာဉ်များ စတင်ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းက ပြောသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂**

# မန္တလေးဈေးကွက်တွင် ပဲစင်းငုံသီးနှံ အဖွင့်ဈေးကောင်း

**မန္တလေး ဇန်နဝါရီ ၅**
၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် နွားထိုးကြီးမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲစင်းငုံသီးနှံများ မန္တလေးဈေးကွက်တွင် ယခင်နှစ်ကာလတူရာသီထက် အဖွင့်ဈေးပိုမိုကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ✳**






Yangon (01) 522 723, 09 42 100 2051, 09 2500 100 10
Yangon (Grand Sirius ; Ahlone) 09-776699955,09-776633377
Yangon (Cherry MYKO ; S/Oakalapa) 09-441444491-93
Yangon (Green Gate ; N/Oakalapa) 09-780807799, 09-443669999
Yangon (Silver Ocean; Thingangyun) 09-400881003-4-5
A/S Center 01 522 724
Yangon ( MMM ; Tarmwe) 09-958581111
Yangon (Myint Myat Maung ; Hlaing) 09-785145313, 09-42220552
Yangon (Myanmar Jade Crown; E/Dagon) 09-967788900,09-444123181
Mandalay 09 2531 51970, 09 4539 55560
Mawlamying 057 24480, 09 970 164 721
Naypyidaw 067 26416, 09 797939 277
Monywa 09 7921 30 200, 09 2131 200
Magway 09 77777 1616, 09 77777 6161
Taunggyi 09 521 2514
www.facebook.com/hyundaimm
All information and illustrations are based on data available at the time of publication and subject to change without notice.

